ကြေးမုံ
The Mirror Daily
Established in 1957
၁၉၅၇ ဖြို့ ၁၆ တွင် စတင်တည်ထောင်သည်။

e - paper ဖတ်ရှုရန်

ရန်တုံ့မမူသဖြင့်သာလျှင် ရန်တို့ ငြိမ်း

ဤလောကၹ် ရန်တို့သည် ရန်တုံ့မူခြင်းအားဖြင့် ဘယ်အခါမှ မငြိမ်းကုန်၊ ရန်တုံ့မမူသဖြင့်သာလျှင် ရန်တို့သည် ငြိမ်းကုန်၏၊ ဤသို့ ရန်တုံ့မမူသဖြင့် ရန်ငြိမ်းခြင်းသည် ရှေးအစဉ်အလာ ဓမ္မတာသဘော ပေတည်း။

ယမကဝဂ်(ဓမ္မပဒ-၅)

၁၃၈၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၉ ရက် ဗုဒ္ဓဟူးနေ့။ Wednesday, 18 November 2026 ၁၂၆၆

ယနေ့ ဖတ်စရာ

ကမ္ဘာ့ဈေးကွက်တွင် ပိုမိုအရေးပါလာသည့် သစ်သီးဝလံပို့ကုန်
ဆောင်းပါး စာမျက်နှာ ၁၆

အစိုးရနည်းပညာကောလိပ်များ၏ သင်တန်းများအားလုံး ဒီဇင်ဘာ ၁ ရက်တွင် စတင်ဖွင့်လှစ်မည်
စာမျက်နှာ ၇

တိုင်းရင်းသားလူမျိုးပေါင်းစုံ ပါဝင်သည့် ၂၀၂၆ ခုနှစ် ကချင်ရိုးရာ ကောက်သစ်စား (အင်လုံအင်နန်ရှား)ပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပ
စာမျက်နှာ ၈

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ရန်ကုန်ပညာရေးတက္ကသိုလ်နှင့် စစ်ကိုင်းပညာရေးတက္ကသိုလ် ပညာရေးဘွဲ့သင်တန်းဆင်း ကျောင်းသား ကျောင်းသူများအား တွေ့ဆုံ ဩဝါဒစကားပြောကြား

နေပြည်တော် နိုဝင်ဘာ ၁၇


ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံမှ ရန်ကုန်ပညာရေးတက္ကသိုလ်နှင့် စစ်ကိုင်းပညာရေးတက္ကသိုလ် ပညာရေးဘွဲ့သင်တန်းဆင်း ကျောင်းသား ကျောင်းသူများ ဩဝါဒခံယူပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ Naypyitaw State Academy ၌ ကျင်းပပြုလုပ်သည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ★



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ရန်ကုန်ပညာရေးတက္ကသိုလ်နှင့် စစ်ကိုင်းပညာရေးတက္ကသိုလ် ပညာရေးဘွဲ့သင်တန်းဆင်း ကျောင်းသား ကျောင်းသူများအား တွေ့ဆုံဩဝါဒစကားပြောကြားစဉ်။

ဆိုင်ကလုန်းမုန်တိုင်း “အက်ဗန်” အရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့် လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်



နေပြည်တော် နိုဝင်ဘာ ၁၇

ဆိုင်ကလုန်းမုန်တိုင်း“အက်ဗန်” အခြေအနေ

ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော ဆိုင်ကလုန်းမုန်တိုင်း “အက်ဗန်” သည် အနောက်မြောက်ဘက်သို့ ဖြည်းညင်းစွာရွေ့လျားခဲ့ပြီး မြန်မာနိုင်ငံ

စာမျက်နှာ ၅ ကော်လံ ၁ သို့ ✦

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် နိုင်ငံတော်၏ မူဝါဒများ၊ ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်တွင် မိန့်ခွန်းပြောကြားမည်

နေပြည်တော် နိုဝင်ဘာ ၁၇

၂၀၂၆ခုနှစ် နိုဝင်ဘာလ ၁၈ ရက်နေ့တွင် ကျင်းပမည့် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေးအစီအစဉ်၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က နိုင်ငံတော်၏ မူဝါဒများ၊ ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်တွင် မိန့်ခွန်းပြောကြားမည်ဖြစ်ရာ ယင်းနေ့နံနက် ၁၀ နာရီမှစတင်ပြီး MRTV HD၊ MRTV News၊ MRTV Parliament၊ MRTV Farmers’၊ MWD HD၊ MWD Variety ရုပ်သံလိုင်းများနှင့် မြန်မာ့အသံရေဒီယို၊ သဇင် FM တို့တွင် တိုက်ရိုက်ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



ပြည်သူများသက်တမ်းစေ့နေနိုင်ရေး မကူးစက်နိုင်သောရောဂါကာကွယ်

မကူးစက်နိုင်သောရောဂါများဆိုသည်မှာ လူတစ်ဦးမှတစ်ဦးသို့ ထိတွေ့မှု၊ လေဝင်လေထွက်မှတစ်ဆင့် သို့မဟုတ် ဗိုင်းရပ်စ်၊ ဗက်တီးရီးယားကဲ့သို့သော ရောဂါပိုးမွှားများမှတစ်ဆင့် ကူးစက်ခြင်းမရှိဘဲ မျိုးရိုးဗီဇ၊ ခန္ဓာကိုယ်ဇီဝကမ္မဖြစ်စဉ်၊ ပတ်ဝန်းကျင်နှင့် လူတို့၏နေထိုင်မှုပုံစံများကြောင့် တဖြည်းဖြည်းဖြစ်ပွားလာသည့် အရှင်းမပျောက်နိုင်သော နာတာရှည်ရောဂါဖြစ်သည်။ နာတာရှည်ရောဂါများမှာ နှလုံးသွေးကြောရောဂါ၊ ကင်ဆာရောဂါ၊ ဆီးချိုသွေးချိုရောဂါ၊ အဆုတ်ရောဂါ၊ ကျောက်ကပ်ရောဂါ စသည့်မကူးစက်နိုင်သောရောဂါများဖြစ်သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့အဆိုအရ မကူးစက်နိုင်သောရောဂါများကြောင့် ကမ္ဘာပေါ်တွင် တစ်နှစ်လျှင် လူပေါင်း ၃၈ သန်းခန့် သေဆုံးနေသည်ဟုဆိုသည်။ ယင်းတို့တွင် လူ ၁၆ သန်းခန့်သည် သက်တမ်းစေ့မနေရဘဲ အဆိုပါရောဂါတစ်မျိုးမျိုးဖြင့် အရွယ်မတိုင်ခင်သေဆုံးနေရသည်။ နောင်ကာလများတွင် အဆိုပါကိန်းဂဏန်းများ ထက် ပိုလာဖွယ်သာရှိသည်။ ရှေးယခင်က သူဌေးရောဂါဟုဆိုကြပြီး ယခုအခါ လူတို့၏ နေထိုင်မှုပုံစံပြောင်းလဲလာသောကြောင့် လူတန်းစားမရွေး အဖြစ်များလာသည်။ မြန်မာနိုင်ငံတွင် မကူးစက်နိုင်သောရောဂါများ ဖြစ်ပွားနိုင်ခြေများကို လေ့လာဆန်းစစ်မှု(၂၀၂၄)အရ အဆိုပါရောဂါများတွင် ဆီးချိုသွေးချိုရောဂါရှိသူ ၇ ဒသမ ၉ ရာခိုင်နှုန်းရှိပြီး ဆီးချိုသွေးချို ကနဦးအဆင့်ဖြစ်ပွားနေသူ ၁၂ ဒသမ ၃ ရာခိုင်နှုန်းရှိကြောင်းနှင့် အရွယ်မတိုင်မီ သေဆုံးမှုဖြစ်စေသည့် အဓိကအကြောင်းရင်းတစ်ရပ်ဖြစ်ကြောင်း တွေ့ရှိထားသည်။

ယခုနှစ် ကမ္ဘာ့ဆီးချိုသွေးချိုရောဂါ ကာကွယ်ထိန်းသိမ်းရေးနေ့တွင် ဆီးချိုသွေးချိုရောဂါကို စောစီးစွာသိရှိစစ်ဆေးပြီး အချိန်မီထိန်းချုပ်ကုသနိုင်ရန် ရည်ရွယ်၍ "ဆီးချိုသွေးချိုရောဂါဘေး စောစောရှာဖွေကုသပေး"ဟူသည့် ဆောင်ပုဒ်ကို ချမှတ်ထားသည်။ အဆိုပါဆောင်ပုဒ်နှင့်အညီ ဆီးချိုသွေးချိုရောဂါကို စောစီးစွာကုသကြရမည်ဖြစ်သည်၊ ဆီးချိုသွေးချိုရောဂါသည် ရောဂါလက္ခဏာများ ထင်ရှားစွာမပြဘဲ တိတ်တဆိတ်ဖြစ်ပွားတတ်သည့် ရောဂါဖြစ်သည့်အတွက် နှလုံး၊ သွေးတိုး ရောဂါကဲ့သို့ပင် တိတ်တဆိတ်လူသတ်သမားဟုပင် ခေါ်နိုင်သည်။ ဆီးချိုသွေးချိုရောဂါကို အချိန်မီစစ်ဆေးကုသခြင်းမပြုပါက ကျောက်ကပ်ပျက်စီးခြင်း၊ နှလုံးရောဂါ၊ လေဖြတ်ရောဂါနှင့် မျက်စိကွယ်ခြင်းတို့အပြင် ပြင်းထန်သည့် နောက်ဆက်တွဲ ကျန်းမာရေးဆိုးကျိုးများနှင့် ရင်ဆိုင်ရနိုင်သည်။

ယခုအခါ ပြည်သူအများစုသည် ရှေးယခင်ကကဲ့သို့ လူနေမှုပုံစံမဟုတ်တော့ပေ။ လူမှုဘဝတိုးတက်ပြောင်းလဲလာသော အခြေအနေအရပဲရပ်တို့ကြောင့် သန့်ရှင်းလတ်ဆတ်သော အစားအစာများကို မိမိတို့နေအိမ်တွင်ပင် ချက်ပြုတ်စားသောက်ခြင်းမပြုလုပ်ကြဘဲ ပြင်ပအစားအစာများ၊ အသင့်စားအစားအစာများကို ဝယ်ယူစားသောက်ကြသည့်အလေ့ ဖြစ်လာသည်။ မသင့်လျော်သောအစားအသောက်များနှင့် ကိုယ်လက်လှုပ်ရှားအားကစားနည်းပြီး အထိုင်များလာသောကြောင့် အဝလွန်လာကြကာ နှလုံးဆိုင်ရာနှင့် သွေးတိုးဆီးချိုရောဂါများ အသက်အရွယ်မရွေးဖြစ်လာကြသည်။ ယခင်က ချမ်းသာသောနိုင်ငံများတွင် အဖြစ်များသော်လည်း ယခုအခါ ဖွံ့ဖြိုးဆဲနိုင်ငံများတွင်ပါ အဖြစ်များလာသည်။ အဆိုပါရောဂါသည် အမြစ်ပြတ်ကုသရန်ခက်ခဲသည်။

သွေးတိုးနှင့် ဆီးချိုကို ကောင်းစွာမထိန်းထားနိုင်သောကြောင့် နောက်ဆက်တွဲရောဂါများဖြစ်လာပြီး အသက်ဆုံးရှုံးနိုင်ခြေများသည်။ ရောဂါ၏ သဘာဝအရ တစ်သက်လုံးကုသမှုခံယူနေရသည်။ ရောဂါကို ဆရာဝန်နှင့် လူနာပေါင်းပြီး ကုသရခြင်းဖြစ်ကာ ဆေးကုသမှုခံယူခြင်းဖြင့်မလုံလောက်ပေ။ ကိုယ်တိုင်ဆောင်ရွက်ရသည့် စားသောက်နေထိုင်မှုပုံစံများအား ပြောင်းလဲဆောင်ရွက်ကြရသည်။ အဆိုပါနည်းလမ်းဖြင့် ရောဂါမဖြစ်ပွားအောင် ကာကွယ်နိုင်သလို ဖြစ်လာသည့်ရောဂါကိုလည်း လျှော့ချပေးနိုင်ပြီး ပို့မဆိုးအောင်လည်း ထိန်းထားပေးနိုင်သည်။ မည်သည့်အချိန်တွင် ရောဂါရောက်လာမှန်းမသိ၊ ရောဂါလက္ခဏာလည်းမပြသည့် မကူးစက်သည့် သွေးတိုး၊ ဆီးချိုရောဂါသည် ခန္ဓာကိုယ်အတွင်း၌ရှိသည့် သွေးကြော၊ မျက်စိ၊ ကျောက်ကပ်၊ အာရုံကြောများကို ထိခိုက်စေနိုင်သည့်အပြင် နှလုံးရပ်ခြင်း၊ လေဖြတ်ခြင်းဖြစ်နိုင်သဖြင့် အထူးသတိပြုကြရမည်ဖြစ်သည်။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ဆီးချိုသွေးချိုရောဂါများအပါအဝင် အခြားမကူးစက်နိုင်သောရောဂါများကြောင့် ဖြစ်ပွားသေဆုံးမှုကို လျှော့ချနိုင်ရေးအတွက် မကူးစက်နိုင်သောရောဂါများ ကာကွယ်နိုင်မဲနှင်းရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာ(၂၀၂၃-၂၀၂၇)ကို ရေးဆွဲအကောင်အထည်ဖော်လျက်ရှိသည်။ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကျန်းမာရေးဌာနများတွင် မကူးစက်နိုင်သည့်ရောဂါများ စစ်ဆေးကုသပေးသည့် ဆေးခန်းများကို အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း စစ်ဆေးကုသပေးလျက်ရှိသည်။ ကုသမှုအတွက် လိုအပ်သည့်အခြေခံဆေးဝါးနှင့် ဆေးပစ္စည်းများကို နိုင်ငံတော်က ကျပ်သန်းပေါင်းများစွာ အကုန်အကျခံ၍ ပြည်သူများအား ကုသဖြန့်ဝေပေးလျက်ရှိသည်။ ထိရောက်သည့် စစ်ဆေးကုသမှုပေးနိုင်ရန် စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်းနှင့် ပြည်သူ့ဆေးရုံများတွင် အထူးကုဆရာဝန်ကြီးများဦးဆောင်၍ ပြည်သူများ ကျန်းမာအသက်ရှည် သက်တမ်းစေ့နေနိုင်ရေးအတွက် အစဉ်တစိုက် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။ ။

မြန်မာနိုင်ငံပြန်တမ်း

ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဦးဘုန်းမြတ်သူ ကို ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

နေ့သင်တန်းများဖွင့်လှစ်ကြောင်း ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန
ကြေညာချက်

နေ့သင်တန်းများဖွင့်လှစ်ကြောင်း ကြေညာခြင်း

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်နှင့် ဒီဂရီကောလိပ်များ၏ သင်တန်းများအားလုံးကို ၁-၁၂-၂၀၂၆ ရက်နေ့မှ စတင်ဖွင့်လှစ်မည်ဖြစ်ရာ ၁၉-၁၁-၂၀၂၆ ရက်နေ့မှ စတင်၍ ပိတ်ရက်မရှိ ကျောင်းအပ်လက်ခံသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

အဆင့်မြင့်ပညာဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန

မိုးတိမ်တောင်ဖြစ်ပေါ်မှု အခြေအနေ

နေပြည်တော် နိုဝင်ဘာ ၁၇

ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

မိုး/၈လ

(၁၇-၁၁-၂၀၂၆)ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

	အမေရိကန်ဒေါ်လာ	တရုတ်ယွမ်	ထိုင်းဘတ်	အိန္ဒိယရူပီး
ငွေလဲလှယ်နှုန်း	၃၆၅၈ ~ ၃၆၇၁	၅၅၅.၃ ~ ၅၅၈.၇	၁၂၅.၃ ~ ၁၂၅.၇	၄၃.၆
ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ	၁၉,၇၂၀,၂၆၈.၁၆	၁၂,၅၃၀,၆၅၁.၂၈	၁၄,၂၄၅,၂၅၂.၂၀	-

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

၁၇ - ၁၁ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၇၀၅၀၀၀ ဖြစ်သည်။**

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် ၁၇ - ၁၁ - ၂၀၂၆

ကုမ္ပဏီအမည်	အဖွင့်ဈေး (ကျပ်)	အဝိတ်ဈေး (ကျပ်)	ရှယ်ယာစောင်ရေ	ရှယ်ယာတန်ဖိုး (ကျပ်)
FMI	၂၂,၅၀၀	၂၃,၀၀၀	၃၆၆	၈,၂၅၀,၀၀၀
MTSH	၈,၈၀၀	၈,၇၀၀	၆,၂၇၂	၅၅,၀၁၇,၃၀၀
MCB	၁၃,၀၀၀	၁၃,၀၀၀	၁၀၇	၁,၃၉၁,၀၀၀
FPB	၆,၈၀၀	၆,၉၀၀	၂,၃၇၃	၁၆,၁၆၃,၄၀၀
TMH	၃,၃၅၀	၃,၃၅၀	၅	၁၆,၇၅၀
EFR	၁,၆၅၀	၁,၆၅၀	၉၁၄	၁,၅၀၈,၁၀၀
AMATA	၄,၁၀၀	၄,၁၀၀	၁၂	၄၉,၂၀၀
MAEX	၆,၄၀၀	၆,၅၀၀	၁၁၇	၇၆၀,၄၀၀
MADPL(PLB)	၆,၃၀၀	၆,၃၀၀	၀	၀
ASPGB(PLB)	၅,၄၀၀	၅,၃၀၀	၃,၃၂၃	၁၉,၈၃၈,၄၀၀

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ်	- ဝင်းနိုင်	အကြီးတန်း	- ခင်မိမိအောင်၊
စာတည်းမှူး	- အေဝမ်းစိုး	သတင်းထောက်များ	ခင်မျိုးနိုင်၊ မာမာစိုး၊
စာတည်းများ	- စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဌ၊ နိုင်လင်းကြည်	အငယ်တန်း သတင်းထောက်များ	ခိုင်သန္တာရွှေ၊ ခင်ယုဆွေ့၊ - အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ
		သုတေသန	- ဇင်မာဝင့်
		စာပြင်	- ခင်နှင်းယုနှင့်အဖွဲ့
ဘာသာပြန်	- အောင်ကျော်ကျော်၊ စိုးသူရ	စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း	- နီလာစိုးနှင်းအဖွဲ့
		အီးမေးလ်နှင့် အွန်လိုင်း	- စိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန္တလေးရုံး - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၄၅၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အခမ်းအနားတက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

☆ ရှေ့ဖိုးမှ

အဆိုပါ ဩဝါဒခံယူပွဲအခမ်းအနားသို့ နိုင်ငံတော်သမ္မတနှင့်အတူ ဒုတိယသမ္မတများဖြစ်ကြသည့် ဦးညီစောနှင့် ဒေါ်နန်းနီနီအေး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များနှင့် ဆရာဆရာမများ၊ ရန်ကုန်ပညာရေးတက္ကသိုလ်နှင့် စစ်ကိုင်းပညာရေးတက္ကသိုလ် ပညာရေးဘွဲ့ သင်တန်းဆင်းကျောင်းသားကျောင်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ ဦးစွာ နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များအား တာဝန်ရှိသူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများက ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် အခမ်းအနားကို စတင်ကျင်းပပြုလုပ်ရာ နိုင်ငံတော်သမ္မတနှင့် အခမ်းအနား တက်ရောက်လာကြသူများသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံကို အလေးပြုကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက ဩဝါဒစကားပြောကြားရာတွင် နိုင်ငံတော်၏ ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသည့် လူ့စွမ်းအားအရင်းအမြစ်များဖြစ်သည့် ဆရာ ဆရာမလောင်းများကို လက်တွေ့လုပ်ငန်းခွင်မဝင်မီ ယခုကဲ့သို့တွေ့ဆုံပြီး အမှာစကားပြောကြား



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ထံ ကျောင်းသား ကျောင်းသူ နှစ်ဦးက ရန်ကုန်ပညာရေးတက္ကသိုလ်နှင့် စစ်ကိုင်းပညာရေးတက္ကသိုလ် ပညာရေးဘွဲ့ သင်တန်းဆင်းအထိမ်းအမှတ်လက်ဆောင်အား ဂါရဝပြုပေးအပ်စဉ်။

ရသည်ကို ဝမ်းသာပီတိဖြစ်ရကြောင်း၊ ထို့ပြင် မောင်တို့ မယ်တို့၏ အခြေခံပညာရေးကစပြီး ဘွဲ့ရရှိသည်အထိ ပညာရေးခရီးစဉ်တစ်လျှောက် လမ်းညွှန်သင်ကြားပေးခဲ့ကြသည့် ဆရာ ဆရာမများနှင့် ပညာရေးကို အားပေးပံ့ပိုးပေးခဲ့ကြသည့် မိဘအုပ်ထိန်းသူများကိုလည်း အသိအမှတ်ပြု ကျေးဇူးတင်ရှိကြောင်းကို ပြောကြားလိုကြောင်း။

ရန်ကုန် ပညာရေးတက္ကသိုလ်နှင့် စစ်ကိုင်း ပညာရေးတက္ကသိုလ်တို့သည် ဆရာအတတ် ပညာရေးနယ်ပယ်တွင် ရှည်လျားသည့် သမိုင်းအစဉ်အလာ ကောင်းများနှင့် ဂုဏ်သတင်းမွေးသည့် တက္ကသိုလ်များလည်း ဖြစ်ကြောင်း၊ ယနေ့အချိန်အထိ ယင်းတက္ကသိုလ်နှစ်ခု သည် နိုင်ငံတော်၏ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရည်အသွေးပြည့်ဝသည့် ဆရာ ဆရာမများကို နှစ်စဉ် မပြတ်မွေးထုတ်ပေးနိုင်ခဲ့သည့် အရေးပါသော စွမ်းဆောင်မှုများအတွက်လည်း အသိအမှတ်ပြု ဂုဏ်ယူကြောင်းကို ပြောကြားလိုကြောင်း။

ပညာရေးတက္ကသိုလ်များ အနေဖြင့်လည်း ဆရာအတတ်သင်ပညာရေး အရည်အသွေးမြှင့်တင်ရေး၊ သုတေသနလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရေး၊ ဒီဂျစ်တယ် အသွင်ကူးပြောင်းရေးနှင့် ဉာဏ်ရည်တုနည်းပညာ (AI)ခေတ်အတွက် အဆင်သင့်ဖြစ်သည့် ဆရာ ဆရာမများ မွေးထုတ်ပေးရေးတို့ကို အလေးထား ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ ထို့ပြင် လူမှုအသိုက်အဝန်းအတွက် ဝန်ဆောင်မှုပေးနိုင်ရေးနှင့် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရေးတို့ကိုလည်း ဆက်လက် အကောင်အထည်ဖော်သွားကြရန်လည်း လိုအပ်ကြောင်း။

မြန်မာစကားပုံတွင် **'ရေအသက် တစ်မနက်၊ ထမင်းအသက် ခုနစ်ရက်'** ဟု ဆိုကြပြီး ရေနှင့် အစားအစာသည် ခန္ဓာကိုယ်အသက်ရှင်ရပ်တည်ရန် လိုအပ်သကဲ့သို့ ပညာသည်လည်း လူတစ်ဦး၏ ဘဝတစ်လျှောက်လုံး ရပ်တည်ရှင်သန်နိုင်ရန် မရှိမဖြစ်လိုအပ်ကြောင်း၊ စာပေဗဟုသုတနှင့် အသိပညာမပြည့်စုံသူများသည် ဘဝတစ်လျှောက် အခက်အခဲအကျပ်အတည်းများကို ရင်ဆိုင်ဖြေရှင်းကြရာတွင် အခက်အခဲများစွာ ကြုံတွေ့နိုင်သောကြောင့် **'ပညာအသက် ဘဝတစ်သက်'** ဟုလည်း ဆိုနိုင်ကြောင်း။

ထို့ကြောင့် ပညာရေးသည် စာသင်ကြားပေးခြင်း၊ ဘွဲ့လက်မှတ်ရရှိစေခြင်းဟူသည့်အဆင့်ထက် ပိုမိုကျယ်ပြန့်ပြီး လူတစ်ဦးချင်းစီ၏ ဘဝတိုးတက်ရေးနှင့် နိုင်ငံတော်၏ အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသည့်အခန်းကဏ္ဍမှ ပါဝင်နေကြောင်း၊ အသိပညာ၊ အတတ်ပညာနှင့် စိတ်ဓာတ်အရည်အသွေးများ ပြည့်ဝသည့် လူတော်လူကောင်းများ ဖြစ်လာစေရေး ပညာရေးဖြင့် ပျိုးထောင်ပေးရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ဆရာ ဆရာမများ၏ အခန်းကဏ္ဍသည် အလွန်အရေးကြီးကြောင်း၊ သင်ရိုးညွှန်းတမ်းများ၊သင်ထောက်ကူပစ္စည်းများနှင့် ခေတ်မီနည်းပညာများ မည်မျှပင် တိုးတက်နေသည်ဖြစ်စေ ကျောင်းသားကျောင်းသူများ၏ အသိပညာ၊ အတတ်ပညာနှင့် စိတ်ဓာတ်အရည်အသွေးများကို ထိထိရောက်ရောက် ပြုစုပျိုးထောင်ပေးနိုင်မည့် ဆရာ ဆရာမများ၏ အရည်အသွေးကသာ ပို၍အဓိကကျကြောင်း။

ကျောင်းသား ကျောင်းသူများသည် စာအုပ်ထဲမှ ပညာရပ်များကိုသာ သင်ယူကြသည်မဟုတ်ဘဲ ဆရာ ဆရာမများ၏ အပြုအမူ၊ အပြောအဆို၊ စည်းကမ်းလိုက်နာမှု၊ တာဝန်ယူမှုနှင့် ကိုယ်ကျင့်တရားများကိုပါ အတုယူသင်ယူကြသည် ဖြစ်ကြောင်း၊ **"ဆရာကောင်းတပည့် ပန်းကောင်းပန်"** ဟူသည့် ဆောင်ပုဒ်သည် အဓိပ္ပာယ် အလွန်နက်ရှိုင်းကြောင်း၊ ဆရာကောင်းတစ်ဦး၏ သင်ကြားပေးမှု၊ လမ်းညွှန်မှုနှင့် စံနမူနာကောင်းများသည် တပည့်များ၏ ဘဝတစ်လျှောက်လုံး အတွက် အကျိုးပြုနိုင်ကြောင်း။

မိမိတို့၏တပည့်များကို **'စိတ်ဓာတ်၊ စည်းကမ်း၊ ပညာ'** ဟူသည့် ဆောင်ပုဒ်အတိုင်း နိုင်ငံနှင့်လူမျိုးကို ချစ်မြတ်နိုးစိတ်၊ မျိုးချစ်စိတ်ကိုအခြေခံသည့် ပြည်ထောင်စုချစ်စိတ်နှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်စေလိုသည့် စိတ်ဓာတ်များ ကိန်းအောင်းရှင်သန်လာစေရေးနှင့် လိမ္မာယဉ်ကျေးသည့် လူ့အသိုင်းအဝိုင်းအတွက် မဖြစ်မနေလိုအပ်သည့် စည်းကမ်းသိရှိလိုက်နာမှုများကို လေ့ကျင့်သင်ကြားပေးကြရမည် ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် ပညာရေးကဏ္ဍကို နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကျသည့် ရင်းနှီးမြှုပ်နှံမှုတစ်ခုအဖြစ် သဘောထားပြီး အလေးထားဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အခြေခံပညာရေးမှ အဆင့်မြင့်ပညာရေးအထိ ပညာသင်ယူခွင့်များ ပိုမိုရရှိစေရေး၊ ပညာရေးကဏ္ဍ အရည်အသွေးမြှင့်တင်ရေး၊နည်းပညာနှင့်အသက်မွေးဝမ်းကျောင်း ပညာရေး တိုးချဲ့ဖော်ဆောင်ရေး၊သင်ကြားရေးနှင့် လုပ်ငန်းခွင်လိုအပ်ချက်များကိုက်ညီစေရေး၊ဆရာဆရာမများ၏အရည်အသွေးမြှင့်တင်ရေးနှင့် လူငယ်များ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးတို့ကို အလေးထားဆောင်ရွက်ပေးလျက်ရှိနေကြောင်း။

ပညာရေးကဏ္ဍတွင် နိုင်ငံတော်ဘဏ္ဍာငွေများကိုလည်း တိုးမြှင့်ရင်းနှီးမြှုပ်နှံလျက်ရှိကြောင်း၊ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ပညာရေးဝန်ကြီးဌာန အတွက် နိုင်ငံတော်ဘတ်ဂျက်၏ ၆ ဒသမ ၉၂ ရာခိုင်နှုန်းကို ခွဲဝေသုံးစွဲသွားမည်ဖြစ်ပြီး အခြားဝန်ကြီးဌာနများ၏ ပညာရေးဆိုင်ရာအသုံးစရိတ်များကိုပါ ထည့်တွက်မည်ဆိုပါက ပညာရေးကဏ္ဍတစ်ခုလုံးအတွက် ၉ ဒသမ ၂၂ ရာခိုင်နှုန်းအထိ သုံးစွဲသွားရန် ဆောင်ရွက်ထားကြောင်း။ ထို့ပြင် ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် ပညာရေးဝန်ကြီးဌာနအတွက် ဘတ်ဂျက်ခွဲဝေမှုကို အနည်းဆုံး ၁၀ ရာခိုင်နှုန်းအထိ တိုးမြှင့်ရန်၊ ၂၀၂၈-၂၀၂၉ ဘဏ္ဍာနှစ်တွင် ပညာရေးကဏ္ဍတစ်ခုလုံးအတွက် ၁၅ ရာခိုင်နှုန်းအထိ တိုးမြှင့်သုံးစွဲရန်နှင့် မိမိတို့အစိုးရ၏ ငါးနှစ်တာကာလအတွင်း ၂၀ ရာခိုင်နှုန်းအထိ ရောက်ရှိစေရန် ရည်မှန်းထားကြောင်း။

ထိုသို့ပညာရေးအတွက် ခွင့်ပြုရန်ပုံငွေများ တိုးမြှင့်ရင်းနှီးမြှုပ်နှံခြင်းသည် စာသင်ကျောင်းနှင့် အဆောက်အအုံများ တည်ဆောက်ပေးရုံသာမက ဆရာ ဆရာမများ၏ အရည်အသွေးမြှင့်တင်ရန်၊ သင်ကြားရေး အထောက်အကူပြုပစ္စည်းများ ဖြည့်ဆည်းပေးရန်၊ ကျောင်းသားကျောင်းသူများအတွက် သင်ယူမှုပတ်ဝန်းကျင်ကောင်းများ ဖန်တီးပေးရန်နှင့် အနာဂတ်လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးတို့အတွက် ရင်းနှီးမြှုပ်နှံခြင်းပင် ဖြစ်ကြောင်း။

ထို့ပြင် အခြေခံပညာကျောင်းများကို စံကိုက်ကျောင်းများအဖြစ် အဆင့်မြှင့်တင်နိုင်ရေးကိုလည်း ဆောင်ရွက်နေကြောင်း၊ စံကိုက်ကျောင်းများအဖြစ် အခြေခံပညာမူလတန်းကျောင်းများအတွက် ကျောင်းပိုင်မြေ သုံးဧကမှ ငါးဧကအထိ၊ အလယ်တန်းကျောင်းများအတွက် ငါးဧကမှ ခုနစ်ဧကအထိနှင့် အထက်တန်းကျောင်းများအတွက် ခုနစ်ဧကမှ ၁၀ ဧကအထိဟူ၍ သတ်မှတ်ထားကြောင်း၊ ကျောင်းဆောင်သစ်များ၊ အကြီးစားပြုပြင်မွမ်းမံမှုများ၊ ဘက်စုံသုံးခန်းမနှင့် အားကစားရုံများ၊ စုဝေးကွင်းများ၊ ခြံစည်းရိုးများ၊ သန့်စင်ခန်းများနှင့် ဝန်ထမ်းအိမ်ရာများကိုလည်း လိုအပ်ချက်နှင့်အညီဖြည့်ဆည်းပေးနိုင်ရေး ဆောင်ရွက် နေကြောင်း။

အခြေခံပညာရေးပိုင်းတွင် KG+9 အထိ မသင်မနေရ ပညာရေးစနစ်အဖြစ် အကောင်အထည်ဖော် ဆောင်ရွက်နေသကဲ့သို့ ကျောင်းနေအရွယ်ကလေးတိုင်း ပညာသင်ယူခွင့်ရရှိရေးနှင့် ပညာရေးတစ်ပိုင်းတစ်စဖြင့် ရပ်နားခဲ့ရသူများ ပညာရေးလမ်းကြောင်းပေါ် ပြန်လည် ရောက်ရှိရေးတို့ကိုအလေးထားဆောင်ရွက် နေကြောင်း။

ထိုသို့ ဆောင်ရွက်နေရခြင်းမှာ လူတစ်ယောက်အတွက် ဘဝတစ်လျှောက်လုံး ရှင်သန်ရပ်တည်နိုင်ရန် မူလတန်းပညာအဆင့်တစ်ခုတည်းဖြင့် မလုံလောက်ခြင်းကြောင့်ဖြစ်ကြောင်း၊ အနည်းဆုံး အလယ်တန်းပညာအဆင့် ပြီးမြောက်မှသာ လူ့ဘဝအတွက် လိုအပ်သည့် အသိဉာဏ်ပညာ၊စဉ်းစားတွေးခေါ်နိုင်စွမ်းနှင့် လုပ်ကိုင်ဆောင်ရွက်နိုင်စွမ်းများ ပိုမို ဖွံ့ဖြိုးလာနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် မူလတန်းအဆင့်၌ပင် ကျောင်းထွက်မှုများမဖြစ်ပေါ်စေရေးနှင့် KG+9 ပြီးမြောက်သည်အထိ သင်ယူနိုင်ရေးကို အလေးထားဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

မောင်တို့မယ်တို့သည် အထက်တန်းပြဆရာများအဖြစ် စတင်တာဝန်ထမ်းဆောင်ကြမည့်သူများဖြစ်ကြောင်း၊ အထက်တန်းအဆင့်တက်ရောက်လာသည့်ကျောင်းသားများသည် နိုင်ငံတော်မှ အနှိမ့်ဆုံးသတ်မှတ်ထားသည့် KG+9 ပြီးမြောက်အောင်ခြင်း သူများဖြစ်သဖြင့် အထက်တန်းပညာ၊ အဆင့်မြင့်ပညာကို စိတ်အားထက်သန်စွာဖြင့် တတ်မြောက်သင်ကြားလိုသူများလည်း ဖြစ်ကြကြောင်း၊ KG+12 ပြီးမြောက်၊ ဖြေဆို၊ အောင်မြင်သူများဖြစ်အောင် အစစအရာရာ အားပေးကြရန်လိုကြောင်း။ ယင်းလုပ်ငန်းများကို မိမိတို့တာဝန်ကျရာ ဒေသများတွင် ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ မိဘများ၊ ရပ်မိရပ်ဖများနှင့် ပူးပေါင်းပြီး လှုံ့ဆော်၊ စည်းရုံး ပံ့ပိုးအားပေးခြင်းများဖြင့် ပိုင်းဝန်းအကောင် အထည်ဖော် ဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုကြောင်း။

စာမျက်နှာ ၄ သို့ ☆



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ ကျောင်းသား ကျောင်းသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

☆ စာမျက်နှာ ၃ မှ

တစ်ဖက်တွင်လည်း အခြေခံပညာ အလယ်တန်းအဆင့် မှစပြီး စက်မှု၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာ အခြေခံ ဘာသာရပ်များ သင်ကြားပေးနိုင်ရေး ဆောင်ရွက်နေသကဲ့သို့ ယင်းဘာသာရပ် များနှင့်သက်ဆိုင်သည့် အထက်တန်း ကျောင်းများကိုလည်း တိုးချဲ့ဖွင့်လှစ်ပေး နေကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး သိပ္ပံကျောင်းများကို သင့်လျော်သည့် တက္ကသိုလ်၊ ကောလိပ်အဆင့်အထိ မြှင့်တင် ပေးနိုင်ရေး ဆောင်ရွက်နေသကဲ့သို့ ယခုနှစ်တွင် Polytechnic University သုံးခုနှင့် ၂၀၂၇-၂၀၂၈ ပညာသင်နှစ်တွင် ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် Polytechnic School များ ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်နေကြောင်း။

ထိုသို့အသက်မွေးဝမ်းကျောင်းပညာရေး နှင့် အခြေခံပညာရေးကို ချိတ်ဆက် ဆောင်ရွက်နေခြင်းသည် ကျောင်းသား ကျောင်းသူများအနေဖြင့် မိမိတို့စိတ်ဝင်စား ရာ ပညာရပ်များနှင့် လက်တွေ့အသုံးချနိုင် သည့် ကျွမ်းကျင်မှုများကို စောစီးစွာရရှိ လာစေရန်အတွက်လည်း ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူ့စစ်မှု ထမ်းတာဝန်ကို ကျေပွန်စွာထမ်းဆောင် ခဲ့သူများနှင့် အကြောင်းအမျိုးမျိုးကြောင့် မူလတန်း၊ အလယ်တန်း၊ အထက်တန်း အဆင့်များတွင် ပညာသင်ယူမှုရပ်နားခဲ့ ရသူများအတွက် အခြေခံသက်မွေး ဝမ်းကျောင်းပညာသင်တန်းများ ဖွင့်လှစ် သင်ကြားပို့ချပေးနိုင်ရေး စီစဉ်ဆောင်ရွက် နေကြောင်း၊ ထို့ပြင်ပညာရေးတစ်ပိုင်း တစ်စဖြင့် လုပ်ငန်းခွင်အတွင်းရောက်ရှိ နေသူများကိုလည်း မိမိတို့ရရှိထားသည့် လုပ်ငန်းခွင် ကျွမ်းကျင်မှုများမှတစ်ဆင့် ပညာရေးလမ်းကြောင်းပေါ် ပြန်လည် ဝင်ရောက်နိုင်မည့် အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေး ဆောင်ရွက်နေကြောင်း၊ အလားတူ ပညာရေးအခွင့်အလမ်းများကို မြို့ပြဒေသများတွင်သာမက ဝေးလံခေါင်သီ သည့် တောင်ပေါ်ဒေသများ၊ နယ်စပ်ဒေသ များနှင့် ပညာရေးဝန်ဆောင်မှု အားနည်း နေသည့် နေရာများတွင်ပါ ရရှိနိုင်ရေး ဆောင်ရွက်ပေးနေကြောင်း။

ထို့ပြင် ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက် ရေးနှင့်အတူ အားကစားကဏ္ဍကိုလည်း အလေးအနက်ထား ဆောင်ရွက်နေ ကြောင်း၊ ပညာရေးဆိုသည်မှာ စာပေ သင်ကြားပေးရုံဖြင့်မပြီးဘဲ ကျောင်းသား ကျောင်းသူများ ကိုယ်စိတ်နှစ်ပါး ကျန်းမာ ကြံ့ခိုင်ပြီး စည်းကမ်းရှိသည့် လူငယ်များ ဖြစ်လာရန်လည်း လိုအပ်ကြောင်း၊ အားကစား လှုပ်ရှားမှုများသည် ကျန်းမာရေး ကောင်းမွန်စေရုံသာမက စည်းကမ်းလိုက်နာမှု၊ ခွဲလုံ့လ၊ အဖွဲ့လိုက် ပူးပေါင်းဆောင်ရွက်မှုနှင့် တာဝန်ယူမှု စိတ်ဓာတ်များကိုပါ ပျိုးထောင်ပေးနိုင် ကြောင်း၊ ထို့ကြောင့် ကျောင်းသား ကျောင်းသူများကို ပညာရည်သာမက ကိုယ်ကာယကြံ့ခိုင်မှုနှင့်စိတ်ဓာတ်ခိုင်မာ မှုတို့ပါ ပြည့်စုံလာစေရေး အားကစားနှင့် ကိုယ်လက်လှုပ်ရှားမှုများတွင် ပါဝင်လာ အောင် ဆရာ ဆရာမများက အားပေး လမ်းညွှန်ပေးကြရန်လိုကြောင်း။

နိုင်ငံတော်အစိုးရက ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မူဝါဒများ၊ စီမံကိန်းများ ချမှတ်ပြီး ဘဏ္ဍာငွေ၊ အခြေခံ အဆောက်အအုံနှင့် ပညာရေးအခွင့် အလမ်းများ ဖြည့်ဆည်းပေးနေသကဲ့သို့ ထိုသို့ဆောင်ရွက်ချက်များကို လက်တွေ့ အောင်မြင်အောင် အကောင်အထည်ဖော် ပေးကြမည့် ဆရာ ဆရာမများ၏ အခန်း ကဏ္ဍသည်လည်း အလွန်အရေးကြီး ကြောင်း၊ ထို့ကြောင့် မောင်တို့၊ မယ်တို့ အနေဖြင့် လုပ်ငန်းခွင်ရောက်ရှိသည့်အခါ အထူးအလေးထား လိုက်နာဆောင်ရွက်ရ မည့် အချက်(၅)ချက်ကို မှာကြားလို ကြောင်း။

ပထမအချက်အနေဖြင့် ပညာရပ် ဆိုင်ရာကျွမ်းကျင်မှုနှင့် သင်ကြားရေး အတွေ့အကြုံတို့ကို အမြဲတမ်းမြှင့်တင် နေကြရန်ဖြစ်ကြောင်း၊ မိမိတို့သင်ကြား ပို့ချရမည့် ဘာသာရပ်များကို ကျွမ်းကျင် ပိုင်နိုင်စွာ သိရှိနားလည်ထားရမည်ဖြစ်ပြီး သင်ကြားရေး နည်းစနစ်များကိုလည်း အစဉ်တစိုက် လေ့လာနေကြရမည်ဖြစ် ကြောင်း၊ ကျောင်းသား ကျောင်းသူများ၏ အသက်အရွယ်၊ သင်ယူနိုင်စွမ်းနှင့် လိုအပ်ချက်များအပေါ်မူတည်ပြီး သင့်တော် သည့် သင်ကြားသင်ယူမှု နည်းလမ်းများ ကို အသုံးပြုကြရမည်ဖြစ်ကြောင်း။

ဒုတိယအချက်အနေဖြင့် ကျောင်းသား ဗဟိုပြု သင်ကြားသင်ယူမှုကို အကောင် အထည်ဖော် ဆောင်ရွက်ကြရန်ဖြစ် ကြောင်း၊ ကျောင်းသားများကိုယ်တိုင် စူးစမ်းလေ့လာ၊ မေးခွန်းမေးမြန်းခြင်းများ၊ ဆွေးနွေးခြင်းများလုပ်ရမည်ဖြစ်သကဲ့သို့ ကိုယ်တိုင်စဉ်းစားပြီး လက်တွေ့လုပ်ဆောင် နိုင်ရန်နှင့် သင်ယူထားသည့် အသိပညာ များကို အသုံးချနိုင်ရန် အခွင့်အလမ်းများ ဖန်တီးပေးကြရမည် ဖြစ်ကြောင်း၊ ကျောင်းသား တစ်ဦးချင်းစီ၏ မတူကွဲပြား သည့် သင်ယူမှုဆိုင်ရာ လိုအပ်ချက်များကို နားလည်ပြီး မည်သူမျှ နောက်ကျမကျန်ရစ် စေရေး အလေးထားသင်ကြားပေးကြရ မည်ဖြစ်ကြောင်း။

တတိယအချက်အနေဖြင့် ဆရာ့ ကျင့်ဝတ်နှင့် စံနမူနာကောင်းများကို ထိန်းသိမ်းလိုက်နာကြရန် ဖြစ်ကြောင်း၊ ဆရာ ဆရာမများသည် ကျောင်းသား ကျောင်းသူများအတွက် အသိပညာပေးသူ များသာမက အတုယူအားကျရသည့် စံနမူနာကောင်းများလည်း ဖြစ်ကြရမည် ဖြစ်ကြောင်း၊ ထို့ကြောင့် ရိုးသားဖြောင့်မတ် မှု၊ တာဝန်ယူမှု၊ စည်းကမ်းရှိမှု၊ တရား မျှတမှုနှင့် အပြန်အလှန်လေးစားမှုတို့ကို မိမိတို့၏ နေ့စဉ်လုပ်ငန်းဆောင်တာများ တွင် လက်တွေ့ ကျင့်သုံးကြရမည်ဖြစ် ကြောင်း။

“လက်ဦးဆရာ မည်ထိုက်စွာ ပုဗ္ဗာစရိယ၊ မိနှင့်ဖ” ဆိုသည့်အတိုင်း မိဘသည် လူတစ်ဦး၏ ပထမဆုံးဆရာဖြစ်ပြီး ဆရာ ဆရာမများသည်လည်း ဘဝတိုးတက်ရေး အတွက် လမ်းညွှန်ပေးသူများဖြစ်ကြောင်း၊ ဆရာ ဆရာမများသည် မိမိတို့တပည့် သားသမီးများအတွက် ဒုတိယမိဘများ ဖြစ်ကြောင်း၊ ကျောင်းသား ကျောင်းသူ များ၏ အသက်အရွယ်နှင့် စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုအခြေအနေများကို နားလည်ပြီး သားသမီးအရင်းအချာကဲ့သို့ သဘောထား ကာ ကြင်နာမှု၊ စိတ်ရှည်မှုနှင့် လေးစားမှု တို့ကို အခြေခံပြီး သင်ကြားလေ့ကျင့်ပေး ကြရန်လိုကြောင်း။

ကျောင်းဆိုသည်မှာ ကျောင်းသား ကျောင်းသူတိုင်း လုံခြုံစိတ်ချစွာ သင်ယူ နိုင်သည့် နေရာဖြစ်ရန်လည်း လိုအပ် ကြောင်း၊ အနိုင်ကျင့်ခြင်း၊ ခွဲခြားဆက်ဆံ ခြင်း၊ အရှက်ရစေခြင်းတို့ကို ရှောင်ကြဉ်ပြီး ကျောင်းသား ကျောင်းသူများ၏ အားသာချက်များကို ဖော်ထုတ်ပြီး



သင်တန်းဆင်း ကျောင်းသား ကျောင်းသူများကိုယ်စား ကျောင်းသူ တစ်ဦးက ကျေးဇူးတင်စကားပြောကြား စဉ်။

အားနည်းချက်များကို ပြုပြင်လာအောင် ကူညီပေးကြရမည်ဖြစ်ကြောင်း၊ မိမိတို့ တပည့်များကို ပညာရပ်သင်ကြားပေးနေ သကဲ့သို့ စိတ်ဓာတ်နှင့် ကိုယ်ကျင့်တရား ကိုလည်း ပြုပြင်ပျိုးထောင်ပေးကြရန် အရေးကြီးကြောင်း။

စတုတ္ထအချက်အနေဖြင့် လုပ်ငန်းခွင် အတွင်း ပူးပေါင်းဆောင်ရွက်မှုနှင့် တာဝန် ယူမှုရှိကြရန်ဖြစ်ကြောင်း၊ မိမိတို့ တာဝန်ကျရာ ကျောင်းနှင့်ဒေသများတွင် ကျောင်းအုပ်ကြီးများ၊ လုပ်ဖော်ကိုင်ဖက် ဆရာ ဆရာမများ၊ မိဘအုပ်ထိန်းသူများနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများအကြား အပြန်အလှန်လေးစားမှုနှင့် ပူးပေါင်း ဆောင်ရွက်မှုများ တည်ဆောက်ကြရမည် ဖြစ်ကြောင်း၊ မိမိတို့ တာဝန်ကျရာဒေသ၏ ပညာရေးဖွံ့ဖြိုးတိုးတက်မှုကို အဓိကထား ဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ ဒေသ၏ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍ များတွင်လည်း စေတနာထားပြီး တတ်နိုင် သမျှ ပါဝင်ကူညီဆောင်ရွက်ပေးကြရန် မှာကြားလိုကြောင်း။

ပဉ္စမအချက်အနေဖြင့် ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများကို လေးစားလိုက်နာကြရန် ဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများ ဖြစ်လာကြတော့မည် ဖြစ်သည့်အတွက် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများကို အထူးစောင့်ထိန်းလိုက်နာကြရန် မှာကြား လိုကြောင်း၊ ဝန်ထမ်းတစ်ဦးအနေဖြင့် ထမ်းဆောင်ရမည့်တာဝန်များ၊ စောင့်ထိန်း ရမည့် ကျင့်ဝတ်များနှင့် လိုက်နာရမည့် စည်းကမ်းများကို သိရှိနားလည်ပြီး နိုင်ငံတော်နှင့် ပြည်သူတို့၏အကျိုးကို အလေးထား ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ **“ဝန်ထမ်းကောင်းမှ နိုင်ငံ ကောင်းမည်”** ဆိုသည့် ဆောင်ပုဒ်အတိုင်း နိုင်ငံအတွက် အားကိုးအားထားပြုရမည့် ပညာရေးဝန်ထမ်းကောင်းများ ဖြစ်အောင် ကြိုးစားကြရန်လိုကြောင်း။

ဆရာ ဆရာမများအနေဖြင့် မိမိတို့၏ ပညာရပ်ဆိုင်ရာအသိပညာကိုသာ အားကိုး နေခြင်းမျိုးမဟုတ်ဘဲ သတင်းအချက် အလက်နှင့် ဆက်သွယ်ရေးနည်းပညာ၊ ဒီဂျစ်တယ်သင်ကြားရေး အထောက်အကူ ပြုကိရိယာများ၊ အွန်လိုင်းသင်ယူမှု အရင်း အမြစ်များနှင့် AI နည်းပညာများကိုလည်း သင့်လျော်မှန်ကန်စွာ အသုံးချတတ်ရန် လိုအပ်ကြောင်း။

ထိုသို့ဆောင်ရွက်ရာတွင် နည်းပညာကို အသုံးပြုနိုင်ရေး တစ်ခုတည်းကိုသာ ရည်ရွယ်ခြင်းမဟုတ်ဘဲ နည်းပညာကို အသုံးချပြီး ကျောင်းသား ကျောင်းသူများ ၏ အသိပညာ၊ ကျွမ်းကျင်မှုနှင့် လက်တွေ့ စွမ်းဆောင်ရည်များ တိုးတက်လာအောင် စီမံသင်ကြားပေးနိုင်ရန် ပို၍အရေးကြီး ကြောင်း၊ နည်းပညာအသုံးပြုရာတွင်လည်း အချက်အလက်မှန်ကန်မှု၊ ကိုယ်ရေး အချက်အလက်လုံခြုံမှုနှင့် ပညာရေး ဆိုင်ရာ ကျင့်ဝတ်များကို လိုက်နာကြရန် လိုကြောင်း။

ထို့ပြင် မိမိတို့၏ သင်ကြားရေးအတွေ့ အကြုံများကို ပြန်လည်သုံးသပ်ပြီး အားသာချက်၊ အားနည်းချက်များကို ဖော်ထုတ်၊ ပိုမိုကောင်းမွန်သည့် သင်ကြား ရေး နည်းလမ်းများကို ရှာဖွေကြရန်လိုအပ် ကြောင်း၊ စာမျက်နှာ ၅ သို့ ☆

☆ မောင်တို့၊ မယ်တို့အနေဖြင့် လုပ်ငန်းခွင်ရောက်ရှိသည့်အခါ အထူးအလေးထား လိုက်နာဆောင်ရွက်ရမည့် အချက်(၅)ချက်ကို မှာကြားလို၊ ပထမအချက်အနေဖြင့် ပညာရပ်ဆိုင်ရာကျွမ်းကျင်မှုနှင့် သင်ကြားရေး အတွေ့အကြုံတို့ကို အမြဲတမ်းမြှင့်တင်နေကြရန်ဖြစ်
☆ ဒုတိယအချက်အနေဖြင့် ကျောင်းသားဗဟိုပြု သင်ကြားသင်ယူမှုကို အကောင်အထည်ဖော်ဆောင်ရွက်ကြရန်ဖြစ်
☆ တတိယအချက်အနေဖြင့် ဆရာ့ကျင့်ဝတ်နှင့် စံနမူနာကောင်းများကို ထိန်းသိမ်းလိုက်နာကြရန်ဖြစ်
☆ စတုတ္ထအချက်အနေဖြင့် လုပ်ငန်းခွင်အတွင်း ပူးပေါင်းဆောင်ရွက်မှုနှင့် တာဝန်ယူမှုရှိကြရန်ဖြစ်
☆ ပဉ္စမအချက်အနေဖြင့် ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများကို လေးစားလိုက်နာကြရန်ဖြစ်

☆ စာမျက်နှာ ၄ မှ

အတွေ့အကြုံရှိသည့် ဆရာ ဆရာမများ ထံမှ လေ့လာသင်ယူပြီး သင်တန်းများ၊ ဆွေးနွေးပွဲများနှင့် အတွေ့အကြုံဖလှယ်ပွဲများတွင် ပါဝင်ခြင်းများကတစ်ဆင့် မိမိတို့၏ ပညာရပ်နှင့် သင်ကြားရေး စွမ်းရည်များကို အဆက်မပြတ် မြှင့်တင်သွားကြရန်လည်း တိုက်တွန်းလိုကြောင်း၊ ထိုသို့ ဆောင်ရွက်ခြင်းသည် လုပ်ငန်းခွင်အတွင်း စဉ်ဆက်မပြတ် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု (Continuous Professional Development–CPD) ကို အလေးထားဆောင်ရွက်နေခြင်းပင်ဖြစ်ကြောင်း။

ဆရာတစ်ဦး၏ အောင်မြင်မှုကို မိမိသင်ကြားပို့ချခဲ့သည့် သင်ခန်းစာအရေအတွက်၊ အချိန်ကာလနှင့် လုပ်သက်များဖြင့်သာ တိုင်းတာရခြင်းမဟုတ်ကြောင်း၊ မိမိတို့၏ သင်ကြားပေးမှုကြောင့် ကျောင်းသား ကျောင်းသူများ၏ အသိပညာတိုးတက်လာမှု၊ စဉ်းစားတွေးခေါ်နိုင်စွမ်း မြင့်မားလာမှု၊ မိမိကိုယ်ကို ယုံကြည်မှုရှိလာမှုနှင့် လူမှုပတ်ဝန်းကျင်တွင် တာဝန်ယူပါဝင်ဆောင်ရွက်နိုင်မှုတို့ကိုပါ ထည့်သွင်းတိုင်းတာရမည် ဖြစ်ကြောင်း၊ ထို့ကြောင့် ကျောင်းသား ကျောင်းသူများကို အသိပညာ၊ အတတ်ပညာနှင့် ဗလငါးတန်ပြည့်စုံသည့် အဖိုးတန်လူငယ်များ ဖြစ်လာအောင် ပြုစုပျိုးထောင်ပေးကြရန် အလေးအနက်ထားမှာကြားလိုကြောင်း။

မိမိတို့ရရှိထားသည့် ဘွဲ့လက်မှတ်ကို ပညာသင်ယူမှု၏ အဆုံးသတ်အဖြစ် မမြင်ကြစေလိုကြောင်း၊ လက်တွေ့ လုပ်ငန်းခွင်သည်လည်း ဆက်လက် လေ့လာသင်ယူရမည့် ပတ်ဝန်းကျင်တစ်ခု ဖြစ်ကြောင်း၊ ဘဝတွင် လေ့လာသင်ယူမှုဆိုသည်မှာ မည်သည့်အခါမျှပြီးဆုံးသွားသည် မဟုတ်သည့်အတွက် “Lifelong Learning”ဆိုသည့်အတိုင်း အသက်ထက်ဆုံး စဉ်ဆက်မပြတ် လေ့လာသင်ယူသွားကြရန် တိုက်တွန်းလိုကြောင်း။

ပညာရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးသည် အစိုးရတစ်ရပ်တည်း၏ တာဝန်မဟုတ်ဘဲ ဆရာ ဆရာမများ၊ မိဘပြည်သူများ၊ သက်ဆိုင်ရာဌာနများနှင့် လူမှုအဖွဲ့အစည်းအားလုံး ပိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရမည့် အမျိုးသားရေးတာဝန်တစ်ရပ်ဖြစ်ကြောင်း။

ထို့ကြောင့် ပညာရေးအပေါ်တွင် တန်ဖိုးထား၊ ဆရာ့ဂုဏ်သိက္ခာကို ထိန်းသိမ်းပြီး မိမိတို့၏ လုပ်ငန်းတာဝန်များကို တာဝန်သိသိ၊ သစ္စာရှိရှိဖြင့် ကျေပွန်အောင် ထမ်းဆောင်သွားကြရန် အလေးအနက်ထား တိုက်တွန်းမှာကြားလိုကြောင်း၊ **“ဆရာကောင်းမှ တပည့်ကောင်းမည်၊ တပည့်ကောင်းမှ လူ့အဖွဲ့အစည်းကောင်းမည်၊ လူ့အဖွဲ့အစည်းကောင်းမှ အနာဂတ်ကောင်းကို တည်ဆောက်နိုင်မည်”**ဆိုသည့် ယုံကြည်ချက်ဖြင့် မိမိတို့အားလုံး ပညာရေးတာဝန်ကို ဂုဏ်ယူစွာ၊ ကျေပွန်စွာ ထမ်းဆောင်နိုင်ကြပါစေရန် ဆုမွန်ကောင်း တောင်းပါကြောင်း ပြောကြားသည်။

ဆက်လက်၍ သင်တန်းဆင်းကျောင်းသား ကျောင်းသူများကိုယ်စား ကျောင်းသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတထံ ကျောင်းသား ကျောင်းသူနှစ်ဦးက ရန်ကုန် ပညာရေးတက္ကသိုလ်နှင့် စစ်ကိုင်းပညာရေးတက္ကသိုလ် ပညာရေးဘွဲ့သင်တန်းဆင်းအထိမ်းအမှတ် လက်ဆောင်အား နေရာအရောက် ဂါရဝပြုပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ကျောင်းသား ကျောင်းသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ပြီး တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်း (၂၇)ကြိမ်မြောက် အာဆီယံကြည်းတပ်ဦးစီးချုပ်များ အစည်းအဝေးသို့ တက်ရောက်

နေပြည်တော် နိုဝင်ဘာ ၁၇

မလေးရှားနိုင်ငံ၌ ကျင်းပပြုလုပ်သည့် (၂၇)ကြိမ်မြောက် အာဆီယံကြည်းတပ်ဦးစီးချုပ်များ အစည်းအဝေး (27th ASEAN Chiefs of Army Multilateral Meeting–27th ACAMM)နှင့် (၁၄)ကြိမ်မြောက် အာဆီယံ လုပ်သက်ရင့်အရာခံဗိုလ်များ နှစ်ပတ်လည်အစည်းအဝေး (14th ASEAN Sergeant Majors Annual Meeting) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မလေးရှားနိုင်ငံ မလက္ကာမြို့ရှိ Double Tree Hotel ၌ ကျင်းပပြုလုပ်သည်။

ဆက်လက်၍ (၂၇)ကြိမ်မြောက် အာဆီယံကြည်းတပ်ဦးစီးချုပ်များ အစည်းအဝေး (27th ASEAN Chiefs of Army Multilateral Meeting– 27th ACAMM) အား ကျင်းပပြုလုပ်ရာ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကြည်းတပ်ဦးစီးချုပ်များနှင့် ကိုယ်စားလှယ်အဖွဲ့များ ပါဝင်တက်ရောက်ကြသည်။



အမြင်ချင်းဖလှယ်ဆွေးနွေး

ဦးစွာ အစည်းအဝေးတွင် မလေးရှားတပ်မတော် ကြည်းတပ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး တန်စရီ အက်ဓ်ဟန် ဘင် ဟာဂျီ မိဟာမက် အိုသမန် (Tan Sri Azhan bin Hj Md Othman)က အဖွင့်မိန့်ခွန်းပြောကြားပြီး (၂၇)ကြိမ်မြောက် အာဆီယံကြည်းတပ်ဦးစီးချုပ်များ အစည်းအဝေးကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။ ယင်းနောက် တက်ရောက်လာကြသော အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကြည်းတပ်ဦးစီးချုပ်များနှင့် ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များက ယခုနှစ် အတွက် အစည်းအဝေးခေါင်းစဉ်ဖြစ်သည့် **“တည်ငြိမ်ပြီး လုံခြုံသောဒေသတစ်ခုဖြစ်လာစေရေး အာဆီယံ ကြည်းတပ်များအကြား အသင့်ရှိမှုကို စုပေါင်းဖြှင့်တင်ကြပါစို့ (Fostering Collective Preparedness Among ASEAN Land Forces for a Stable and Secure Region”** အပေါ် နိုင်ငံအကဲ့ရာစဉ်အလိုက် အလှည့်ကျ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

ထို့နောက် (၂၇)ကြိမ်မြောက် အာဆီယံကြည်းတပ်ဦးစီးချုပ်များ အစည်းအဝေး (27th ACAMM)၏ ပူးတွဲထုတ်ပြန်ချက်အား အခမ်းအနားမှူးက ကြေညာပြီး တက်ရောက်လာကြသည့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကြည်းတပ်ဦးစီးချုပ်များ၊ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များက စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ ၂၀၂၇ ခုနှစ်တွင် ကျင်းပမည့် (၂၈) ကြိမ်မြောက် အာဆီယံကြည်းတပ်ဦးစီးချုပ်များ အစည်းအဝေး(28th ACAMM)၏ အလှည့်ကျဥက္ကဋ္ဌ အဖြစ် တာဝန်ယူဆောင်ရွက်မည့် ကမ္ဘောဒီးယား တပ်မတော် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ကြည်းတပ်ဦးစီးချုပ်အား တာဝန်လွှဲပြောင်းပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

မွန်းလွဲပိုင်းတွင် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် မလေးရှားတပ်မတော် ကြည်းတပ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး တန် စရီ အက်ဓ်ဟန် ဘင် ဟာဂျီ မိဟာမက် အိုသမန် (Tan Sri Azhan Bin Hj Md Othman)၊ ဘရုနိုင်း ဘုရင်တပ်မတော် ကြည်းတပ်ဦးစီးချုပ် ဗိုလ်မှူးချုပ် အယ်လ်ဒီ ဘင် ဟာဂျီ ဟတ်ဆန် (Aldi Bin Haji Hassan)၊ လာအို ပြည်သူ့တပ်မတော် စစ်ဦးစီးဌာန ဒုတိယအကြီးအကဲ ဗိုလ်မှူးချုပ်ထောင်းဆာမိုင်းဆွတ်ပဆစ် (Thongsamay Soukpasirth)၊ ဗီယက်နမ် ပြည်သူ့တပ်မတော် ဒုတိယစစ်ဦးစီးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး ငွေယန် ဘာလွတ် (Nguyen Ba Luc) နှင့် ကမ္ဘောဒီးယားဘုရင်တပ်မတော် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ကြည်းတပ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး မော်ဆိုဖန်း (Mao Sophan) တို့နှင့် သီခြားစီတွေ့ဆုံ၍ နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးမြှင့်ဆောင်ရွက်ရေးနှင့် ကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

ညပိုင်းတွင် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့်ဇနီးတို့သည် မလေးရှားတပ်မတော်ကြည်းတပ်ဦးစီးချုပ်နှင့် ဇနီးတို့က တည်ခင်းဧည့်ခံသော ဂုဏ်ပြုညစာစားပွဲသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကြည်းတပ်ဦးစီးချုပ်များနှင့် ဇနီးများ၊ ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့်အတူ ပါဝင်တက်ရောက်ခဲ့ကြသည်။ ညစာသုံးဆောင်ပြီးချိန်တွင် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)သည် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကြည်းတပ်ဦးစီးချုပ်များ၊ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များနှင့် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြပြီး အမှတ်တရ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

✦ ဆိုင်ကလုန်းမုန်တိုင်းမှ

ကိုကိုးကျွန်းမြို့၏ အနောက်-အနောက်တောင်ဘက် ရေမိုင် ၄၇၀ မိုင်ခန့်၊ အိန္ဒိယနိုင်ငံ ဗီဆာကာပတ္တနမ်မြို့၏ တောင်-အရှေ့တောင်ဘက် ရေမိုင် ၃၅၀ မိုင်ခန့်နှင့် ချင်းနိုင်မြို့၏ အရှေ့-အရှေ့တောင်ဘက် ရေမိုင် ၃၂၀ မိုင်ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။

ဆိုင်ကလုန်းမုန်တိုင်း “အက်ဗန်”၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့်အခြေအနေမရှိပါသဖြင့် အဝါရောင် အဆင့်ဟု သတ်မှတ်သည်။

ဆိုင်ကလုန်းမုန်တိုင်း“အက်ဗန်”၏ တည်နေရာ၊ ဗဟိုချက်လေဖိအားနှင့် လေတိုက်နှုန်း

အဆိုပါ ဆိုင်ကလုန်းမုန်တိုင်း “အက်ဗန်”သည် ယနေ့ မွန်းလွဲ ၁၂ နာရီခွဲတွင် မြောက်လတ္တီကျူ ၁၂.၃ ဒီဂရီနှင့် အရှေ့လောင်ဂျီကျူ ၈၅.၆ ဒီဂရီတွင်ရှိပြီး ဗဟိုချက်လေဖိအား ၁၀၀၀ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင် ၄၀ မှ ၄၅ မိုင်နှုန်းခန့် ဖြစ်သည်။

နောက် ၇၂ နာရီအတွင်းခန့်မှန်းချက်

အဆိုပါ ဆိုင်ကလုန်းမုန်တိုင်း “အက်ဗန်”သည် မြောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး နောက် ၁၈ နာရီအတွင်း ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းသို့ အားကောင်းသောဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့လည်း ကောင်း၊ နိုဝင်ဘာ ၂၀ ရက်တွင် အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး ပိုမိုအားကောင်းလာနိုင်ကာ အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့လည်း ကောင်း၊ နိုဝင်ဘာ ၂၀ ရက်တွင် အနောက်မြောက်ဘက်သို့ ဆက်လက် ရွေ့လျားနိုင်ပြီး အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ်နှင့် ရနမ်ကမ်းခြေတို့ကို နယ်လိုရီမြို့နှင့် တူနီမြို့တို့အကြားမှ ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။

အဆိုပါ ဆိုင်ကလုန်းမုန်တိုင်း “အက်ဗန်”၏ အရှိန်ကြောင့် ယနေ့နေ့လယ်မှ နိုဝင်ဘာ ၂၀ ရက်အတွင်း ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိုပိစိပ်နှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး(အောက်ပိုင်း)၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်း ရွာမည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၀ ပေခန့် ရှိနိုင်သည်။

အကြံပြုချက်

သို့ဖြစ်ပါ၍ ဆိုင်ကလုန်းမုန်တိုင်း “အက်ဗန်”၏ အရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများ အနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဧလ

ကြေးမုံ

ကမ္ဘာ့ဈေးကွက်တွင် ပိုမိုအရေးပါလာသည့် သစ်သီးဝလံပို့ကုန်

ကမ္ဘာ့နိုင်ငံများတွင် သစ်သီးဝလံကိုစိုက်ပျိုးလေ့ရှိပြီး များသောအားဖြင့် သစ်သီးဝလံအများစု (၉၀ ရာခိုင်နှုန်းခန့်)မှာ ပြည်တွင်း၌သာ စားသုံးလေ့ရှိကာ တင်ပို့မှု ပမာဏမှာ ၁၀ ရာခိုင်နှုန်းဝန်းကျင်၊ တန်ဖိုးက ကမ္ဘာ့စုစုပေါင်း လယ်ယာကုန်စည်ပို့ကုန်များ၏ သုံးရာခိုင်နှုန်းဝန်းကျင်သာရှိသည့်အတွက် အခြားလယ်ယာထုတ်ကုန်များနှင့် နှိုင်းယှဉ်လျှင် ကုန်သွယ်မှုတွင် အရေးပါမှုလျော့နည်းပါသည်။ သစ်သီးဝလံများကို ပြည်ပမှ ဝယ်ယူစားသုံးမှုနှုန်းမှာလည်း ချမ်းသာသည့်နိုင်ငံများ (ကမ္ဘာ့မြောက်ခြမ်း နိုင်ငံများ)က အများဆုံးဖြစ်ကာ အဓိကတင်သွင်းသူများလည်းဖြစ်သည်။

ဒေါက်တာမောင်အောင်



လက်ရှိကာလအတွင်း သဘာဝအခြေပြု အရည်အသွေးမြင့် အပူပိုင်းဒေသထွက် သစ်သီးဝလံများကို ချမ်းသာသည့်နိုင်ငံများက ပို၍သုံးစွဲလာခြင်း၊ စားသုံးသူများ၏ ကြိုက်နှစ်သက်မှုပြောင်းလဲခြင်း၊ လောင်စာဆီဈေးတက်မှုကြောင့် ဖွံ့ဖြိုးပြီးနိုင်ငံများ၏ စိုက်ပျိုးထုတ်လုပ်မှုစရိတ်တက်လာပြီး ထုတ်လုပ်မှုလျော့ကျလာခြင်း၊ ရာသီဥတုဖောက်ပြန်မှုကြောင့် သီးနှံထွက်ရှိမှုထိခိုက်လာခြင်း စသည်တို့ကြောင့် ကမ္ဘာ့သစ်သီးဝလံထုတ်လုပ်မှုနှင့် ကုန်သွယ်မှုအပေါ် အပြောင်းအလဲဖြစ်လာသည်။

ထို့အတွက် ကမ္ဘာ့သစ်သီးဝလံစိုက်ပျိုးထုတ်လုပ်မှုတွင် လက်ရှိစိုက်ပျိုးထုတ်လုပ်မှုအင်အား အများဆုံးဖြစ်သည့် အာရှ-ပစိဖိတ်နိုင်ငံများအတွက် အခွင့်အလမ်းအလားအလာ ပိုများလာပါသည်။

ကမ္ဘာ့သစ်သီးဝလံထုတ်လုပ်မှုနှင့် ဈေးကွက်အခြေအနေ

ကမ္ဘာ့နိုင်ငံများ၏ သစ်သီးဝလံစိုက်ပျိုးထုတ်လုပ်မှုပုံမှန်တိုးတက်နေပြီး လတ်တလောနှစ်များတွင် နှစ်စဉ်တန်သန်း ၉၅၀ ကျော်ခန့်ရှိသည်။ သစ်သီးဝလံများအနက် အများဆုံးမှာ ငှက်ပျောသီးဖြစ်ပြီး နှစ်စဉ်တန်ချိန် ၁၃၉ သန်းဝန်းကျင်ရှိသည်။ ဒုတိယမှာ ဖရဲသီးဖြစ်ပြီး တန်ချိန် ၁၀၄ သန်းဝန်းကျင်နှင့် ပန်းသီးက တန်ချိန် ၉၇ သန်းဝန်းကျင်ရှိသည်။ အခြားအရေးပါသည့် သစ်သီးဝလံများမှာ သရက်သီး၊ ထောပတ်သီး၊ စတော်ဘယ်ရီ၊ စပျစ်သီး၊ လိမ္မော်သီး၊ သံပရာသီး၊ နာနတ်သီး၊ ငှေးရင်း၊ သစ်တော်သီး၊ ချယ်ရီသီး၊ ကွဲကောသီးနှင့်မင်းကွတ်သီးတို့ဖြစ်ပါသည်။

သစ်သီးဝလံစိုက်ပျိုးထုတ်လုပ်မှုကို ဒေသအလိုက်ကြည့်မည်ဆိုလျှင် အာရှ-ပစိဖိတ်ဒေသက အများဆုံးစိုက်ပျိုးထုတ်လုပ်နေသလို ကမ္ဘာ့စုစုပေါင်း သစ်သီးဝလံပို့ကုန်၏ ၇၅ ရာခိုင်နှုန်းဝန်းကျင် ရှိသည့်အတွက် အရေးအပါဆုံးဖြစ်သည်။ တရုတ်နိုင်ငံအနေဖြင့် နှစ်စဉ်တန်သန်း ၂၄၀-၂၇၀ ဝန်းကျင်ရှိ၍ ကမ္ဘာ့ထုတ်လုပ်မှု၏ ၂၈ - ၃၀ ရာခိုင်နှုန်း၊ အိန္ဒိယက တန် ၁၁၂ သန်းဝန်းကျင်ရှိပြီး ဒေသအလိုက် ဒုတိယအများဆုံးမှာ တောင်အမေရိကနိုင်ငံများဖြစ်သည်။

နိုင်ငံအလိုက်ကြည့်လျှင် အီကွေဒေါ၊ ဂွါတီမာလာ၊ ကော့စတာရီကာတို့ဖြစ်ပြီး အမေရိကနှင့် ဥရောပသို့ ငှက်ပျောသီးအများဆုံး တင်ပို့သည့်နိုင်ငံများဖြစ်သည်။ ထို့ပြင် ချီလီ၊ ဘရာဇီး၊ မက္ကဆီကို နိုင်ငံတို့အနေဖြင့် သစ်သီးဝလံများစိုက်ပျိုးထုတ်လုပ်နေပြီး အမေရိကန်ပြည်ထောင်စုနှင့် ဥရောပနိုင်ငံများ၏ သစ်သီးဝလံလိုအပ်ချက်ကို တစ်နှစ်ပတ်လုံးဖြည့်ဆည်းပေးနေသည်။ အာဖရိကနိုင်ငံများအနက် တောင်အာဖရိကနိုင်ငံ၊ တူကီယဲ၊ အီဂျစ် စသည့် နိုင်ငံများအနေဖြင့်လည်း ပန်းသီး၊ သံပရာသီး၊ စပျစ်သီးကို အများဆုံးထုတ်လုပ်ပြီး ဥရောပနှင့် အမေရိကန်ပြည်ထောင်စုသို့ တင်ပို့ပါသည်။ အာရှနိုင်ငံများဖြစ်သည့် တရုတ်၊ ထိုင်း၊ ဗီယက်နမ်နှင့် နယူးဇီလန်၊ ဩစတြေးလျတို့အနေဖြင့်လည်း သစ်သီးဝလံထုတ်လုပ်မှုနှင့် တင်ပို့မှု လတ်တလောကာလများအတွင်း သိသိသာသာ တိုးတက်လာသည့် နိုင်ငံများဖြစ်သည်။

အစဉ်အလာအားဖြင့် ကမ္ဘာ့ဈေးကွက်တွင် အရေးအပါဆုံးနှင့် အများဆုံးမှာ ငှက်ပျောသီးဖြစ်ပြီး ထို့နောက်တွင် ပန်းသီး၊ လိမ္မော်သီး၊ သံပရာသီး စသည်တို့ဖြစ်သော်လည်း လက်ရှိတွင် အပူပိုင်းဒေသ သစ်သီးဝလံများကို စားသုံးသူပိုမိုကြိုက်နှစ်သက်လာမှုနှင့်အတူ ဈေးနှုန်းများလည်း သိသိသာသာ တိုးတက်လာသည်။ မြင်သာသည့်အချက်မှာ အပူပိုင်း သစ်သီးဝလံများအနက် ထောပတ်သီးမှာ ဝယ်အား အကောင်းဆုံးသော သစ်သီးဝလံဖြစ်လာသည်။ ထို့အတွက်လည်း ထောပတ်သီးအပါအဝင် သစ်သီးဝလံများ၏ဈေးနှုန်းမှာ ယခုအခါ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၀၀၀ အထက်တွင်ရှိလာသည်။

အပူပိုင်းဒေသသစ်သီးဝလံများ၏ ထူးခြားချက်မှာ မြောက်ပိုင်းနိုင်ငံများ၏ သစ်သီးဝလံများနှင့် မတူဘဲ သဘာဝအပူချိန်ကြောင့် အရသာပိုမိုကောင်းမွန်သည့်အပြင် မွေးကြိုင်သည့်ရနံ့ကိုပါ ပေးဆောင်သောကြောင့် ပို၍နှစ်သက်လာကြခြင်း ဖြစ်သည်။ ဈေးအကောင်းဆုံးမှာ ဒူးရင်းသီးဖြစ်သည်။ “သစ်သီးဝလံများ၏ ဘုရင် King of the Fruits” ဟုလူသိများပြီး ဗန်ကောက်၏ လေလံဈေးတွင် ဒူးရင်းသီးတစ်လုံး၏ဈေးနှုန်းမှာ အမေရိကန်ဒေါ်လာ ၄၈၀၀၀ ခန့်ရှိခဲ့ကြောင်း တွေ့ရသည်။

အလားတူ လူကြိုက်များသဖြင့် ဈေးနှုန်းမြင့်သည့်သစ်သီးဝလံမှာ မင်းကွတ်သီးဖြစ်ပြီး ‘Queen of Fruits’ဟု ခေါ်ဝေါ်လေ့ရှိပြီး ဂျပန်နိုင်ငံ၏ စားသောက်ဆိုင်များတွင် အေးခဲထားသည့် မင်းကွတ်သီးတစ်လုံးသည် ဂျပန်ယန်းငွေ အနည်းဆုံး ၅၀၀ မှ ၆၀၀ အတွင်းရှိသည်။ မြန်မာငွေဖြင့် တွက်လျှင် ၅၂၀၀ မှ ၇၈၀၀ ဝန်းကျင်ရှိသည့်အတွက် မြင့်မားသည့်ဈေးနှုန်းရှိပြီး များသောအားဖြင့် ထိုင်းနိုင်ငံမှ တင်ပို့သည့် ထုတ်ကုန်များပင်ဖြစ်သည်။

ပြောင်းလဲလာသည့်စိုက်ပျိုးထုတ်လုပ်မှုပုံစံနှင့် ကြိုက်နှစ်သက်မှု

ကမ္ဘာ့သစ်သီးဝလံထုတ်လုပ်မှုနှင့် စားသုံးမှုသည် ၂၀၂၅/ ၂၀၂၆ ခုနှစ်တွင် ယခင်အစဉ်အလာ အရရှိခဲ့သည့် ထုတ်လုပ်မှုပုံစံ၊ ရောင်းဝယ်မှုပုံစံများမှ ပြောင်းလဲမှုများဖြစ်ပေါ်လာသည့်အပြင် စားသုံးသူများ၏ ကြိုက်နှစ်သက်မှုမှာလည်း ပြောင်းလဲလာမှုများကြောင့် သစ်သီးဝလံစိုက်ပျိုးထုတ်လုပ်ရန် အခြေအနေကောင်းများရှိသည့် နိုင်ငံများ၊ အထူးသဖြင့် အပူပိုင်းသစ်သီးဝလံများထုတ်လုပ်နိုင်သည့် အီကွေတာနှင့်နီးသည့် ကမ္ဘာ့တောင်ပိုင်းနိုင်ငံများအတွက် အခွင့်အလမ်းကောင်းပင်ဖြစ်သည်။

မြောက်ပိုင်းနိုင်ငံများ၏ စိုက်ပျိုးထုတ်လုပ်မှုလျော့ကျလာခြင်းနှင့် ပိုတင်သွင်းလာပြီး စိုက်ပျိုးထုတ်လုပ်မှုကျဆင်းရခြင်း၏ အဓိကအကြောင်းရင်းမှာ စိုက်ပျိုးထုတ်လုပ်မှုစရိတ်များ သိသိသာသာတက်လာခြင်းကြောင့်ပင်ဖြစ်သည်။ မြောက်ပိုင်းနိုင်ငံများ၏ အသုံးများသည့် ထုတ်လုပ်မှုနည်းလမ်းများမှာ မှန်လုံအိမ်များသုံးပြီး လိုအပ်သောအပူချိန်ကို လောင်စာစွမ်းအင်သုံး၍ ပေးသည့်စနစ်ဖြစ်သည်။ ယခုအခါ အရှေ့အလယ်ပိုင်းဒေသစစ်ပွဲကြောင့် ဟော်မုဇ်ရေလက်ကြားကိုဖြတ်၍ သယ်ယူပို့ဆောင်သောလုပ်ငန်းများထိခိုက်လာခြင်း၊ ရေနံနိုင်ငံ၏ ရေနံဆိုင်ရာ အခြေခံအဆောက်အအုံများပျက်စီးခြင်း စသည့်အကြောင်းများကြောင့်ဖြစ်သည်။

“ယခုအခါ ကမ္ဘာ့နိုင်ငံများအနေဖြင့် စားသုံးသူများ၏ ဘေးကင်းလုံခြုံမှုကို အပြည့်အဝ အကာအကွယ်ပေးနိုင်ရန်အတွက် သစ်သီးဝလံအပါအဝင် လယ်ယာစားသောက်ကုန်များကို စတင်စိုက်ပျိုးထုတ်လုပ်သည်မှ စားသုံးသူသုံးစွဲသည်အထိ နောက်ကြောင်းပြန်လိုက်နိုင်မှုစနစ်ကို ကျင့်သုံးနေခြင်းကြောင့် စိုက်ပျိုးထုတ်လုပ်သူတိုင်း GAP ကို မဖြစ်မနေ လိုက်နာကျင့်သုံးရပါမည်။ လက်ရှိအခြေအနေတွင်လည်း မြန်မာ့သစ်သီးဝလံများ (ဥပမာ- သရက်သီး၊ ဖရဲသီး၊ ထောပတ်သီး) စသည်တို့တွင် ဓာတုဓာတ်အကြွင်းအကျန်ရာခိုင်နှုန်းက သတ်မှတ်ချက်အတိုင်းဖြစ်စေရန် အထူးသတိပြုရမည်ဖြစ်သည်။ တစ်ဆက်တည်းမှာပင် သစ်သီးဝလံများ ရိတ်သိမ်းသည်မှ ဈေးကွက်အရောက် သယ်ယူပို့ဆောင်ဖြန့်ဖြူးရာတွင်လည်း အအေးခန်းကုန်စည်ပို့ဆောင်သယ်ယူသည့်စနစ်ကို လုပ်ဆောင်နိုင်မှသာ သစ်သီးများ၏ လတ်ဆတ်မှုနှင့် အရည်အသွေးကို ထိန်းသိမ်းနိုင်မည်”

ထို့ပြင် ကမ္ဘာတွင် အများဆုံးစားသုံးသည့် လိမ္မော်ရည်ထုတ်လုပ်မှု လျော့ကျလာခဲ့သည်။ ထို့အတွက် ပြည်တွင်းလိုအပ်ချက်ကို သွင်းကုန်အဖြစ် တင်သွင်းဖြေရှင်းခြင်းဖြစ်ပြီး ဒေသမတူသည့် တောင်ပိုင်းနိုင်ငံများ၏ ထုတ်ကုန်များ ပိုမိုတင်သွင်းခြင်းဖြစ်သည်။ ယခုအခါ အဆိုပါသစ်သီးဝလံများကို ကမ္ဘာ့တောင်ပိုင်းနိုင်ငံများမှ ဝယ်ယူတင်သွင်းမှု ပိုမိုမြင့်မားလာသည့်အတွက် ‘တောင်မြောက် ကုန်သွယ်မှု’ဟု ခေါ်ဝေါ်လာကြပြီး အထူးသဖြင့် ကမ္ဘာ့မြောက်ပိုင်း သစ်သီးဝလံမထွက်သည့်အချိန်တွင် တောင်ပိုင်းနိုင်ငံများ၏ ရာသီပေါ် သစ်သီးဝလံများကို အများဆုံးဝယ်ယူနေရသည်။

ကုန်သွယ်မှုနှင့် သို့လှောင်ဖြန့်ဖြူးစနစ်ဆိုင်ရာ စိန်ခေါ်မှုများ

ကမ္ဘာ့သစ်သီးဝလံကုန်သွယ်မှုတွင် တောင်ပိုင်းနိုင်ငံများအနေဖြင့် မြောက်ပိုင်းနိုင်ငံများ အထူးသဖြင့် အမေရိကန်ပြည်ထောင်စုနှင့် ဥရောပနိုင်ငံများသို့ အများဆုံးတင်ပို့ရာတွင် ၂၀၂၅ ခုနှစ်မှ စတင်ခဲ့သည့် အမေရိကန်ပြည်ထောင်စု၏ ၃၆၀ ဒီဂရီ အချိုးမညီသည့် အခွန်အကောက်ကုန်သွယ်မှုပေါ်လစီကြောင့် အချို့နိုင်ငံများ၏ အခွန်နှုန်းထားမြင့်မားမှုက ဈေးကွက်ဝင်ရောက်ရန် အကန့်အသတ်ဖြစ်စေပါသည်။

သို့သော် တစ်ဖက်တွင်လည်း တောင်ပိုင်းနိုင်ငံများအနေဖြင့် အမေရိကန်နှင့်ပတ်သက်၍ အများစု၏တုံ့ပြန်မှုမှာ အပြန်အလှန် အခွန်အကောက်၊ တိုးမြှင့်ကောက်ခံသည့် နည်းလမ်းမသုံးစွဲဘဲ ညှိနှိုင်းပေါင်းစပ်သည့်နည်းလမ်းကိုသာ သုံးစွဲသည့်အတွက် အခက်အခဲ အဟန့်အတားများကို ကျော်ဖြတ်နိုင်မည်ဖြစ်သည်။ ဥရောပနိုင်ငံအများစုအနေဖြင့်မူ အမေရိကန်ဈေးကွက်နှင့်နှိုင်းယှဉ်လျှင် တင်ပို့ရန် အခက်အခဲမရှိနိုင်ပါ။ တစ်ဆက်တည်းမှာပင် သစ်သီးဝလံထုတ်လုပ်တင်ပို့မှု၏ အခြေခံလိုအပ်ချက်မှာ ခူးဆွတ်သည့်အချိန်မှစပြီး စားသုံးသူအထိ သယ်ယူပို့ဆောင်သိုလှောင်ဖြန့်ဖြူးရာတွင် အအေးခန်းပါဝင်သည့် သယ်ပို့သိုလှောင်ဖြန့်ဖြူးစနစ် (Cold Chain Logistics)ဖြင့် လုပ်ဆောင်နိုင်မှသာ လတ်ဆတ်သော သစ်သီးဝလံများကို ကမ္ဘာ့ဈေးကွက်များအထိ ရောင်းချနိုင်မည်ဖြစ်သည်။ သို့မဟုတ်ပါက အေးခဲသည်အထိပြုလုပ်ပြီး တင်ပို့နိုင်သော်လည်း လတ်ဆတ်မှုအားနည်းမည်ဖြစ်သည်။

မြန်မာ့သစ်သီးဝလံစိုက်ပျိုးထုတ်လုပ်မှုနှင့် တင်ပို့မှုအခြေအနေ

မြန်မာနိုင်ငံအနေဖြင့် အရှေ့တောင်အာရှနိုင်ငံများအနက် ကုန်းမြေတစ်ဆက်တည်း အကျယ်ဝန်းဆုံးနိုင်ငံဖြစ်သည့်အလျောက် သစ်သီးဝလံများ စိုက်ပျိုးထုတ်လုပ်မှုမှာ ပြည်တွင်းလိုအပ်ချက်ကို သာမက ပြည်ပကိုပါ အနည်းငယ်တင်ပို့နိုင်သည့် အခြေအနေရှိသည်။ သို့သော် တည်ရှိသည့် မြေ၊ ရေ၊ နေ စသည့် သဘာဝအရပေးထားသည့် အင်အားစုများနှင့်နှိုင်းယှဉ်လျှင် များစွာလျော့နည်းနေသေးသည့်အတွက် အကယ်၍သာ နိုင်ငံတော်နှင့်ပါဝင်ပတ်သက်သူများအားလုံး ပူးပေါင်းဖော်ဆောင်သည့်ပုံစံ (PPP) ဖြင့် လုပ်ဆောင်မည်ဆိုလျှင် အချိန်တိုအတွင်း လျင်မြန်စွာတိုးတက်လာနိုင်သည့် လယ်ယာပို့ကုန် အမျိုးအစားပင်ဖြစ်သည်။ စာမျက်နှာ ၇ သို့ ❖

နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်နှင့် Polytechnic University များ၏ ဘွဲ့ကြို၊ ဘွဲ့လွန်သင်တန်းအားလုံး ဒီဇင်ဘာ ၁ ရက်တွင် စတင်ဖွင့်လှစ်မည်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
ကြေညာချက်

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာနရှိ နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်နှင့် Polytechnic University များ၏ ဘွဲ့ကြို၊ ဘွဲ့လွန်သင်တန်းအားလုံးကို (၁-၁၂-၂၀၂၆)ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပါသဖြင့် (၁၉-၁၁-၂၀၂၆)ရက်မှစတင်၍ ပိတ်ရက်မရှိ ကျောင်းအပ်လက်ခံသွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန

အစိုးရနည်းပညာကောလိပ်များ၏ သင်တန်းများအားလုံး ဒီဇင်ဘာ ၁ ရက်တွင် စတင်ဖွင့်လှစ်မည်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန
ကြေညာချက်

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနရှိ အစိုးရနည်းပညာကောလိပ်များ၏ သင်တန်းများအားလုံးကို ၁-၁၂-၂၀၂၆ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပါသဖြင့် ၁၉-၁၁-၂၀၂၆ ရက်မှစတင်၍ ပိတ်ရက်မရှိ ကျောင်းအပ်လက်ခံသွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန



မကွေးတိုင်းဒေသကြီး မင်းတုန်းမြို့နယ်တွင် မြို့နယ်မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများသည် နိုဝင်ဘာ ၁၇ ရက် နံနက်ပိုင်းက မင်းရွာကိုင်ကျေးရွာအနီးရှိ ABC စက်သုံးဆီအရောင်းဆိုင်၌ မီးဘေးလုံခြုံရေးစစ်ဆေးစဉ်။

ရှင်းခန့်အောင်

ရန်ကုန်တိရစ္ဆာန်ဥယျာဉ်၌ တန်ဆောင်တိုင်ဈေးရောင်းပွဲတော် ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၁၇

ရန်ကုန်တိရစ္ဆာန်ဥယျာဉ်၌ တန်ဆောင်တိုင်ဈေးရောင်းပွဲတော်ကို လေးရက်ကြာ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ တန်ဆောင်တိုင်ဈေးရောင်းပွဲတော်ကို နိုဝင်ဘာ ၂၁ ရက်မှ ၂၄ ရက်အထိ လေးရက်ကြာစည်ကားသိုက်မြိုက်စွာကျင်းပသွားမည်ဖြစ်ပြီး တန်ဆောင်တိုင်ကာလတွင် မိသားစု၊ သူငယ်ချင်းများနှင့်အတူ ပျော်ရွှင်စရာအမှတ်တရများ ဖန်တီးနိုင်ရန်အတွက် ယခုကဲ့သို့ ကျင်းပပေးရခြင်းဖြစ်ကြောင်း ရန်ကုန်တိရစ္ဆာန်ဥယျာဉ်မှ သတင်းထုတ်ပြန်ထားသည်။

ပွဲတော်ရက်များအတွင်း အစားအသောက်မျိုးစုံနှင့် ဈေးအရောင်းဆိုင်များ၊ ပျော်ရွှင်စရာတေးသံသာများဖြင့် ဖျော်ဖြေတင်ဆက်မှုများ၊ မြန်မာ့ရိုးရာအကအလှများနှင့် အမှတ်တရဓာတ်ပုံ ရိုက်ကူးနိုင်မည့် အစီအစဉ်များအပါအဝင် အခြားအစီအစဉ်များစွာကိုလည်း ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

TWA



❖ စာမျက်နှာ ၆ မှ

လက်ရှိအခြေအနေတွင် သစ်သီးဝလံစိုက်ပျိုးမှုကိုကြည့်လျှင် ရှမ်းပြည်နယ်က အများဆုံးထုတ်လုပ်နေပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် လည်း စိုက်ပျိုးမှုရှိပါသည်။ ဒေသအလိုက် သဘာဝရာသီဥတုနှင့် အခြေအနေအရစိုက်ပျိုးသည့် သစ်သီးဝလံများကွဲပြားမှုရှိပြီး ရှမ်းပြည်နယ်တွင် ပန်းသီး၊ လိမ္မော်သီး၊ ထောပတ်သီး၊ လိုင်ချီး၊ ကော်ဖီ စသည်တို့ အများဆုံးစိုက်ပျိုးကာ ကချင်ပြည်နယ်တွင် ငှက်ပျော၊ လိုင်ချီး၊ မန္တလေးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် သရက်သီး၊ ငှက်ပျောသီး၊ စပျစ်သီး၊ အောက်မြန်မာပြည်တွင် ငှက်ပျောသီး၊ ပိန္နဲသီး၊ နာနတ်သီး၊ ကျွဲကောသီး၊ ဒူးရင်းသီး၊ မင်းကွတ်သီး စသည်တို့ဖြစ်ပါသည်။

ပြည်တွင်းစိုက်ပျိုးထုတ်လုပ်မှု၏ အားလုံးနီးပါးကို ပြည်တွင်းမှာပင် စားသုံးကြပြီး ပို့ကုန်တင်ပို့မှု ရာခိုင်နှုန်းအနည်းငယ်မျှသာရှိသေးသည်။ အဓိက ဈေးကွက်မှာ တရုတ်၊ ထိုင်း၊ စင်ကာပူ၊ ဘင်္ဂလားဒေ့ရှ်တို့ကိုသာ နယ်စပ်ကုန်သွယ်မှုမှ အများဆုံးတင်ပို့နိုင်ပါသည်။ အစဉ်အလာအရ မြန်မာ့သစ်သီးဝလံ ပို့ကုန်များတွင် ငှက်ပျောတင်ပို့မှုက အများဆုံးဖြစ်ပြီး ယခင် တရုတ်-မြန်မာ-တရုတ်နယ်စပ် ကုန်သွယ်ရေးအဆင့် ဒေါ်လာသန်း ၂၀၀-၃၀၀ ဝန်းကျင်ရှိကာ တရုတ်နိုင်ငံသို့ တင်ပို့ခြင်းဖြစ်ပါသည်။ သို့သော် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်း အခက်အခဲရှိလာ၍ ယခင်ကလောက် တင်ပို့မှုမပြုလုပ်နိုင်သေးခြင်းကလည်း စိန်ခေါ်မှုတစ်ရပ်ဖြစ်ပါသည်။ အခြားတင်ပို့နေသည့် သစ်သီးဝလံများအနက် သီဟိုဠ်စေ့၊ ကော်ဖီ၊ ဝဠာ၊ ဟင်းခတ်အမွှေးအကြိုင်၊ ထောပတ်သီး၊ သရက်သီး၊ ဖရဲသီး စသည်တို့ဖြစ်ပါသည်။

အမှန်တကယ်မူ အာရှတိုက်တွင် လက်ရှိ သစ်သီးဝလံအများဆုံး ဝယ်ယူသူမှာ တရုတ်၊ ဗီယက်နမ်၊ ဂျပန်၊ အိန္ဒိယ၊ အင်ဒိုနီးရှား စသည်တို့ဖြစ်သော်လည်း မြန်မာအနေဖြင့် တရုတ်၊ ထိုင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့သို့ သစ်သီးဝလံ အနည်းငယ်သာ တင်ပို့ပါသည်။ အိန္ဒိယနိုင်ငံသို့ သစ်သီးဝလံတင်ပို့မှုနှင့် ထောပတ်သီးတင်ပို့မှု အနည်းငယ်ကိုသာ စတင်နိုင်သေးသော်လည်း အိန္ဒိယနိုင်ငံက အများဆုံး ဝယ်ယူနေသည့် သီဟိုဠ်စေ့၊ ဟင်းခတ်အမွှေးအကြိုင်များ၊ လတ်ဆတ်သောသစ်သီးများ တင်ပို့မှုမပြုလုပ်နိုင်သေးပါ။

အရေးကြီးသည်မှာ စီးပွားဖြစ် သစ်သီးဝလံ အထူးဇုန်များအကောင်အထည်ဖော်ရာတွင် ဒေသအခြေအနေနှင့်ကိုက်ညီသည့် သစ်သီးဝလံဖြစ်ရန် လိုခြင်း၊ ကမ္ဘာ့ဈေးကွက်တွင်လည်း ဝယ်လိုအားများပြီး ဈေးနှုန်းကောင်းခြင်း၊ လာမည့်အနာဂတ်တွင်လည်း တိုးတက်မှုနှုန်းကောင်းခြင်း၊ အစဉ်အလာစိုက်ပျိုးနေသည့်မျိုးများကို ယခုထက်အထွက်နှုန်းနှင့် အရည်အသွေးကောင်းလာစေရန် စဉ်ဆက်မပြတ် သုတေသနလုပ်ဆောင်ခြင်း၊ အဆိုပါ သစ်သီးဝလံစိုက်ပျိုးရေးဇုန်များတွင် စတင်စိုက်ပျိုးသည်မှ ရိတ်သိမ်းသည်အထိ ကောင်းမွန်သည့် လယ်ယာအလေ့အကျင့်ကို ကျင့်သုံးစေခြင်း၊ ဆိုလိုသည်မှာ မျိုးအသုံးပြုသည့် ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး စသည်တို့နှင့်ပတ်သက်၍ မှတ်တမ်းများထားရှိခြင်းတို့ဖြစ်သည်။

ယခုအခါ ကမ္ဘာ့နိုင်ငံများအနေဖြင့် စားသုံးသူများ၏ ဘေးကင်းလုံခြုံမှုကို အပြည့်အဝ အကာအကွယ်ပေးနိုင်ရန်အတွက် သစ်သီးဝလံအပါအဝင် လယ်ယာစားသောက်ကုန်များကို စတင်စိုက်ပျိုးထုတ်လုပ်သည်မှ စားသုံးသူသုံးစွဲသည်အထိ နောက်ကြောင်းပြန်လိုက်နိုင်မှု စနစ်ကို ကျင့်သုံးနေခြင်းကြောင့် စိုက်ပျိုးထုတ်လုပ်သူတိုင်း GAP ကို မဖြစ်မနေ လိုက်နာကျင့်သုံးရပါမည်။ လက်ရှိအခြေအနေတွင်လည်း မြန်မာ့သစ်သီးဝလံများ (ဥပမာ- သရက်သီး၊ ဖရဲသီး၊ ထောပတ်သီး) စသည်တို့တွင် ဓာတုဓာတ်အကြွင်းအကျန် ရာခိုင်နှုန်းက သတ်မှတ်ချက်အတိုင်းဖြစ်စေရန် အထူးသတိပြုရမည်ဖြစ်သည်။ တစ်ဆက်တည်းမှာပင် သစ်သီးဝလံများ ရိတ်သိမ်းသည်မှ ဈေးကွက်အရောက် သယ်ယူပို့ဆောင်ဖြန့်ဖြူးရာတွင်လည်း အအေးခန်းကုန်စည်ပို့ဆောင် သယ်ယူသည့်စနစ်ကို လုပ်ဆောင်နိုင်မှုသာ **သစ်သီးများ၏ လတ်ဆတ်မှုနှင့် အရည်အသွေးကို ထိန်းသိမ်းနိုင်မည်ဖြစ်သည်။**

ဦးစွာ ယခုအချိန်တွင် မြန်မာနိုင်ငံအနေဖြင့် မြင့်မားသည့်ဈေးနှုန်းနှင့် အဝယ်များသည့် သစ်သီးဝလံများအနက် ဦးစားပေးစိုက်ပျိုးသင့်သည့် သစ်သီးဝလံများမှာ ငှက်ပျောသီး၊ လိမ္မော်သီး၊ ဖရဲသီး၊ သံပရာသီး၊ နာနတ်သီး စသည်တို့ဖြစ်သည်။ ပို၍အရေးကြီးသည်မှာ ၂၀၂၄ ခုနှစ်မှစ၍ ဈေးနှုန်းမြင့်မားပြီး ဝယ်လိုအားကောင်းသည့် ထောပတ်သီး၊ ဒူးရင်းသီး၊ မင်းကွတ်သီး၊ သရက်သီး၊ စပျစ်သီး စသည်တို့မှာ အခြားသစ်သီးဝလံများထက် ဈေးနှုန်းမြင့်မားသည့်အပြင် ဝယ်လိုအားပါ အထူးကောင်းသည့်အတွက် ဦးစားပေးစိုက်ပျိုးသင့်ပါသည်။

မွန်၊ ကရင်နှင့် ရှမ်းပြည်နယ်၊ မန္တလေး၊ ပဲခူး၊ ရန်ကုန်၊ ဧရာဝတီနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် သစ်သီးဝလံ အထူးပြုဇုန်များ ဖော်ဆောင်သင့်ပါသည်။ အထူးသတိပြုရမည်မှာ သစ်သီးဝလံထုတ်လုပ်မှုနှင့် တင်ပို့မှုအတွက် တွေ့ကြုံနေရသည့် စိန်ခေါ်မှုများနှင့် အခက်အခဲများကိုလည်း နိုင်ငံတော်က အတတ်နိုင်ဆုံး ပံ့ပိုးဖြေရှင်းပေးနေသည့်ကာလဖြစ်၍ စီးပွားဖြစ်သစ်သီးဝလံများ စိုက်ပျိုးထုတ်လုပ်မှုအတွက် ပတ်ဝန်းကျင်ကောင်း ပိုမိုရှိနေပြီဖြစ်ပါသည်။

လိုအပ်သည့် အခြေခံအဆောက်အအုံများကိုလည်း ဖြည့်စွမ်းပေးရန်လိုပါသည်။ စီးပွားဖြစ် သစ်သီးဝလံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေးအတွက် မျိုးအပါအဝင် သွင်းအားစုများ ပံ့ပိုးပေးခြင်း၊ နည်းပညာ၊ ဘဏ္ဍာငွေအထောက်အပံ့ပေးခြင်း၊ သယ်ယူပို့ဆောင်ဆိုလောင်မှုများ အဆင်ပြေစေရန် လုပ်ဆောင်ပြီး ပြည်တွင်း၊ ပြည်ပဈေးကွက် ထိုးဖောက်နိုင်ရေးနှင့် ဈေးကွက်ရရှိရေး လုပ်ဆောင်ခြင်း၊ ယှဉ်ပြိုင်မှုရှိစေရန် အဘက်ဘက်မှ ပံ့ပိုးပေးခြင်း၊ ဒီဂျစ်တယ်မားကတ်တင်းများ ပါဝင်သည့် e-commerce များအသုံးပြုခြင်း စသည်တို့လည်း လိုအပ်ပါသည်။

အခြေအနေနှင့် အချိန်အခါကောင်းဖြစ်ခြင်း

အကယ်၍သာ နိုင်ငံတော်နှင့် ပါဝင်ပတ်သက်သူများအားလုံး ပူးပေါင်းဖော်ဆောင်သည့်ပုံစံ (PPP) ဖြင့် တွန်းတွန်းတိုက်တိုက် လုပ်ဆောင်မည်ဆိုလျှင် အချိန်တိုအတွင်း များစွာတိုးတက်နိုင်သည့် လယ်ယာပို့ကုန်ဖြစ်လာပါမည်။ နိုင်ငံတော်က လယ်ယာအခြေပြု တိုးတက်မှုနည်းလမ်းများကို ဦးစားပေးဖော်ဆောင်နေမှုနှင့် လက်တွေ့ကျသည့် အားပေးပံ့ပိုးကူညီမှုများ လုပ်ဆောင်နေသည့် အတွက် သစ်သီးဝလံတိုးချဲ့စိုက်ပျိုး ထုတ်လုပ်တင်ပို့ရေးကို ထိရောက်ကြီးမားသည့် တွန်းအားဖြစ်သောကြောင့် အခြေအနေကောင်းနှင့် အချိန်အခါကောင်းဖြစ်၍ အသေးစိတ် မဟာဗျူဟာများချမှတ်ပြီး PPP ပုံစံဖြင့် အားလုံးပူးပေါင်းပါဝင် ကြိုးစား လုပ်ဆောင်မည်ဆိုလျှင် လျင်မြန်သည့်တိုးတက်မှုကို ဖော်ဆောင်နိုင်မည်ဖြစ်ပါသည်။

ရည်ညွှန်းကိုးကား

F.A.O : Building responsible global value chain for tropical fruits https://www.fao.org>market-and-trade>responsible-fruit...
F.A.O : Tropical Fruit : https://www.fao.org>...>banana and tropical fruit
Fruitnet : Analysis : China's Fruit sees strong growth in 2025 https://www.fruitnet.com
MFFVPEA : Myanmar Fruit Flower and Vegetable Producer and Exporter Association, Yangon. https://www.mffvpea.org
Robobank : World Fruit Map : A changing basket of fruits and trade flows July, 2025,https://www.robobank.com>Home>knowledge
USDA : Global Trade, Pattern in Fruits and Vegetables https://www.org.usda.gov>publication

တိုင်းရင်းသားလူမျိုးပေါင်းစုံပါဝင်သည့် ၂၀၂၆ ခုနှစ် ကချင်ရိုးရာ ကောက်သစ်စား (အင်လုံအင်နှန်ရှား)ပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပ

မြစ်ကြီးနား နိုဝင်ဘာ ၁၇

ကချင်ပြည်နယ်အတွင်းရှိ ဌာနေတိုင်းရင်းသားတို့၏ ထင်ရှားသည့် ရိုးရာပွဲတော်တစ်ခုဖြစ်ပြီး နှစ်စဉ်ဆန်စပါးနှင့် ကောက်ပဲသီးနှံရိတ်သိမ်းပြီးချိန်တွင် ကျင်းပသည့် ကချင်ရိုးရာကောက်သစ်စား (အင်လုံအင်နှန်ရှား)ပွဲတော်ကို ယခုနှစ်တွင် ကချင်ပြည်နယ်အစိုးရအဖွဲ့နှင့် မြန်မာနိုင်ငံ ကချင်လူမျိုး ရိုးရာယဉ်ကျေးမှုအသင်းချုပ်တို့ ပူးပေါင်း၍ ယနေ့နံနက် ၉ နာရီက မြစ်ကြီးနားမြို့ စီတာပူ မနောကွင်းအတွင်းရှိ မဂျွယ်ခန်းမ၌ ဌာနေတိုင်းရင်းသားလူမျိုးပေါင်းစုံဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။



ဖကြိုးဖြတ်ဖွင့်လှစ်ပေး

ကချင်ရိုးရာ ကောက်သစ်စားပွဲတော်မှခံဦးကို ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းမောင်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နှန်၊ ပြည်ထောင်စုအတိုင်ပင်ခံကောင်စီဝင် ဒေါ်ခြဲဘူ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ မြန်မာနိုင်ငံ ကချင်လူမျိုးရိုးရာယဉ်ကျေးမှုအသင်းချုပ်ဥက္ကဋ္ဌနှင့် ငြိမ်းချမ်းရေးအကျိုးဆောင်တို့က ဖကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ကချင်ရိုးရာကောက်သစ်စား (အင်လုံအင်နှန်ရှား)ပွဲတော် ကျေးဇူးတော်ခံမြေမှဲးပွဲကို ဆက်လက်ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်က ယနေ့ပွဲတော်သည် ကချင်လူမျိုးများ၏ ဘိုးဘေးစဉ်ဆက်လက်ထက်ကတည်းက ကျင်းပကြသည့် ရိုးရာပွဲတော်များအနက် ထင်ရှားသည့် အင်လုံအင်နှန်ရှားပွဲ(ခေါ်) ရိုးရာကောက်သစ်စားပွဲ ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ ယခုကဲ့သို့ မိမိတို့၏ရိုးရာပွဲတော်ကို ဌာနေတိုင်းရင်းသားများအားလုံးနှင့် အတူတကွ ချစ်ခင်စည်းလုံးစွာ ပါဝင်တက်ရောက်ချီးမြှင့်ပေးပါသော ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများအားလုံးကို ကျေးဇူးအထူးပင်တင်ရှိပါကြောင်း ကြိုဆိုနှုတ်ခွန်းဆက် စကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က ကချင်တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုပွဲတော်ကို အတူတကွ ပါဝင်ဆင်နွှဲခွင့်ရသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း၊ ကောက်သစ်စားပွဲတော်၏ အနှစ်သာရဖြစ်သည့် စည်းလုံးခြင်း၊ ညီညွတ်ခြင်း၊ ဘိုးဘေးများ၏ ရိုးရာဓလေ့ကို တန်ဖိုးထားထိန်းသိမ်းခြင်းနှင့် ဆန်ရေစပါးပေါကြွယ်ဝခြင်းကို ဖော်ဆောင်ပြီး တိုင်းရင်းသားအားလုံး၏ စည်းလုံးညီညွတ်ခြင်းကို ထုတ်ဖော်ပြသခြင်းဖြစ်သည့်အတွက် နိုင်ငံတော်အတွက်သာမက ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းရေးနှင့် ဘက်ပေါင်းစုံဖွံ့ဖြိုးတိုးတက်ရေးကို များစွာ အထောက်အကူပြုမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ကချင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်မှု၊ စည်းလုံးညီညွတ်မှုနှင့် ငြိမ်းချမ်းသာယာဝပြောမှုတို့ကို ယခုထက်ပိုမိုတိုးတက်မြင့်မားလာပါစေကြောင်း ပြောကြားသည်။

ယင်နောက် ကျေးဇူးတော်ခံမြေမှဲးဝတ်ပြုခြင်းအစီအစဉ်ကို ဘာသာရေးအသင်းအဖွဲ့အသီးသီးမှ ဓမ္မဆရာများ၊ သိက္ခာတော်ရဆရာများက ဦးဆောင်၍ အဖွင့်ကျမ်းစာ ဖတ်ကြားခြင်း၊ ဆုတောင်းဆက်ကပ်ခြင်း၊ ဓမ္မတေးသီချင်းသီဆိုခြင်းနှင့် တိုင်းရင်းသား၊ တိုင်းရင်းသူလေးများ၏ ကောက်ပဲသီးနှံ တေးကဗျာရွတ်ဆိုချီးမွမ်းခြင်း၊ ဓမ္မဒေသနာတော် ဟောပြောခြင်း၊ ငြိမ်းချမ်းရေးနှင့် ဒေသဖွံ့ဖြိုးရေးအတွက် အထူးဆုတောင်းဆက်ကပ်ခြင်းတို့ကို စုပေါင်းဆောင်ရွက်ကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် တိုင်းမှူးတို့က ရိုးရာကောက်ဦးပလိုင်းလက်ဆောင်များကို အခမ်းအနားတက်ရောက်ကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ ကောင်စီအဖွဲ့ဝင်နှင့် ဧည့်သည်တော်များထံ ပေးအပ်ကြပြီး ဓမ္မတေးသီချင်းသီဆိုခြင်းနှင့် ကောင်းချီးတောင်းခံဆုတောင်းဆက်ကပ်ပေးပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြသည်။

ထို့နောက် တက်ရောက်လာကြသူများက တစ်နှစ်တာအတွင်း အဦးအဖျားရရှိသော ကောက်သစ် (ဆန်)ဖြင့် ချက်ပြုတ်ထားသော နေ့လယ်စာကို အတူတကွရင်းနှီးနွေးထွေးစွာ သုံးဆောင်ကြပြီး တိုင်းရင်းသားရိုးရာအကအလှများဖြင့် ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် မနောတိုင်ရှေ့ မနောရင်ပြင်၌ ကချင်တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုတွင် အထင်ကရနှင့် အကျော်ကြားဆုံးဖြစ်သည့်အပြင် ကချင်တိုင်းရင်းသားတို့၏ သွေးစည်းညီညွတ်မှုနှင့် ယဉ်ကျေးမှုအလှကို ဖော်ထုတ်ပြသသည့် "ထောင်ကာ" အကကို ရိုးရာတေးဂီတအဖွဲ့နှင့်အတူ ဝိုင်းဖွဲ့၍ ပျော်ရွှင်စွာ စုပေါင်းဆင်နွဲကြသည်။

ဆက်လက်၍ မြစ်ကြီးနားမြို့ စီတာပူ(စက်မှု)ရပ်ကွက်အတွင်း ကချင်ပြည်နယ်ကျောက်မျက်လုပ်ငန်းရှင်များအသင်း(မြစ်ကြီးနား)၏ ကျောက်စိမ်း၊ ကျောက်မျက်အချောထည် ရောင်းဝယ်ရေးစင်တာသို့ သွားရောက်၍ အချောထည်ရောင်းဝယ်ရေးစင်တာ၌ ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပယင်းများကို အချောထည်ပြုလုပ်၍ ပြည်တွင်းစျေးကွက်အတွင်း ရောင်းချလျက်ရှိသည့် အခြေအနေများကို လှည့်လည်ကြည့်ရှုအားပေးကြပြီး စျေးကွက်ရရှိမှုအခြေအနေများ မေးမြန်းဆွေးနွေးကာ အချောထည်ပြုလုပ်ရောင်းချနိုင်ခြင်းအပြင် ပိုမိုကောင်းမွန်သည့် အရည်အသွေးနှင့် ခေတ်မီဒီဇိုင်းသစ်များ ထုဆစ်ရောင်းချခြင်းဖြင့် စျေးကွက်ပိုမိုရရှိအောင် ကြိုးစားကြရေး မှာကြားသည်။

ထိုမှတစ်ဆင့် မြစ်ကြီးနား ရွှေညောင်ပင်ရပ်ကွက်အတွင်း "ဂျိမ်းဖောသူ" တိုင်းရင်းသားရိုးရာရက်ကန်းလုပ်ငန်းသို့ သွားရောက်၍ ရက်ကန်းရုံအတွင်း ကချင်တိုင်းရင်းသားရိုးရာ အဆင်ဒီဇိုင်းများအား စက်ရက်ကန်း၊ လက်ရက်ကန်းစင်များဖြင့် ရက်လုပ် နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

ဖလမ်းမြို့ ငဆစ်ဗားရေအားလျှပ်စစ်စက်ရုံနှင့် တီးတိန်မြို့တွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

ဖလမ်း နိုဝင်ဘာ ၁၇

ဖလမ်းမြို့နယ် ဗဟိရဲတံတားအနီးရှိ တစ်စိတ်တစ်ပိုင်း ပျက်စီးသွားသည့် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း၊ ငဆစ်ဗားလျှပ်စစ်စက်ရုံ ငဆစ်ဗားရိပ်သာပြန်လည်ပြုပြင်ခြင်းနှင့် ရေအားလျှပ်စစ်စက်ရုံ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်ချုပ် ကျော်ကျော်ဟန်သည် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးကော်မတီဝင်များနှင့် အတူ ကွင်းဆင်းကြည့်ရှုပြီး အရည်အသွေးကောင်းမွန်ပြီး အချိန်မီပြီးစီးရေးနှင့် စက်ပစ္စည်းများ ထပ်မံဖျက်စီးဆုံးရှုံးမှု မရှိစေရေး ကြပ်မတ်ဆောင်ရွက်ရန် ဆွေးနွေးမှာကြားသည်။



စားသောက်ဖွယ်ရာများ ပေးအပ်

ထို့နောက် ဗဟိရဲတံတားတစ်လျှောက် လုံခြုံရေးဆောင်ရွက်ထားရှိမှုအခြေအနေကို ကြည့်ရှုစစ်ဆေးကာ လုံခြုံရေးတာဝန်ထမ်းဆောင်နေသည့် နယ်မြေခံတပ်မတော်သားများ၊ နယ်မြေခံရဲတပ်ဖွဲ့ဝင်များအား လုံခြုံရေးဆိုင်ရာများကို မှာကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ယမန်နေ့ကလည်း ဒုတိယဝန်ကြီးသည် အဖွဲ့ဝင်များနှင့်အတူ တီးတိန်မြို့ ခုတင် (၁၀၀) ဆုံ ပြည်သူ့ဆေးရုံဝင်းအတွင်း တိုးချဲ့ဆောင် တည်ဆောက်ပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ ဆေးရုံ၌ ဆေးကုသမှုခံယူနေသူများကို အားပေးစကား ပြောကြား၍ ဆေးရုံဝန်ထမ်းများအတွက် ချီးမြှင့်ငွေများ ပေးအပ်လျှဒါန်းသည်။

ယင်းနောက် တီးတိန်မြို့ဗဟို ကျောင်းဝင်းအတွင်းရှိ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း KG စာသင်ဆောင်နှင့် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းသားစားရိပ်သာ ရာနှုန်းပြည့်ပြုပြင်ပြီးစီးမှု၊ သာသနာရေးဦးစီးဌာန နှစ်ခန်းတွဲနှစ်ထပ် ဝန်ထမ်းအိမ်ရာနှင့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန နှစ်ခန်းတွဲတစ်ထပ် ဝန်ထမ်းအိမ်ရာ ရာနှုန်းပြည့်ပြုပြင်ပြီးစီးမှု အခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

ကျုံပျော်မြို့နယ်၌ လိုင်စင်ရတံဆိပ်ခေါင်း ရောင်းချသူများအား ပညာပေးဆွေးနွေး

ကျုံပျော် နိုဝင်ဘာ ၁၇

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် အခွန်ဦးစီးဌာနမှုးရုံး၌ ယနေ့မွန်းလွဲပိုင်းက မြို့နယ်အတွင်း ခန့်အပ်ထားသည့် လိုင်စင်ရတံဆိပ်ခေါင်းရောင်းချသူများအား ပညာပေးဆွေးနွေးပေးခဲ့သည်။

ဆွေးနွေး

မြို့နယ်အခွန်ဦးစီးဌာနမှုးက မြို့နယ်အတွင်း ခန့်အပ်ထားသည့် လိုင်စင်ရတံဆိပ်ခေါင်း ရောင်းချသူများအား တံဆိပ်ခေါင်းခွန်အက်ဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ရုံးခွန်နှင့် အခွန်တံဆိပ်ခေါင်းများ ရောင်းချခြင်းဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် အညီ တိကျစွာ လိုက်နာဆောင်ရွက်စေရေး၊ ရောင်းချရာတွင် သတ်မှတ်နှုန်းထားအတိုင်း မှန်ကန်စွာရောင်းချရေး၊ စာရင်းဇယားများ စနစ်တကျထားရှိရေးနှင့် သတ်မှတ်စည်းကမ်းချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ရေးတို့ကို ပညာပေးဆွေးနွေးခဲ့သည်။

ထို့နောက် တက်ရောက်လာကြသည့် လိုင်စင်ရတံဆိပ်ခေါင်း ရောင်းချသူများက သိရှိလိုသည်များနှင့် လုပ်ငန်းပိုင်းဆိုင်ရာများကို အပြန်အလှန် မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

နေဝင်းမြင့်(ပြန်/ဆက်)



မြန်မာနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့အကြား လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်နိုင်ရေး ဆွေးနွေး

နေပြည်တော် နိုဝင်ဘာ ၁၇

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်ထံ ကမ္ဘောဒီးယားနိုင်ငံ သတ္တုနှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Cheap Sour ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့က ယနေ့ ညနေပိုင်းတွင် နေပြည်တော်ရှိ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ရေနံ့သာခန်းမ၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ လက်ရှိသဘာဝဓာတ်ငွေ့တူးဖော်ထုတ်လုပ်လျက်ရှိသည့် ကမ်းလွန်လုပ်ကွက်များ၊ သဘာဝဓာတ်ငွေ့ထုတ်လုပ်ရန် အလားအလာကောင်းသော ကမ်းလွန်လုပ်ကွက်များနှင့် လစ်လပ်လျက်ရှိသော ကမ်းလွန်လုပ်ကွက်တို့တွင် ကမ္ဘောဒီးယားနိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုများ ပူးပေါင်းဆောင်ရွက်နိုင်ရေး၊ ကမ္ဘောဒီးယားနိုင်ငံတွင် လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်ရန်အတွက် စွမ်းအင်အရင်းအမြစ်များ ပေါင်းစပ်အသုံးပြုလျက်ရှိသည့် အပြင် အိမ်နီးချင်းနိုင်ငံများဖြစ်သည့် ဗီယက်နမ်နှင့် လာအိုနိုင်ငံတို့မှ လျှပ်စစ်ဓာတ်အား ချိတ်ဆက်ရယူနေရမှုအခြေအနေ၊ ကမ္ဘောဒီးယားနိုင်ငံတွင် တည်ဆောက်လျက်ရှိသည့် Power Plant အတွက် လိုအပ်မည့် သဘာဝဓာတ်ငွေ့ကို မြန်မာနိုင်ငံ၏ လက်ရှိသွယ်တန်းထားရှိသည့် ပိုက်လိုင်းနှင့် အခြေခံအဆောက်အအုံများကို အသုံးပြု၍ LNG နှင့် သဘာဝဓာတ်ငွေ့ရောင်းဝယ်နိုင်ရေး၊ မြန်မာနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့အကြား လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်နိုင်ရေးတို့နှင့်ပတ်သက်ပြီး ရင်းနှီးပွင့်လင်းစွာ အဖြေရှာဖလှယ် ဆွေးနွေးကြသည်။



အဆိုပါတွေ့ဆုံပွဲသို့ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်အတူ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီးနှင့် ကမ္ဘောဒီးယားနိုင်ငံမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

သစ်အခြေခံစက်မှုလုပ်ငန်း၊ ပရိဘောဂလုပ်ငန်း၊ တစ်ဝက်တစ်ပျက် သစ်အချောထည်နှင့် သစ်အချောထည်ပစ္စည်းများ ပြည်တွင်းထုတ်လုပ်မှု ပိုမိုတိုးတက်လာစေရေး ဆွေးနွေး



နေပြည်တော် နိုဝင်ဘာ ၁၇

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသောင်းနိုင်ဦးသည် တာဝန်ရှိသူများနှင့်အတူ မြန်မာနိုင်ငံသစ်တောထွက်ပစ္စည်းနှင့် သစ်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပုဂ္ဂလိကစိုက်ခင်းအသင်း ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား ယမန်နေ့ မွန်းလွဲပိုင်း ကသယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ(၂)၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် သစ်အခြေခံစက်မှုလုပ်ငန်း၊ ပရိဘောဂလုပ်ငန်း၊ တစ်ဝက်တစ်ပျက် သစ်အချောထည်နှင့် သစ်အချောထည်ပစ္စည်းများ ပြည်တွင်းထုတ်လုပ်မှု ပိုမိုတိုးတက်လာစေရေး၊ ထုတ်လုပ်ပြီး သစ်နှင့်သစ်တောထွက်ပစ္စည်းများ၊ ယူကလစ်နှင့် မန်ဂျန်ရှားပရိဘောဂများ ပြည်တွင်းသယ်ယူပို့ဆောင်ရာတွင် လွယ်ကူလျင်မြန်ချောမွေ့စေရေးနှင့် ပြည်ပတင်ပို့မှုလုပ်ငန်းများ ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ရေးတို့ အတွက် သက်ဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ မူဘောင်များနှင့်အညီ ပြည်ပတင်ပို့မှုဆိုင်ရာ လုပ်ငန်းစဉ်များ ဖြေလျှော့နိုင်ရေး ကိစ္စရပ်များ၊ သစ်တောလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ခေတ်စနစ်နှင့်အညီ စီမံခန့်ခွဲဆောင်ရွက်နိုင်ရေး အတွက် သစ်တောဥပဒေ(၂၀၁၈) ပြင်ဆင် ရေးဆွဲနိုင်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

■



ကျိုင်းတုံမြို့၌ လိုင်စင်ရ တံဆိပ်ခေါင်းရောင်းချသူများအား အသိပညာပေး

ကျိုင်းတုံ နိုဝင်ဘာ ၁၇

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်အတွင်းရှိ လိုင်စင်ရတံဆိပ်ခေါင်းရောင်းချသူများ၏ လုပ်ငန်းဆောင်ရွက်မှုများ ပိုမိုကျွမ်းကျင်လာစေရန်နှင့် ပြည်သူများအား ကောင်းမွန်သည့် ဝန်ဆောင်မှုများပေးနိုင်စေရန်အတွက် နိုဝင်ဘာ ၁၆ ရက်က လိုင်စင်ရတံဆိပ်ခေါင်းရောင်းချသူများအား ပညာပေးဆွေးနွေးပွဲကို မြို့နယ်အခွန်ဦးစီးဌာနမှုန်းရုံး၌ ပြုလုပ်သည်။

ဦးစွာ ကျိုင်းတုံမြို့နယ်အခွန်ဦးစီးဌာနမှုန်း လက်ထောက်ညွှန်ကြားရေးမှူးက လိုင်စင်ရတံဆိပ်ခေါင်းရောင်းချသူများအနေဖြင့် ဥပဒေ၊ နည်းဥပဒေများ၊ ပြည်တွင်းအခွန်များဦးစီးဌာနမှ ထုတ်ပြန်ထားသော အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ တိကျစွာ လိုက်နာဆောင်ရွက်နိုင်ရန် အသိပညာပေး ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

အောင်ဇင်မြင့်(ပြန်/ဆက်)

ဝေါမြို့နယ်၌ ဥပဒေဆိုင်ရာ သင်ခန်းစာဆွေးနွေးပွဲ ကျင်းပ

ဝေါ နိုဝင်ဘာ ၁၇

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်တွင် အခြေခံပညာအလယ်တန်းအဆင့် စာရိတ္တနှင့် ပြည်သူ့ဝိတိဘာသာရပ်ဥပဒေဆိုင်ရာ သင်ခန်းစာဆွေးနွေးပွဲကို နိုဝင်ဘာ ၁၅ ရက်က အခြေခံပညာအထက်တန်းကျောင်း (ဝေါ) သိရိဓေယျာခန်းမ၌ ကျင်းပသည်။



ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသက်လွင်က အမှာစကား ပြောကြားပြီး မြို့နယ်ပညာရေးမှူး ဒေါ်လှကြူမောက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားကာ မြို့နယ်ဥပဒေအရာရှိ ဒေါ်ခင်မြင့်မြင့်လှိုင်က ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေး ရှင်းလင်းပြောကြားသည်။

သင်ကြားပို့ချပေး

အဆိုပါ သင်တန်းကို နိုဝင်ဘာ ၁၄ ရက်မှ ၁၅ ရက်အထိ နှစ်ရက်ကြာ သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

အာကာ(ပြန်/ဆက်)



ကလောမြို့နယ်၌ အခြေခံချည်အိတ်ထိုးနည်း သင်တန်းဖွင့်

ကလော နိုဝင်ဘာ ၁၇

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်း၍ နိုဝင်ဘာ ၁၆ ရက်က အခြေခံချည်အိတ်ထိုးနည်းသင်တန်းကို လူထုအခြေပြုဗဟိုဌာန၌ ဖွင့်လှစ်သည်။

ဦးစွာ ကလောမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူးက သင်တန်းဖွင့်လှစ်ခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး သင်တန်းသူ ၁၀ ဦးအား နိုဝင်ဘာ ၁၆ ရက်မှ ၂၀ ရက်အထိ သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

ကျော်ဝင်း(ကလော)



မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်အတွင်း အယ်လ်နီညိုကြောင့် ဖြစ်ပေါ်လာမည့်မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေးအတွက် မြို့နယ်မီးသတ်ဦးစီးမှူး ဦးစိုးသူ ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များက မြို့နယ်အတွင်းရှိ စက်ရုံ/အလုပ်ရုံများ၌ မီးဘေးလုံခြုံရေးဆိုင်ရာ စစ်ဆေးခြင်းကို နိုဝင်ဘာ ၁၇ ရက်က ဆောင်ရွက်စဉ်။ ခရိုင်(ပြန်/ဆက်)

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တွင် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မီးသတ်ဦးစီးဌာနမှ မြို့နယ်မီးသတ်ဦးစီးမှူး ဦးကောင်းထက်နိုင်နှင့်တပ်ဖွဲ့ဝင်များက မြို့ပေါ်အတွင်းရှိ စက်သုံးဆီဆိုင်များအား မီးဘေးလုံခြုံရေးကွင်းဆင်းစစ်ဆေးခြင်းကို နိုဝင်ဘာ ၁၆ ရက်က ကွင်းဆင်းဆောင်ရွက်စဉ်။ မြို့နယ်(ပြန်/ဆက်)



ပြည်သူ့လွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီနှင့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



နေပြည်တော် နိုဝင်ဘာ ၁၇

ပြည်သူ့လွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီသည် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင် အဆောင်အမှတ် (I-3) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ကော်မတီဥက္ကဋ္ဌ ဦးသန်းထွန်းဦးက လွှတ်တော်တွင် မေးမြန်းသည့် ကြယ်ပွင့်ပြ မေးခွန်းနှင့် ကြယ်ပွင့်မပြမေးခွန်းများအား အကောင်အထည်ဖော်မှုကို ဝန်ကြီးဌာနအချင်းချင်းနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များအကြား ချိတ်ဆက်ဆောင်ရွက်ရမည့် ကတိများကို တာဝန်ယူ ပူးပေါင်းဆောင်ရွက်နိုင်ရန်၊ ကတိဖြစ်ထားသည့် လုပ်ငန်းများကို သတ်မှတ်ဘဏ္ဍာနှစ်အတွင်း ပြီးစီးစေရန်၊ သတ်မှတ်ဘတ်ဂျက်အတွင်း ထည့်သွင်းလျာထား ဆောင်ရွက်ရန်နှင့် လွှတ်တော်နှင့် အစိုးရသက်တမ်းငါးနှစ်အတွင်း အမှန်တကယ် ဆောင်ရွက်ပေးနိုင်မည့် ကတိများကိုသာ ပေးအပ်ရန်လိုအပ်ကြောင်း၊ ဝန်ကြီးဌာနများအနေဖြင့် လုပ်ငန်းပြီးစီးမှု စာရွက်စာတမ်းအထောက်အထားနှင့် မှတ်တမ်းဓာတ်ပုံများကို ကော်မတီသို့ တင်ပြပေးပို့ရန်နှင့် လွှတ်တော်ဥက္ကဋ္ဌ၏ လမ်းညွှန်ချက်အရ ကွင်းဆင်းစစ်ဆေးရမည့် ကိစ္စရပ်များနှင့် လမ်းပန်းဆက်သွယ်ရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာ အခြေခံအဆောက်အအုံ လိုအပ်ချက်များကို လွှတ်တော်မှတ်တမ်းအတိုင်း အရည်အသွေး ပြည့်မီစွာဖြင့် သတ်မှတ်ကာလအတွင်း ပြီးစီးအောင် လက်တွေ့ကျကျ ပေါင်းစပ်ဆောင်ရွက် သွားကြရမည်ဖြစ်ကြောင်း၊ ယခုအစည်းအဝေးတွင် လွှတ်တော် အစည်းအဝေးကာလများအတွင်း မေးမြန်းခဲ့သည့် မေးခွန်းများအနက် ကတိကဝတ် ဖြစ်ပေါ်ခဲ့သည့် ကြယ်ပွင့်ပြကတိဖြစ် မေးခွန်း ၆၄ ခုနှင့် ကြယ်ပွင့်မပြကတိဖြစ် မေးခွန်း ၇၈ ခု စုစုပေါင်း ၁၄၂ ခုနှင့် ပတ်သက်ပြီး ပေါင်းစပ်ညှိနှိုင်း ဆွေးနွေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်သူ့လွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီဥက္ကဋ္ဌနှင့် ကော်မတီအဖွဲ့ဝင်များက သက်ဆိုင်ရာကဏ္ဍအလိုက် တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များကို ဆွေးနွေးညှိနှိုင်းကြပြီး လုပ်ငန်းများအချိန်မီပြီးစီးရေး၊ ဆောင်ရွက်မှုအခြေအနေများကို တိကျမှန်ကန်စွာ တင်ပြနိုင်ရေးနှင့် ဌာနများအကြား ပူးပေါင်းဆောင်ရွက်မှု ပိုမိုထိရောက်စေရေး တို့အတွက် လိုအပ်သည့် လုပ်ငန်းစဉ်များကို ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

အဆိုပါညှိနှိုင်းအစည်းအဝေးသို့ အတွင်းရေးမှူး ဦးသန်းထွန်းနှင့် ကော်မတီအဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များမှ တာဝန်ရှိသူများနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

လားရှိုးမြို့၌ ဟိုတယ်ဆိုင်ရာ ဝန်ဆောင်မှုသင်တန်း သုံးမျိုးဖွင့်

လားရှိုး နိုဝင်ဘာ ၁၇

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့တွင် ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဟိုတယ်၊ ခရီးသွားဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း (ရှမ်းမြောက်ဇုန်) တို့ပူးပေါင်း၍ ဟိုတယ်ဆိုင်ရာ ဝန်ဆောင်မှုသင်တန်းသုံးမျိုးဖွင့်ပွဲကို နိုဝင်ဘာ ၁၆ ရက်က လားရှိုးမြို့ Golden Hill Hotel ၌ ကျင်းပသည်။

ဦးစွာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြတ်ထွန်းဦးက အမှာစကားပြောကြားပြီး ဟိုတယ်၊ ခရီးသွားဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန လားရှိုးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းနိုင်ဦးက သင်တန်းဖွင့်လှစ်ပေးခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကို နိုဝင်ဘာ ၁၆ ရက်မှ ၂၅ ရက်အထိ ဧည့်ကြို ဝန်ဆောင်မှုသင်တန်း (FO) အား သင်တန်းသား သင်တန်းသူ ၂၂ ဦးဖြင့် Two Elephants Hotel တွင်လည်းကောင်း၊ အိပ်ခန်းဆောင်ထိန်းသိမ်းရေးသင်တန်း (HK) အား သင်တန်းသား သင်တန်းသူ ၂၂ ဦးဖြင့် Golden Hill Hotel တွင်လည်းကောင်း၊ အစားအစာနှင့် အဖျော်ယမကာဝန်ဆောင်မှုသင်တန်း (F&B Service) သင်တန်းအား သင်တန်းသား သင်တန်းသူ ၂၇ ဦးဖြင့် Asia Hotel တွင်လည်းကောင်း စုစုပေါင်း သင်တန်းသား သင်တန်းသူ ၇၁ ဦးဖြင့် သက်ဆိုင်ရာဟိုတယ်များတွင် စာတွေ့လက်တွေ့ ဖွင့်လှစ်ပို့ချသင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

လူမော် (ပြန်/ဆက်)



တံတားဦးမြို့နယ်အတွင်းရှိ KG ကျောင်းသား ကျောင်းသူများအား ကျောင်းတွင်းအာဟာရကျွေးမွေး

တံတားဦး နိုဝင်ဘာ ၁၇

မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းပြီး မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းပေါင်း ၂၀၁ ကျောင်းရှိ KG တန်း ကျောင်းသား ကျောင်းသူ စုစုပေါင်း ၂၀၁၀ အား အာဟာရကျွေးမွေးခြင်းကို ယမန်နေ့ နံနက်ပိုင်းတွင် တံတားဦးမြို့နယ် ဆင်ကျူးအခြေခံပညာမူလတန်းလွန် ကျောင်းနှင့် ဈေးချိကျေးရွာ အခြေခံပညာမူလတန်းကျောင်းတို့၌ ဆောင်ရွက်ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် KG တန်းမှ ကျောင်းသား ကျောင်းသူများအား တစ်ကိုယ်ရေသန့်ရှင်းရေးနှင့်ပတ်သက်သည့် နည်းလမ်းများကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ရှင်းလင်းပြသပြီး ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ချမ်းငြိမ်းနှင့် တာဝန်ရှိသူများ၊ ဆရာဆရာမများနှင့် ဝန်ထမ်းများက KG တန်းမှ ကျောင်းသား ကျောင်းသူများအား အစားအစာအမျိုးအမည်အုပ်စု ငါးမျိုးတွင်ပါဝင်သည့် အစားအစာကျွေးမွေးခြင်းကို လှည့်လည်ကြည့်ရှုအားပေးကြပြီး KG ကလေးငယ်များအား သွားတိုက်ဆေး၊ သွားတိုက်တံများကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



တတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် အရေးပေါ်အစည်းအဝေး(၁/၂၀၂၆) တတိယနေ့ ကျင်းပ



ရန်ကုန် နိုဝင်ဘာ ၁၇

တတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် အရေးပေါ် အစည်းအဝေး (၁/၂၀၂၆) တတိယနေ့ကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီး ဆားနှင့် ဆားထွက်ပစ္စည်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမည်စာရင်း တင်သွင်းထားသော လွှတ်တော်ကိုယ်စားလှယ်နှစ်ဦးက ဆွေးနွေးခြင်း၊ ရန်ကုန်တိုင်းဒေသကြီး ယစ်မျိုးခွန်ဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမည်စာရင်း တင်သွင်းထားသော လွှတ်တော်ကိုယ်စားလှယ် လေးဦးက ဆွေးနွေးခြင်း၊ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ရန်ကုန်တိုင်းဒေသကြီး၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်းတို့ ဆောင်ရွက်ခဲ့ကြသည်။

ထို့နောက် တတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် အရေးပေါ်အစည်းအဝေး (၁/၂၀၂၆) တတိယနေ့ကို နံနက် ၁၁ နာရီ ၂၇ မိနစ်တွင် ရပ်နားကြောင်း ကြေညာခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

❂ ဂျာမနီအသင်းမှ

ဖလော်ရီယန်ဝဲလ်ဖာဘာ အခွဲစဉ်မှာ သွင်းဂိုးနှစ်ဂိုးသွင်းယူနိုင်ခဲ့တာကြောင့် ဂျာမနီအသင်းနဲ့အတူ နိုင်ငံတကာသွင်းဂိုး ရှစ်ဂိုးအထိရှိလာခဲ့ပြီလည်းဖြစ်ပါတယ်။

ဂျာမနီအသင်းဟာ နယ်သာလန်အသင်းကို အနိုင်ရရှိခဲ့တာကြောင့် ယူအီးအက်ဖ်အေနေးရှင်းလ်ဂိုအုပ်စုအဆင့် ခြောက်ပွဲယှဉ်ပြိုင်ကစား ပြီးချိန်မှာ ရမှတ် ၁၁ မှတ်ဖြင့် ကွာတားဖိုင်နယ်တက်လှမ်းခွင့်ရရှိခဲ့တာဖြစ်ပါတယ်။

နယ်သာလန်အသင်းကလည်း အုပ်စုအဆင့်နောက်ဆုံးပွဲစဉ်မှာ ဂျာမနီအသင်းကို ဂိုးပြတ်ရှုံးနိမ့်ခဲ့ပေမယ့် အုပ်စုအဆင့်ဒုတိယနေရာနဲ့ ယူအီးအက်ဖ်အေနေးရှင်းလ်ဂိ ကွာတားဖိုင်နယ်အဆင့်ကို တက်လှမ်းခွင့်ရရှိခဲ့တာဖြစ်ပါတယ်။

ဆက်ပါဦး

တောင်ကြီးမြို့၌ ၂၀၂၆ ခုနှစ်၊ တန်ဆောင်တိုင်မီးပုံးပျံပြိုင်ပွဲကို စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁၇

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့၌ ၂၀၂၆ ခုနှစ် တန်ဆောင်တိုင် မီးပုံးပျံပြိုင်ပွဲအား ၂၀၂၆ ခုနှစ် နိုဝင်ဘာ ၁၆ ရက်မှစတင်၍ တောင်ကြီးမြို့ အဝေရာ မီးပုံးပျံကွင်း၌ စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပလျက်ရှိရာ တောင်ကြီးမြို့ပေါ် ရပ်ကွက်များမှ ပြိုင်ပွဲဝင်အသင်းများ၊ ကုမ္ပဏီအသင်းအဖွဲ့များမှ ပြိုင်ပွဲဝင်အသင်းများနှင့် တောင်ကြီးမြို့အနီးဝန်းကျင် မြို့၊ ရွာများမှ ပြိုင်ပွဲဝင်အသင်းများက အတီးအမှုတ်၊ အကအခုန်များနှင့် ပျော်ရွှင်စွာ ပါဝင်ယှဉ်ပြိုင်လွှတ်တင်လျက်ရှိကြသည်။

အဆိုပါ တောင်ကြီးတန်ဆောင်တိုင် မီးပုံးပျံပြိုင်ပွဲ၏ နေ့လွှတ်အရပ် မီးပုံးပျံပြိုင်ပွဲ စတုတ္ထနေ့ကို ယနေ့မွန်းလွဲပိုင်းတွင် အဝေရာကုန်းသာယာ မီးပုံးပျံကွင်းကြီးအတွင်း၌ ဆက်လက်ကျင်းပလျက်ရှိသည်။

စတုတ္ထနေ့ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်း(၃၉) သင်းတို့က မိမိတို့၏ လက်ရာမြောက် အရုပ်မီးပုံးပျံများကို စနစ်တကျ ပြင်ဆင်ပြီး သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ ကောင်းကင်ယံသို့ လွှတ်တင်ကာ အားသွန်ခွန်စိုက် ယှဉ်ပြိုင်ခဲ့ကြရာ မီးပုံးပျံများ လွှတ်တင်ချိန်တွင် ပရိသတ်များ၏ အားပေးသံများဖြင့် အထူးစည်ကားလျက်ရှိသည်။



အဆိုပါ တောင်ကြီးမြို့၊ ၂၀၂၆ ခုနှစ်၊ တန်ဆောင်တိုင်မီးပုံးပျံပွဲတော်ကာလအတွင်း ခေတ်ပေါ် တေးဂီတတီးမှုတ်များ၊ တိုင်းရင်းသားရိုးရာအကများဖြင့် ဖျော်ဖြေတင်ဆက်ခြင်း၊ မြို့လုံးကျွတ်ဘုံကထိန်ပဒေသာပင်လှည့်လည်ခြင်း၊ မသိုးသင်္ကန်း ရက်လုပ်ပူဇော်ခြင်း၊ မီးပဒေသာ လှည့်လည်ပူဇော်ခြင်းများ ဆောင်ရွက်မည်ဖြစ်ပြီး ပွဲတော်ကာလအတွင်း ညမီးကြိုး (၇၁)လုံး၊ စိန်နားပန် (၄၁)လုံး၊ စုစုပေါင်း နေ့လွှတ်အရုပ်များနှင့် ညမီးကြိုး/စိန်နားပန် မီးပုံးပျံများ(၅၆၁)လုံး ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

ယနေ့တွင် ညလွှတ်မီးပုံးပျံကို ညနေ ၆ နာရီခွဲမှ ပွဲစဉ်ပြီးဆုံးသည်အထိ လွှတ်တင်သွားမည်ဖြစ်ကာ နေ့လွှတ်အရုပ်ပြိုင်ပွဲကို မွန်းတည့် ၁၂ နာရီမှ ညနေ ၄ နာရီအထိ နေ့ရက်အလိုက် လွှတ်တင်သွားမည်ဖြစ်ပြီး တန်ဆောင်တိုင်ပွဲတော် ကျင်းပစဉ်ကာလ အတွင်း အနယ်နယ်အရပ်ရပ်မှ ပြည်သူများ နေ့စဉ်လာရောက်ကြည့်ရှုသူများဖြင့် စည်ကားသိုက်မြိုက် ပျော်ရွှင်အေးချမ်းစွာ ဆက်လက်ကျင်းပလျက်ရှိကြောင်း သတင်းရရှိသည်။ ၁၀၀



ခရမ်းမြို့နယ်အတွင်းရှိ ငါးမွေးတောင်သူများသို့ ငါးမွေးမြူရေးအခြေအနေများ ရှင်းလင်းပြောကြား

ခရမ်း နိုဝင်ဘာ ၁၇

ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ် ခမတ်ကျေးရွာ၌ ငါးမွေးတောင်သူများသို့ ငါးမွေးမြူရေးအခြေအနေများကို ရှင်းလင်းပြောကြားသည့် အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပသည်။

ပြောကြား

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဒေါက်တာထူးမောင်ဇာ ငါးမွေးတောင်သူများသို့ ငါးမွေးမြူရေးအခြေအနေများကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန တိုင်းဒေသကြီးဦးစီးဌာနမှူး ဦးသံချောင်းက ခရမ်းမြို့နယ်၏ ငါးမွေးမြူရေးအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဒေါက်တာထူးမောင်နှင့် တက်ရောက်လာသူများက ငါးမွေးမြူရေးလုပ်ငန်းရှင် ဦးမောင်သိန်းလုပ်ကိုင်လျက်ရှိသော ငါးမွေးမြူရေးကန်မှ ငါးထုတ်လုပ်မှုအခြေအနေများကို ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။

ခရမ်း(ပြန်/ဆက်)

တောင်ကြီးတန်ဆောင်တိုင်ပွဲတော်ကာလအတွင်း ဟိုတယ်နှင့် တည်းခိုရိပ်သာများ ခရီးသွားများဖြင့် ပြည့်လျက်ရှိ



တောင်ကြီး နိုဝင်ဘာ ၁၇

ရှမ်းပြည်နယ် ဂုဏ်ဆောင် တောင်ကြီး တန်ဆောင်တိုင် ပွဲတော်နှင့် မီးပုံးပျံပွဲတော်ကို နိုဝင်ဘာ ၁၃ ရက်မှ ၂၅ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ ပွဲတော်ကာလအတွင်း ဟိုတယ်နှင့် တည်းခိုရိပ်သာများ ရာခိုင်နှုန်းပြည့်နီးပါး ခရီးသွားများဖြင့် ပြည့်နေကြောင်း တောင်ကြီးမြို့ ဟိုတယ်၊ ခရီးသွားဖွဲ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ သိရသည်။

တောင်ကြီး တန်ဆောင်တိုင် ပွဲတော်လာရောက်သည့် ခရီးသွားများ တည်းခိုမှုအနေဖြင့် နိုဝင်ဘာ ၁၀ ရက်တွင် တောင်ကြီးမြို့ရှိ ဟိုတယ်နှင့် တည်းခိုခန်းများတွင် ၆၈ ဒသမ ၉၉ ရာခိုင်နှုန်း၊ ညောင်လွှမြို့၌ ၈ ဒသမ ၈၇ ရာခိုင်နှုန်းနှင့် ကလောမြို့၌ ၃၂ ဒသမ ၆၀ ရာခိုင်နှုန်း တည်းခိုမှု ရှိကြောင်း၊ ပွဲတော်ဖွင့်ပွဲနေ့ဖြစ်သည့် နိုဝင်ဘာ ၁၆ ရက်တွင် ညောင်လွှမြို့၌ ၁၉ ဒသမ ၃၃ ရာခိုင်နှုန်း၊ ကလောမြို့၌ ၂၈ ဒသမ ၃၂ ရာခိုင်နှုန်း၊ အောင်ပန်း/ဟဲဟိုးမြို့၌ ၄၀ ဒသမ ၇၀ ရာခိုင်နှုန်းနှင့် တောင်ကြီးမြို့၌ ၉၈ ဒသမ ၉၄ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

"ဒီနှစ်တန်ဆောင်တိုင်ပွဲတော်မကျင်းပမီကတည်းက ဟိုတယ်နဲ့ တည်းခိုရိပ်သာတွေမှာ အခန်းတွေ ကြိုတင်မှာယူထားကြတယ်။ ဟိုတယ်နဲ့ တည်းခိုခန်းတွေ ၁၀၀ ရာခိုင်နှုန်းနီးပါး ပြည့်နေတာကို တွေ့ရပါတယ်။ တခြားနေရာတွေနဲ့ ဘုန်းတော်ကြီးကျောင်းတွေမှာလည်း ခရီးသွားတွေ အပြည့်ပါပဲ။ နောင်နှစ် ပွဲတော်ကာလမှာလည်း အခုလိုပဲ လာရောက် အားပေးဖို့ နွေးထွေးစွာ ဖိတ်ခေါ်ပါတယ်" ဟု တောင်ကြီးမြို့ ဟိုတယ်၊ ခရီးသွား ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာ သန်းဇော်က ပြောသည်။

ရှမ်းပြည်နယ်၏ တန်ဆောင်တိုင် ပွဲတော်သည် ပြည်တွင်း/ပြည်ပ ခရီးသွားများ စိတ်ဝင်စားမှုနှင့် ကြည့်ရှုအားပေးမှု အများဆုံး ပွဲတော်တစ်ခုဖြစ်ပြီး ပြည်နယ်အတွင်းရှိတောင်ကြီးမြို့၊ ညောင်လွှမြို့၊ အင်းလေးကန်၊ ပင်းတယမြို့၊ ကလောမြို့နှင့် ရွာငံမြို့တို့တွင် ရေးဟောင်း ယဉ်ကျေးမှုအမွေအနှစ်များ၊ ရိုးရာယဉ်ကျေးမှုများ၊ လက်မှုပစ္စည်းများ၊ ဒေသထွက်ကုန်များ ပေါများမှုတို့ကြောင့် နှစ်စဉ် ခရီးသွားမပြတ် ဝင်ရောက်လျက်ရှိသည်။

ရှမ်းပြည်နယ်တွင် ဟိုတယ် ၃၃၆ လုံး၊ တည်းခိုခန်း ၁၂၇ လုံး စုစုပေါင်း ၄၆၃ လုံးဖြင့် ပြည်တွင်း/ပြည်ပခရီးသွားများကို ဝန်ဆောင်မှုပေးနေကြောင်း သိရသည်။

သစ္စာ(MNA)၊ ဓာတ်ပုံ - ဇွဲမာန်

ကျောင်းကုန်းမြို့၌ လိုင်စင်ရတံဆိပ်ခေါင်းရောင်းချသူများအား အသိပညာပေးရှင်းလင်း

ကျောင်းကုန်း နိုဝင်ဘာ ၁၇

ရောဝတီ တိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် အခွန်ဦးစီးဌာနမှူးရုံး၌ မြို့နယ်အတွင်း ခန့်အပ်ထားသည့် လိုင်စင်ရတံဆိပ်ခေါင်းရောင်းချသူများအား ယနေ့ နံနက် ၁၀ နာရီတွင် အသိပညာပေး ရှင်းလင်းသည်။



မြို့နယ် အခွန်ဦးစီးဌာနမှူး ဒေါ်အေမိစိုးက လိုင်စင်ရတံဆိပ်ခေါင်းရောင်းချသူများအား တံဆိပ်ခေါင်းခွန်အက်ဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ရုံးခွန်နှင့် အခွန်တံဆိပ်ခေါင်းများ ရောင်းချခြင်းဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ တိကျစွာ လိုက်နာဆောင်ရွက်စေရေး၊ ရောင်းချရာတွင် သတ်မှတ်နှုန်းထားအတိုင်း မှန်ကန်စွာရောင်းချရေး၊ စာရင်းဇယားများ စနစ်တကျ ထားရှိရေးနှင့် သတ်မှတ်စည်းကမ်းချက်များကို တိကျစွာလိုက်နာဆောင်ရွက်ရေးတို့ကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

ဝင်းကြိုင်(ပြန်/ဆက်)

လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၌ အခွန်ဆိုင်ရာအသိပညာပေး ရှင်းလင်းဆွေးနွေး

ရန်ကုန် နိုဝင်ဘာ ၁၇

ရန်ကုန် တိုင်းဒေသကြီး လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ် အခွန်ဦးစီးဌာနမှူးရုံး၏ ၂၀၂၆ -၂၀၂၇ ဘဏ္ဍာနှစ် တည်ဆဲဥပဒေများအရ လိုက်နာဆောင်ရွက်ရမည့်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ်အတွင်းရှိလုပ်ငန်းရှင် အခွန်ဝန်ထမ်းများအား အခွန်ဆိုင်ရာ သိမှတ်ဖွယ်ရာများနှင့် ပြေစာအမှတ်တံဆိပ်ဆိုင်ရာ သိမှတ်ဖွယ်ရာများ အခွန်ပညာပေး ဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး ဦးစီးဌာနမှ ထုတ်ဝေသည့် ခန်းမ၌ ကျင်းပသည်။



ဆက်လက်၍ မြို့နယ်အခွန် ဦးစီးဌာနမှူးက တည်ဆဲဥပဒေများအရ လိုက်နာဆောင်ရွက်ရမည့်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြီး ပြည်တွင်းအခွန်များ

"ပြေစာအပေါ် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်း ဆိုင်ရာ သိကောင်းစရာများ" လက်ကမ်းစာစောင်များကို တက်ရောက်လာသူများအား ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ပြည်မြို့ ရှေးဟောင်းသမိုင်းဝင် လေးဆူဓာတ်ပျော် ရွှေဆံတော်စေတီတော်မြတ်ကြီး ၂၆၁၅ နှစ်ပြည့် ဗုဒ္ဓပူဇနီယပွဲတော် ကျင်းပ



ပြည် နိုဝင်ဘာ ၁၇

ပြည်မြို့ ရှေးဟောင်းသမိုင်းဝင် လေးဆူဓာတ်ပျော် ရွှေဆံတော် စေတီတော်မြတ်ကြီး ၂၆၁၅ နှစ်ပြည့် ဗုဒ္ဓပူဇနီယပွဲတော်ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ကျင်းပရာ ပြည်မြို့ ရွာဘဲတောင်ပေါ် ကျောင်းတိုက်ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တကုမာရအမှူးပြု သော ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး ပဲခူး တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် ဇနီး၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာန ဆိုင်ရာ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက် ကြည်ညိုကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီး ချုပ်နှင့် ဇနီးနှင့် ဧည့်ပရိသတ်များက ပြည်မြို့ ရွာဘဲတောင်ပေါ် ကျောင်းတိုက်ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တကုမာရအမှူးပြုသော သံဃာတော်များထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ပြည်မြို့ ရတနာမာန်အောင်ကျောင်းတိုက် ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တနေမိန္ဒမဟာထေရ်မြတ်ထံမှ အနုမောဒနာတရားနာယူပြီး လှူဒါန်းမှုအစုအဝေးတွင် ရေစက်သွန်းချအမျှပေးဝေကာ အခမ်းအနားကို အောင်မြင်စွာ ရပ်သိမ်းလိုက်သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ရှေးဟောင်းသမိုင်းဝင် လေးဆူဓာတ်ပျော် ရွှေဆံတော် စေတီတော်မြတ်ကြီး ၂၆၁၅ နှစ်ပြည့် ဗုဒ္ဓပူဇနီယပွဲတော်ကို ဖဲကြိုး ဖြတ်ဖွင့်လှစ်ပေးကြပြီး ဘုရား အမှူးပြုသော သံဃာတော် ၁၀၈ ပါးအား ဆွမ်းဆန်စိမ်း လောင်းလှူကြည်ညိုခဲ့ကြကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)



မယ်လမုစေတီတော်ကြီးတွင် မဟာပဋ္ဌာန်းကျမ်းမြတ် ရွတ်ဖတ်ပူဇော်ပွဲ အောင်ပွဲ ရေစက်ချအခမ်းအနားကျင်းပ

ရန်ကုန် နိုဝင်ဘာ ၁၇

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် ဆုတောင်းပြည့် မယ်လမုစေတီတော် ဗုဒ္ဓဝါအောင်မြေတွင် မြို့နယ်လုံးဆိုင်ရာ မဟာပဋ္ဌာန်းကျမ်းမြတ်ရွတ်ဖတ်ပူဇော်ပွဲအောင်ပွဲ ရေစက်ချအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် ဆရာတော် အရှင်သူမြတ်များထံမှ ပရိတ်တရားများ နာယူကြပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမိုးသူနှင့် တာဝန်ရှိသူများက ဆရာတော် အရှင်သူမြတ်များအား နဝကမ္မအလှူတော်ငွေများ ဆက်ကပ်လှူဒါန်းကြသည်။ ယင်းနောက် မြို့နယ်သံဃာယာဥက္ကဋ္ဌ အဂ္ဂမဟာဂန္ထဓရကပဝတ္တိုတ ဇလွန်ပရိယတ္တိ စာသင်တိုက်ဆရာတော်ထံမှ အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှု အစုအဝေးပြုလုပ်သည်။

အဆိုပါ မြို့နယ်လုံးဆိုင်ရာမဟာပဋ္ဌာန်းကျမ်းမြတ်ရွတ်ဖတ်ပူဇော်ပွဲကို နိုဝင်ဘာ ၁၁ ရက်မှ ၁၆ ရက်အထိ ကျင်းပခဲ့ကြောင်း သိရသည်။

သက်လွင်စိုး(ပြန်/ဆက်)

ဖျာပုံမြို့၌ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများအား ဆန်၊ ဆီ၊ ဘဲဥများ သက်သာသော ဈေးနှုန်းဖြင့်ရောင်းချပေး

ဖျာပုံ နိုဝင်ဘာ ၁၇

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်တွင် ဖျာပုံ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများအား ဆန်၊ ဆီ၊ ဘဲဥများ သက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးခြင်းကို နိုဝင်ဘာ ၁၅ ရက်က ဖျာပုံခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့၌ ရောင်းချပေးသည်။

အဆိုပါခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာ ဝန်ထမ်းများအား ဆန်၊ ဆီ၊ ဘဲဥများ သက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးရာတွင် ဖျာပုံခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသန်းလွင်၊ ခရိုင်/မြို့နယ်မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေး အဆင့်ပြေစေရန်နှင့် ကုန်ကျစရိတ်သက်သာစေရန် ရည်ရွယ်၍ ဌာနဆိုင်ရာဝန်ထမ်းများ နေ့စဉ်စားသုံးရန် လိုအပ်သော အခြေခံစားသောက်ကုန်များဖြစ်သည့် ဆန်၊ ဆီနှင့် ဘဲဥများကို ပြင်ပ ဈေးကွက်ပေါက်ဈေး ထက် သက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



အုတ်တွင်းမြို့နယ်၌ ရေရှားပါးမှုမဖြစ်ပေါ်စေရေး အသိပညာပေး



အုတ်တွင်း နိုဝင်ဘာ ၁၇

ပဲခူးတိုင်းဒေသကြီး အုတ်တွင်း မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက အယ်လ်နီညိုရာသီဥတု ပြောင်းလဲမှုကြောင့် သောက်သုံးရေရှားပါးမှုများ မဖြစ်ပေါ်စေရေးအတွက် အသိပညာပေး ဟောပြောပွဲကို ယမန်နေ့ မွန်းလွဲပိုင်းက ဝဲဒေါင့် ကျေးရွာအုပ်စု အုန်းပင်စုကျေးရွာ ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ ပြုလုပ်သည်။

ဟောပြောပွဲတွင် မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်ဇင်မာမြင့်က အယ်လ်နီညိုဖြစ်စဉ်ကြောင့် ရာသီဥတု ပြောင်းလဲမှုများ ဖြစ်ပေါ်နိုင်ပြီး ရေရှားပါးခြင်းနှင့် ကျန်းမာရေး ပြဿနာများဖြစ်ပွားလာနိုင်သည့် အတွက် ကြိုတင်ကာကွယ်ရေးနှင့် ဆောင်ရန်/ ရှောင်ရန်များ၊ သောက်သုံးရေ ကြိုတင်စုဆောင်းထားရှိခြင်း၊ ရေသိုလှောင်ကန်များ သန့်ရှင်းစွာ ထိန်းသိမ်းခြင်းနှင့် ရေကို လိုအပ်သလောက်သာ သုံးစွဲကြစေရန် လိုက်နာရမည့် အချက်များကို အသိပညာပေး ဟောပြောသည်။

ဆက်လက်၍မြို့နယ်ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက ကျေးရွာနေ ပြည်သူများအား အယ်လ်နီညိုနှင့် ပတ်သက်၍ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်းနှင့် သောက်သုံးရေ ပြတ်လပ်မှုမရှိစေရေး လက်ရှိ ရေအရင်းအမြစ်နှင့် ရေသုံးစွဲမှု အခြေအနေများကို တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ခင်ခင်မာ(ပြန်/ဆက်)

လမ်းမတော်မြို့နယ်လုံးဆိုင်ရာ တန်ဆောင်တိုင် မီးထွန်းပွဲတော်နှင့် ဈေးရောင်းပွဲတော် ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၁၇

ရန်ကုန် တိုင်းဒေသကြီး လမ်းမတော်မြို့နယ်တွင် (၈၃) ကြိမ်မြောက် တန်ဆောင်တိုင် မီးထွန်းပွဲတော်နှင့် ဈေးရောင်းပွဲတော်ကို နိုဝင်ဘာ ၂၁ ရက်မှ ၂၅ ရက်အထိ ကျင်းပမည်ဖြစ်သည်။

အဆိုပါပွဲတော်တွင် ဈေးဆိုင် ခန်းပေါင်း ၁၅၀ ကျော် ပါဝင် ရောင်းချမည်ဖြစ်ပြီး ပွဲတော်ကို အနော်ရထာ လမ်းမကြီး တစ်လျှောက် (ကိုင်းတန်းလမ်း ထိပ်မှ လမ်းမတော်လမ်း) အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပ မည်ဖြစ်ကြောင်း သိရသည်။

ကျော်ဆန်းမြင့်



လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် လူမှုဖူလုံရေးရုံး၌ အာမခံအလုပ်သမား၏ အမြဲတမ်းမသန်စွမ်းမှုဆိုင်ရာ ငွေကြေးခံစားခွင့်ထုတ်ပေး

ရန်ကုန် နိုဝင်ဘာ ၁၇

ရန်ကုန် တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျုံးဝင် မှတ်ပုံတင်ထားသော Xing Hong Sheng Co.,Ltd. မှ အာမခံအလုပ်သမား၏ အမြဲတမ်းမသန်စွမ်းမှု အကျိုးခံစားခွင့် ခွင့်ပြုထုတ်ပေးခြင်းကို ယမန်နေ့နံနက်ပိုင်းက ရန်ကုန် တိုင်းဒေသကြီး လူမှုဖူလုံရေးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီး လူမှုဖူလုံရေးအဖွဲ့ တာဝန်ခံ ဒုတိယ ညွှန်ကြားရေးမှူး ဦးသိန်းခွန်ဦးက ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေ အကြောင်း ရှင်းလင်းပြောကြားပြီး အမြဲတမ်း မသန်စွမ်းမှုနှင့် ဆိုင်သည့် ငွေကြေးအကျိုးခံစားခွင့် ငွေကျပ် ၅၀၂၁၅၂၀ ကို အာမခံ အလုပ်သမား ဒေါ်ချိုမာမြင့်ထံ တာဝန်ရှိသူများ ရှေ့မှောက်တွင် ခွင့်ပြုထုတ်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



ချက်သမ္မတနိုင်ငံ၌ ရထားနှစ်စင်း ခေါင်းချင်းဆိုင်တိုက်မှုဖြစ်၊ ၄၆ ဦး ဒဏ်ရာရရှိ

ပရာ့ဂ် နိုဝင်ဘာ ၁၇

ချက်သမ္မတနိုင်ငံ မြို့တော် ပရာ့ဂ်မြို့၌ နိုဝင်ဘာ ၁၇ ရက် နံနက်ပိုင်းတွင် ရထားနှစ်စင်း ခေါင်းချင်းဆိုင်တိုက်မိသဖြင့် ၄၆ ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဒဏ်ရာရရှိသူများ အနက် လေးဦးမှာ ပြင်းထန်သည့် အခြေအနေတွင်ရှိနေသည်။

ပရာ့ဂ်မြို့ရှိ ဘူတာရုံအနီး ဆေးဖာ့တ်တိုဗာ လမ်းပေါ်ရှိ ရထားလမ်းတံတားတစ်ခုပေါ်တွင် ခရီးသည်တင် ရထားနှစ်စင်းသည် နေးကွေးသော အရှိန်နှုန်းဖြင့် မျက်နှာချင်းဆိုင် တိုက်မိခဲ့ကြကြောင်း ချက်သတင်းအေဂျင်စီ၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။ ဖြစ်စဉ်အတွင်း ဒဏ်ရာရရှိသူများတွင် ရထားစက်ခေါင်းမောင်းသမားနှစ်ဦး ပါဝင်ကြောင်းနှင့် ဒဏ်ရာရရှိသူများအား ပရာ့ဂ်မြို့ရှိ ဆေးရုံများသို့ ဆေးကုသရန် ပို့ဆောင်ပေးခဲ့ကြောင်းနှင့် အခင်းဖြစ်ရာနေရာတွင်ဆေးဘက်ဆိုင်ရာ



ကယ်ဆယ်ရေး လုပ်ငန်းများကို ဆောင်ရွက်နေကြောင်း ပရာ့ဂ်မြို့ အရေးပေါ် ဆေးကုသရေးလုပ်ငန်းက သတင်းထုတ်ပြန်ခဲ့သည်။

အဆိုပါ ရထားတိုက်မိမှုကြောင့် ပရာ့ဂ်မြို့ရှိ အဓိက မီးရထား ဘူတာကြီးတွင် ရထားဝန်ဆောင်မှုများ နှောင့်နှေးခဲ့ရပြီး ရထား အများအပြားမှာ အချိန်နှောင့်နှေး ခြင်းနှင့် လမ်းကြောင်းပြောင်းလဲ သွားလာခြင်းများ ဖြစ်ပေါ်ခဲ့သည်။ ဘူတာအချို့တွင် လုပ်ငန်း လည်ပတ်မှုများ ပြန်လည်စတင် နိုင်ဖြို့ဖြစ်သော်လည်း ရထား သွားလာမှုမှာမူ နှောင့်နှေးမှုဖြစ် နေကြောင်း ရထားလုပ်ငန်း အခြေခံအဆောက်အအုံ မန်နေဂျာ က ပြောကြားခဲ့သည်။ စုံစမ်း စစ်ဆေးချက်များအရ ရထား တစ်စင်းသည် ရထားရပ်တန့် ရမည့်နေရာအား ကျော်လွန် မောင်းလာခဲ့ရာမှ အဆိုပါဖြစ်စဉ် ဖြစ်ပွားခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်အတွင်း ရထားလုံခြုံရေး စနစ်တွင်ပါရှိသည့် အရေးပေါ် ဘရိတ်စနစ် အသက်ဝင်ခဲ့သော်လည်း အဆိုပါဖြစ်စဉ်ဖြစ်ပွားမှုကို ကာကွယ်နိုင်ခြင်း မရှိကြောင်း သိရသည်။

ဆင်ဟွာ

အင်ဒိုနီးရှားနိုင်ငံ ဘာလီဒေသတွင် ယာဉ်စည်းကမ်းထိန်းသိမ်းရေး စစ်ဆင်ရေးဆောင်ရွက်

ဂျကာတာ နိုဝင်ဘာ ၁၇

အင်ဒိုနီးရှားနိုင်ငံ၏ အပန်းဖြေကျွန်းဘာလီတွင် ၁၄ ရက်ကြာ ယာဉ်စည်းကမ်းထိန်းသိမ်းရေး စစ်ဆင်ရေးကို နိုဝင်ဘာ ၁၆ ရက်မှ စတင်၍ဆောင်ရွက်ခဲ့ကြောင်း ဘာလီကျွန်းရဲတပ်ဖွဲ့က ကြေညာခဲ့သည်။

လမ်းများတွင် ပြည်ပနိုင်ငံသားများအား မဆင်မခြင်ယာဉ်မောင်းနှင်မှုများမပြုလုပ်ရန် ရဲတပ်ဖွဲ့က သတိပေးချက်ထုတ်ပြန်ခဲ့သည်။

"Zebra Agung 2026" ဟု အမည်ပေးထားသည့် အဆိုပါစစ်ဆင်ရေးတွင် နိုင်ငံသားများအား အသိပညာပေးခြင်းကို ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ပြီး တစ်ချိန်တည်းမှာပင် အင်ဒိုနီးရှားနိုင်ငံသားများနှင့် ပြည်ပနိုင်ငံသား ယာဉ်မောင်းများအပေါ်တွင် ယာဉ်စည်းကမ်းဥပဒေများကို တန်းတူညီမျှစွာ အသက်ဝင်စေရေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဘာလီရဲတပ်ဖွဲ့တာဝန်ရှိသူ ပတ်စမာရီတ်စိက ပြောကြားသည်။ အဆိုပါစစ်ဆင်ရေးကို စတင်ဖွင့်လှစ်သည့်အခမ်းအနားတွင် ၎င်းက "လမ်းအသုံးပြုသူများသည် အင်ဒိုနီးရှားနိုင်ငံသားများဖြစ်စေ၊ ပြည်ပ နိုင်ငံသားများအပေါ်တွင်ဖြစ်စေ တာဝန်ရှိသူများအနေဖြင့် တရားဥပဒေ စိုးမိုးရေးလုပ်ငန်းဆောင်ရွက်ရာတွင် ခိုင်မာပြတ်သားပြီး ကျွမ်းကျင် ပိုင်နိုင်ကာ တာဝန်ယူမှုရှိရမည်" ဟု ၎င်းက ပြောကြားသည်။ ရဲတပ်ဖွဲ့၏ အချက်အလက်များအရ ဘာလီဒေသတွင် ၂၀၂၆ ခုနှစ် ဇန်နဝါရီလမှ အောက်တိုဘာလအတွင်း ယာဉ်မတော်တဆမှုပေါင်း ၈၁၅၁ မှု ဖြစ်ပွားခဲ့ပြီး ယင်းပမာဏမှာ ယခင်နှစ် အလားတူကာလနှင့်နှိုင်းယှဉ်ပါက ၂၀ ရာခိုင်နှုန်း မြင့်တက်လာခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ မတော်တဆမှုများကြောင့် ၄၄၉ ဦး သေဆုံးပြီး ၁၀၈၇၈ ဦး ဒဏ်ရာရရှိခဲ့ကာ ယာဉ်စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ ဆောင်ရွက် ချက်များ ၃၈ ရာခိုင်နှုန်းခန့် မြင့်တက်လာခဲ့ကြောင်း သိရသည်။

ဘာလီကျွန်းအနေဖြင့် ဘေးကင်းလုံခြုံပြီး ဧည့်သည်တက္ကဖွန်သော နိုင်ငံတကာခရီးသွားနေရာတစ်ခုအဖြစ် ဂုဏ်သတင်းကို ဆက်လက် ထိန်းသိမ်းထားနိုင်ရန်အတွက် ယာဉ်အသွားအလာ ဘေးကင်းလုံခြုံရေး သည် အရေးကြီးကြောင်း ၎င်းကပြောကြားသည်။

ဆင်ဟွာ

ထိုင်းနိုင်ငံတောင်ပိုင်း၌ အဆောက်အအုံ မီးလောင်မှုဖြစ်

ဗန်ကောက် နိုဝင်ဘာ ၁၇

ထိုင်းနိုင်ငံတောင်ပိုင်း ဖူးခက်ခရိုင်ရှိ စီးပွားရေးဆိုင်ရာ အဆောက်အအုံတစ်ခု၌ နိုဝင်ဘာ ၁၆ ရက် အစောပိုင်းတွင် မီးလောင်မှုဖြစ်ပွားရာ ၁၁ ဦးသေဆုံးပြီး အများအပြားထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

အဆိုပါမီးလောင်မှုသည် ပတုန်မြို့ရှိ ဆိုယ်ကယ်ငှားဆိုင်အဖြစ် ဆောင်ရွက်သည့် တိုက်ခန်းအဆောက်အအုံတွင် နံနက် ၃ နာရီက ဖြစ်ပွားခြင်းဖြစ်ပြီး ၎င်းဆိုင်၏ အပေါ်ထပ်အလွှာများတွင် လူများနေထိုင်ကြောင်း သိရသည်။

အဆိုပါမီးလောင်မှုကို နံနက် ၅ နာရီ ၁၅ မိနစ်တွင် ထိန်းချုပ်ငြိမ်းသတ်နိုင်ခဲ့ပြီး ဖြစ်စဉ်အတွင်း အနီးအနားရှိဆိုင်ခန်းများသို့ ကူးစက်ခဲ့ကြောင်း သိရသည်။ အဆောက်အအုံရှေ့ရှိ ဓာတ်တိုင်တစ်ခုတွင် လျှပ်စစ်ပိုင်ယာရှော့ဖြစ်ပွားရာမှ မီးလောင်ကျွမ်းမှု စတင်ဖြစ်ပွားခဲ့သည်ဟု ယူဆရကြောင်း ပတုန်မြို့တော်ဝန် လာလီတာ မာနီဆရီက ပြောကြားသည်။

အဆိုပါဓာတ်တိုင်မှ မီးပွားများသည် အနီးတွင်ရပ်ထားသော ဆိုင်ကယ်များပေါ်သို့ ကျရောက်ခဲ့ရာမှ မီးအလျင်အမြန်ကူးစက် လောင်ကျွမ်းခဲ့ကြောင်းနှင့် ထိခိုက်ဒဏ်ရာရရှိသူအများစုမှာ မီးခိုးငွေ့များ ရှူရှိုက်မိခြင်းကြောင့် ထိခိုက်ခဲ့ရခြင်းဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ ကနဦးစစ်ဆေးတွေ့ရှိချက်များအရ ဆိုင်ခန်းအဆောက်အအုံ ရှစ်လုံး၊ ဆိုင်ကယ်အစီး ၁၀၀ နှင့် ကား တစ်စီးတို့ ပျက်စီးခဲ့ကြောင်း ထိုင်းအစိုးရလက်ထောက် ပြောရေးဆိုခွင့်ရှိသူ ပလ္လိုင်းသာလေး လက္ခမီဆန်ချန်က ပြောကြားသည်။

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ ကျင်းပနေသည့် အာဆီယံထိပ်သီး အစည်းအဝေးသို့ တက်ရောက်နေသော ထိုင်း၀န်ကြီးချုပ် အနုတင် ချာဝီရာကူးသည် ဖူးခက်ခရိုင် အုပ်ချုပ်ရေးမှူးထံဖုန်းဆက်၍ မီးလောင်မှုအခြေအနေကို မေးမြန်းခဲ့ပြီး သက်ဆိုင်ရာ ဌာနအဖွဲ့အစည်းများ အားလုံးကိုလည်း ထိခိုက်ခံစားရသူများအတွက် ကူညီကယ်ဆယ်ရေး လုပ်ငန်းများ အရှိန်မြှင့်ဆောင်ရွက်ကြရန် ညွှန်ကြားခဲ့သည်။ အဆိုပါ မီးလောင်မှုဖြစ်ရခြင်း၏အကြောင်းရင်းကို စုံစမ်းဖော်ထုတ်ရန်နှင့် ဖြစ်စဉ်အတွင်း ပေါ့လျော့မှုနှင့် ဘေးကင်းရေးဆိုင်ရာ လစ်ဟာမှုများ ရှိပါက အရေးယူဆောင်ရွက်ရန် တာဝန်ရှိသူများအား ဝန်ကြီးချုပ်က ညွှန်ကြားခဲ့သည်။

ဆင်ဟွာ



အိန္ဒိယနိုင်ငံတောင်ပိုင်း တမီနာဒူးပြည်နယ်တွင် ကြက်ငှက်တုပ်ကွေး ဗိုင်းရပ်စ်ကူးစက်မှုများ စောင့်ကြည့်ဆောင်ရွက်

နယူးဒေလီ နိုဝင်ဘာ ၁၇

အိန္ဒိယနိုင်ငံတောင်ပိုင်း တမီနာဒူးပြည်နယ်တွင် ကြက်ငှက်တုပ်ကွေး H5N1 ဗိုင်းရပ်စ်ကူးစက်မှုများ အတည်ပြုတွေ့ရှိခဲ့ပြီးနောက် ကြက်ငှက်တုပ်ကွေး ဗိုင်းရပ်စ်ကူးစက်မှုများကို အရှိန်မြှင့်တင် စောင့်ကြည့်နေကြောင်း သိရသည်။

ပြည်နယ်မြို့တော် ချန်နိုင်း၏တောင်ဘက် ၂၁၀ ကီလိုမီတာအကွာ တွင်ရှိသည့် ကဒလိုယီခရိုင်ရှိ မွေးမြူရေးခြံများမှရရှိသည့် နမူနာများ တွင် ကြက်ငှက်တုပ်ကွေးရောဂါကူးစက်မှုများကို တွေ့ရှိခဲ့ရသည်။ ကြက်ငှက်တုပ်ကွေးရောဂါ ကူးစက်မှုများကို စစ်ဆေးတွေ့ရှိရပြီးနောက် ရောဂါထိန်းချုပ်ရေးလုပ်ငန်းများကို အပြည့်အ၀ စတင် ဆောင်ရွက်ခဲ့ကြောင်းနှင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ရောဂါ ဖြစ်ပွားရာ ခြံ၀င်းအတွင်းရှိ ကြက်များအပြင် ရောဂါစတင်ဖြစ်ပွားသည့် နေရာမှ တစ်ကီလိုမီတာပတ်လည်အတွင်းရှိ ကြက်များကိုပါ သုတ်သင် ခဲ့ကြောင်း ဒေသဆိုင်ရာ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ရောဂါကူးစက်မှုများ တွေ့ရှိသည့်ဒေသအတွင်း အသားစားကြက် များ မွေးမြူခြင်းကို သုံးလကြာ ယာယီပိတ်ပင်ထားကြောင်း သိရသည်။

ဆင်ဟွာ

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၈-၁၁-၂၀၂၆

ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	ရှမ်းပြည်	ဟံသာဝတီ	မြစ်ကြီးနား	စစ်ကိုင်း	ဘားအံ	မော်လမြိုင်	လားရှိုး	တောင်ကြီး	ပဲခူးကော်	ဟားခါး
92 Ron	၄,၂၇၀	၄၄,၂၅	၄၃၈၅	၄,၂၈၅	၄၄၃၀	၄၄၆၅	၄၄၈၀	၄၃၆၅	၄၇,၂၅	၄၇၆၅	၄၃၈၅	၄၆၃၅	၄၄၃၀	၄၄,၂၅	၄၄၃၅	၄၃၆၅
95 Ron	၄၃၀၅	၄၄၇၀	၄၄,၂၀	၄၃၉၀	၄၄၅၀	၄၄၈၅	၄၄၂၀	၄၄၀၀	၄၇၆၅	၄၇၉၅	၄၄,၂၀	၄၆၉၅	၄၅၂၀	၄၄၇၀	၄၄၈၀	၄၃၉၀
HSD (500 ppm)	၄၃၈၀	၄၃၉၀	၄၃၈၅	၄၃၆၅	၄၆၃၅	၄၆၆၅	၄၆၈၅	၄၆၅၀	-	၄၈၆၅	၄၈၈၅	၄၇၆၅	၄၆၃၀	၄၆၃၀	၄၆၄၀	၄၇၆၀
HSD (50 ppm)	၄၅၀၅	၄၅၄၀	၄၄,၂၀	၄၅၃၀	၄၅၆၅	၄၅၉၀	၄၅၂၀	၄၅၀၀	၄၅၇၀	၄၅၈၀	၄၄,၂၀	၄၅၆၅	၄၅၂၀	၄၅၄၀	၄၅၅၀	၄၅၁၀
HSD (10 ppm)	၄၅၀၅	၄၅၄၀	၄၄,၂၀	၄၅၃၀	၄၅၆၅	၄၅၉၀	၄၅၂၀	၄၅၀၀		၄၅၈၀	၄၄,၂၀	၄၅၆၅	၄၅၂၀	၄၅၄၀	၄၅၅၀	၄၅၁၀

ကျပ်/လီတာ

Fuel (လက်လီကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၄၀၈၅	၄၁၀၀
95 Ron	၄၀၉၄	၄၂၂၂
HSD (500 ppm)	၄၁၀၄	၄၂၉၀
HSD (50 ppm)	၅၀၀၄	၅၀၃၇
HSD (10 ppm)	၅၀၀၄	၅၀၃၇

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိတ်ဖြည်သူများအနေဖြင့် စက်သုံးဆီများ၀ယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေး တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၉၂၊ ၀၉-၆၈၀၅၅၉၉၈၈

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ



ပေါင်မြို့နယ် စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှုနိုင်မြှင့်တင်ရေးပွဲတော် ကျင်းပ

မော်လမြိုင် နိုဝင်ဘာ ၁၇

မွန်ပြည်နယ်တွင် ကျောင်းသားကျောင်းသူများ စာဖတ်သည့် အလေ့အကျင့်ကောင်းများ ရရှိစေရန်နှင့် စာကြည့်တိုက်များ ရေရှည်ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ပေါင်မြို့နယ် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိနိုင်မြှင့်တင်ရေးပွဲတော်ဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းတွင် ဇင်းကျိုက်မြို့ အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပရာ မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်း၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ပွဲတော်မုခ်ဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ကျောင်းစာကြည့်တိုက်နှင့် စာဖတ်ခန်း၊ ပညာပေးပြခန်းများ၊ ပြပွဲ၊ ပြိုင်ပွဲနှင့် ပျော်ပွဲရွှင်ပွဲများကို လှည့်လည်ကြည့်ရှုအားပေးကာ ပြည်နယ်ဝန်ကြီးချုပ်က ဆုရရှိသူများအား အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ထို့နောက် ဖွင့်ပွဲအခမ်းအနားကို အဆိုပါကျောင်း ရုတရာမွန်ခန်းမ၌ ဆက်လက်ကျင်းပရာ ဇင်းကျိုက်မြို့ အခြေခံပညာအထက်တန်းကျောင်းမှကျောင်းသား ကျောင်းသူများက “ပညာဘဏ်တိုက် စာကြည့်တိုက်သို့ သွားကြစို့” သီချင်းဖြင့် သီဆိုဖျော်ဖြေကြပြီး ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်အတွင်း စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မာရေးနှင့် စာဖတ်ရှိနိုင်မြှင့်တင်ရေးဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က စာဖတ်ရှိနိုင်မြှင့်တင်ရေးပွဲတော် ကျင်းပနိုင်ရေးအတွက် အလှူငွေကျပ်သိန်း ၅၀ ပေးအပ်ပြီး အလှူရှင်များက ပေးအပ်လှူဒါန်းသည့် အလှူငွေများကို လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကာ ကျောင်းသား ကျောင်းသူများက တေးသရုပ်ဖော် အကများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

အဆိုပါ စာဖတ်ရှိနိုင်မြှင့်တင်ရေးပွဲတော်ကို ပထမအကြိမ်အဖြစ် ချောင်းဆုံမြို့နယ်၊ ဒုတိယအကြိမ်အဖြစ် မုဒုံမြို့နယ်၊ ယခုတတိယအကြိမ်အဖြစ် ပေါင်မြို့နယ်တို့တွင် ကျင်းပပြုလုပ်ခဲ့ပြီး စတုတ္ထအကြိမ်အနေဖြင့် မော်လမြိုင်မြို့နယ်တွင် ကျင်းပပြုလုပ်သွားမည် ဖြစ်ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

ကယားပြည်နယ်အတွင်း အခြေခံပညာကျောင်းများနှင့် ဌာနဆိုင်ရာရုံး အဆောက်အအုံတည်ဆောက်ရေးလုပ်ငန်းများ အရှိန်အဟုန်မပြတ်ဆောင်ရွက်

လွိုင်ကော် နိုဝင်ဘာ ၁၇

ကယားပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ပြည်နယ်တွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အောင်မြင်စေရေး အလေးထားအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဒေါ်တမ ရပ်ကွက်ရှိ အမှတ် (၅) အခြေခံပညာအထက်တန်းကျောင်း၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေဖြင့် တည်ဆောက်လျက်ရှိသည့် ပေ ၇၀ x ၃၀ RC နှစ်ထပ်စာသင်ဆောင်အသစ် ဆောက်လုပ်လျက်ရှိသည်။

အဆိုပါ ဆောက်လုပ်ရေးလုပ်ငန်းများကို ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအုံမော်နှင့် ပြည်နယ်ဝန်ကြီးများသည် ယနေ့နံနက်ပိုင်းက သွားရောက်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ အချိန်မီပြီးစီးရေးနှင့် သတ်မှတ်စံချိန်စံညွှန်းပြည့်မီရေး အလေးထား ဆောင်ရွက်ကြရန် မှာကြားသည်။

ဆက်လက်၍ အကြိမ်ဖက်သောင်းကျန်းသူများကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဈေးပိုင်းရပ်ကွက်ရှိ စည်ပင်သာယာအဖွဲ့ပိုင် နှစ်ထပ်ဈေးသို့ သွားရောက်ကြည့်ရှုပြီး ပျက်စီးနေသည့် ဈေးအဆောက်အအုံများ ပြန်လည်ပြင်ဆင် တည်ဆောက်နိုင်ရေး ကြံခိုင်မှု အခြေအနေကို စစ်ဆေးဆောင်ရွက်သွားရန်နှင့် ဈေးဆိုင်ခန်းများတွင် ဈေးသူဈေးသားများ ပြန်လည်ဖွင့်လှစ်ရောင်းချနိုင်ရေးအတွက် ဆောင်ရွက်သွားရန် တာဝန်ရှိသူများအား မှာကြားသည်။

ထို့ပြင် ဈေးပိုင်းရပ်ကွက်အတွင်း အကြမ်းဖက်သောင်းကျန်းသူများကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ပြည်သူများ၏ နေအိမ်များအား မြို့အင်္ဂါရပ်နှင့်အညီ အမြင်တင့်တယ်မှုရှိအောင် စနစ်တကျဆောင်ရွက်သွားရန် တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ ကယားပြည်နယ် မြေစာရင်းဦးစီးဌာန၏ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် ပြည်နယ် မြေစာရင်းရုံးပေ ၁၀၀ x ၅၆ RC တစ်ထပ်အဆောက်အအုံသစ် တည်ဆောက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ရုံးသုံးပရိဘောဂများ ပြည့်စုံစွာထည့်သွင်း၍ ရုံးလုပ်ငန်းများ စနစ်တကျဆောင်ရွက်သွားရန်နှင့် ပြည်သူဝန်ဆောင်မှုလုပ်ငန်းများကိုလည်း စနစ်တကျဖြင့် ပြန်လည်ဆောင်ရွက်ပေးသွားရန် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)



အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး ကျောင်းသားလူငယ်ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေး ပညာပေးအစီအစဉ်များကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁၇

အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်သည် ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းပြီး ဖြောင့်မတ်တည်ကြည်မှု ရှိသည့် အသိုက်အဝန်းကို တည်ဆောက်နိုင်ရန် လူငယ်များ၏ အခန်းကဏ္ဍကို မြှင့်တင်ရန်ရည်ရွယ်၍ လူငယ်ကဏ္ဍ အသိပညာပေးလုပ်ငန်းစဉ်များကို ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဖြောင့်မတ်တည်ကြည်သည့် လူအဖွဲ့အစည်းဖြစ်တည်လာစေရန်၊ အများအကျိုး ဆောင်ရွက်ခြင်းနှင့် ကိုယ်ကျိုးရှာခြင်းတို့ကြား ခွဲခြားတွေးတောသည့် အခြေခံစဉ်းစားတွေးခေါ်မှုမှန်ကန်စေရန်အတွက် ဖြောင့်မတ်တည်ကြည်မှု မြှင့်တင်ရေးပညာပေး (Edutainment) အစီအစဉ်များကို အခြေခံပညာမူလတန်းနှင့် အလယ်တန်းအဆင့်တွင် အသိပညာပေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ် တောင်ကြီးမြို့ အခြေခံပညာ အထက်တန်းကျောင်း(ပလီလင်း)တွင် မူလတန်းအဆင့်နှင့် အလယ် တန်းအဆင့် ကျောင်းသား ကျောင်းသူ ၃၇၇ ဦးကို ကော်မရှင်ရုံးခွဲရှိ ဝန်ထမ်းများက ဖြောင့်မတ်တည်ကြည်မှု မြှင့်တင်ရေးပညာပေး အစီအစဉ် (ဆရာကိုင်) စာအုပ်များမှ သင်ခန်းစာပါ အကြောင်းအရာများကိုအခြေခံ၍ အသိပညာပေး ဆွေးနွေး ဆောင်ရွက်ခဲ့ကြောင်းနှင့် ၂၀၂၆-၂၀၂၇ ပညာသင်နှစ် အတွင်း နေပြည်တော်ကောင်စီနယ်မြေအပါအဝင် ရန်ကုန်၊ မန္တလေး၊ တောင်ကြီး၊ မော်လမြိုင်မြို့များနှင့် နီးစပ်ရာမြို့များရှိ အခြေခံ ပညာကျောင်းများ၌ Edutainment အစီအစဉ်များ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ သတင်းစဉ်

ပုဇွန်တောင်မြို့နယ်၌ ကလေးတိုင်း စာဖတ်သူဖြစ်စေရမည် အစီအစဉ်များ ဆောင်ရွက်

ရန်ကုန် နိုဝင်ဘာ ၁၇

ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ “ကလေးတိုင်း စာဖတ်သူဖြစ်စေရမည်” အစီအစဉ်ကို ကလေးစာဖတ်ခန်း၌ ယနေ့မွန်းလွဲပိုင်းက ကျင်းပသည်။

ဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူးက အဆိုပါအစီအစဉ်ကျင်းပပေးရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ကလေးငယ်များအား ဗဟုသုတရဖွယ်နှင့် စိတ်ဝင်စားဖွယ်ကောင်းသော ရုပ်ပြပုံပြင်စာအုပ်များကို အမှုအရာပါပါဖြင့် ဖတ်ပြပေးခဲ့ကာ ပုံပြင်ပါအကြောင်းအရာများနှင့်ပတ်သက်၍ အပြန်အလှန်မေးခွန်းများ မေးမြန်းဆွေးနွေးခြင်း၊ ကလေးငယ်များကိုယ်တိုင် မိမိတို့နှစ်သက်ရာပုံပြင်များကို ပြန်လည်ပြောပြစေခြင်းနှင့် စာအုပ်စာစောင်များကို စိတ်ကြိုက်ရွေးချယ် ဖတ်ရှုစေခြင်းများ ဆောင်ရွက်ပေးခဲ့သည်။ အဆိုပါအစီအစဉ်သို့ အမှတ်(၈) အခြေခံပညာမူလတန်းကျောင်းမှ ကျောင်းသား ကျောင်းသူများ ပါဝင်ခဲ့ကြကြောင်း သိရသည်။

စုယဉ်ချစ်(ပြန်/ဆက်)



ရေရှားမည့်ဘေး ရှောင်ရှားဖို့ ၊ ရေချိုအရင်းအမြစ်များကို ထိန်းသိမ်းစို့



နိုင်ငံစီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ ၎င်းတို့ကို အခြေခံသည့်ကုန်ထုတ်လုပ်ငန်းများ၊ MSME လုပ်ငန်းများအား ချေးငွေထုတ်ချေးပေးလျက်ရှိ

ဘားအံ နိုဝင်ဘာ ၁၇

နိုင်ငံစီးပွား မြှင့်တင်ရေးရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ ၎င်းတို့ကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ၊ MSME လုပ်ငန်းများအား ချေးငွေထုတ်ချေးပေးလျက်ရှိရာ အမှန်တကယ်ထိရောက်မှုရှိပြီး ဒေသ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်လိုကြောင်း၊ ဝမ်းစာဖူလုံပြီး ပို့ကုန်တင်ပို့နိုင်ရေး တောင်သူများ တိုးတက်ထုတ်လုပ်ရန်နှင့် ထုတ်ကုန်အရည်အသွေး မြင့်မားရန်လိုအပ်ကာ အမှန်တကယ်တိုးတက်မှုရှိ/မရှိ အမြဲမပြတ် အကဲဖြတ် သုံးသပ်စောင့်ကြည့်ရန်လို ကြောင်း ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ပြောကြားသည်။

ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ယနေ့နံနက်ပိုင်းက ကျင်းပသည့် ကရင်ပြည်နယ်အစိုးရအဖွဲ့ နိုင်ငံစီးပွားမြှင့်တင်ရေး ပြည်နယ်အဆင့်ကျေးရွာစီမံကိန်းကြီးကြပ်မှုကော်မတီ (၆/၂၀၂၆) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး တွင် ပြည်နယ်ဝန်ကြီးက ယင်းသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

ဆွေးနွေးတင်ပြ

ဆက်လက်၍ ပြည်နယ်အစိုးရအဖွဲ့ ဥက္ကဋ္ဌများက ယခင်အပတ် အစည်းဝေးဆုံးဖြတ်ချက်များအပေါ် လိုက်နာဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍများအလိုက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် လုပ်ငန်းများ တိုးချဲ့လုပ်ကိုင်မှုအခြေအနေများကို ရှင်းလင်းတင်ပြကာ ပြည်နယ်အဆင့် ဌာနဆိုင်ရာများက နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ ပြန်လည်ပေးဆပ်မှု၊ သီးနှံအလိုက် စိုက်ပျိုးထုတ်လုပ်မှု အခြေအနေနှင့် အထွက်နှုန်းများ၊ အသား၊ နို့နှင့် ဥအမျိုးမျိုး တိုးတက်ထုတ်လုပ်နိုင်မှု၊ ချေးငွေရယူနိုင်ရန် ထောက်ခံတင်ပြထားမှု၊ ငါးကဏ္ဍ ဆောင်ရွက်မှုအခြေအနေ၊ ချေးငွေရယူသည့် လုပ်ငန်းများ အမှန်တကယ်တိုးတက်မှုရှိ/မရှိ လိုက်လံကြည့်ရှုအကဲဖြတ်မှုများ၊ မတည်ထောက်ပံ့ငွေ ရယူထားသော သမဝါယမအသင်းများ၏ လုပ်ငန်းတိုးတက်မှုအခြေအနေ၊ သီးနှံစိုက်ပျိုးမှုအပေါ် ချေးငွေရယူရန် အဆိုပြုတင်ပြထားရှိမှုများကို ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌများက သက်ဆိုင်ရာခရိုင်များအလိုက် နိုင်ငံ့စီးပွား မြှင့်တင်ရေးရန်ပုံငွေ ထုတ်ပေးထားရှိမှု၊ ပြန်လည်ကောက်ခံရရှိမှု၊ ကောက်ခံရန် ကျန်ရှိမှုနှင့် အတိုးရရှိမှုအခြေအနေများ၊ ချေးငွေရယူလိုသည့်လုပ်ငန်းများ၊ ဘဏ်လက်ကျန်နှင့် ချေးယူလိုမှုအခြေအနေများကို ဆွေးနွေးတင်ပြကြရာ တက်ရောက်လာသူများက ဝိုင်းဝန်းအကြံပြုဆွေးနွေးတင်ပြကြပြီး ထိုသို့ဆွေးနွေးတင်ပြမှုများအပေါ် ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးကာ နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

စောမျိုးမင်းသိန်း(ပြန်/ဆက်)

ကာတွန်း





ရန်ကုန်တိုင်းဒေသကြီး ဒေါပုံမြို့နယ်တွင် ပြည်တွင်းအခွန်များဦးစီးဌာန မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး၌ ၂၀၂၆–၂၀၂၇ ဘဏ္ဍာနှစ် အခွန်ဆိုင်ရာ အသိပညာပေးရှင်းလင်းပွဲကို နိုဝင်ဘာ ၁၆ ရက်က ကျင်းပစဉ်။ ချစ်စုဝေ(ပြန်/ဆက်)

၂၀၂၇ ခုနှစ် (၇၉)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲများ၊ ၂၀၂၆ ခုနှစ် ဒီဇင်ဘာလလူထုစုပေါင်းလမ်းလျှောက်ပွဲများနှင့် အားကစားလှုပ်ရှားမှုများ အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ရေး ညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁၇

၂၀၂၇ ခုနှစ် (၇၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲများ၊ ၂၀၂၆ ခုနှစ် ဒီဇင်ဘာလ လူထုစုပေါင်းလမ်းလျှောက်ပွဲများနှင့် အားကစားပြိုင်ပွဲများ အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရုံးအမှတ်(၃၁)ရှိအားကစားရေးရာဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးသို့ အားကစားရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမျိုးကျော်သူ၊ ပြည်ထောင်စုအဆင့် ဗဟိုအဖွဲ့အစည်းများနှင့် ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ခံညွှန်ကြားရေးမှူးများက အွန်လိုင်းဖြင့် တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဒုတိယဝန်ကြီးက အားကစားရေးရာဝန်ကြီးဌာနအနေဖြင့် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် နိုင်ငံတကာ အားကစားပြိုင်ပွဲများတွင် အောင်မြင်မှုရရှိရေးတို့ကို ရည်မှန်း ဆောင်ရွက်လျက်ရှိကြောင်း၊ တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်စေရေး အတွက် နှစ်စဉ် ဒီဇင်ဘာလကို လူထု အားကစားလအဖြစ် သတ်မှတ်ပြီး တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် လူထုစုပေါင်း လမ်းလျှောက်ပွဲများ၊ စုပေါင်း ကိုယ်လက်ကြံ့ခိုင်မှု လေ့ကျင့်ခန်း ပြုလုပ်ခြင်းများ၊ ၂၀၂၇ ခုနှစ် (၇၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဝန်ကြီးဌာန ပေါင်းစုံ အားကစားပြိုင်ပွဲများနှင့် ပျော်ပွဲရွှင်ပွဲများကို ကျင်းပ ဆောင်ရွက်ပေးလျက် ရှိကြောင်း၊ လူထုအားလုံးပါဝင်သည့် ဒီဇင်ဘာ လူထုအားကစားလှုပ်ရှားမှုများမှ တစ်ဆင့် အားကစားအရည်အချင်း ရှိသူများကို ရှာဖွေဖော်ထုတ်ပြီး သက်ဆိုင်ရာ အားကစားနည်းများ အလိုက် စနစ်တကျ လေ့ကျင့် ပျိုးထောင် ပေးခြင်းများကို ဆက်လက် ဆောင်ရွက်ပေးသွား မည်ဖြစ်၍ မြန်မာ့အားကစား အဆင့်အတန်း ပိုမိုတိုးတက်မြင့်မား လာစေရေးအတွက် သက်ဆိုင်ရာ ကဏ္ဍအလိုက် ဝိုင်းဝန်းပေါင်းစပ် ပံ့ပိုးကူညီဆောင်ရွက်ပေးသွားရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြား ရေးမှူးချုပ်က ၂၀၂၆ ခုနှစ် ဒီဇင်ဘာလ လူထုစုပေါင်းလမ်း လျှောက်ပွဲများနှင့် ၂၀၂၇ ခုနှစ် (၇၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဝန်ကြီးဌာန ပေါင်းစုံ အားကစားပြိုင်ပွဲများ၊ ပျော်ပွဲရွှင်ပွဲများ ကျင်းပမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြ ပြီး အစည်းအဝေးတက်ရောက် လာသူများက လူထုစုပေါင်းလမ်း လျှောက်ပွဲတွင် ပါဝင်ဆင်နွှဲမည့် ဝန်ထမ်းအင်အား၊ လမ်းလျှောက်ပွဲ ဆောင်ရွက်မည့် အစီအစဉ်၊ ၂၀၂၇ ခုနှစ် (၇၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲများတွင် ပါဝင် ယှဉ်ပြိုင်မည့် အားကစားနည်းများ နှင့် အခြေခံပညာကျောင်းများတွင် ဝန်ကြီးဌာနများအလိုက် တာဝန် ယူဆောင်ရွက်သွားမည့် ပျော်ပွဲ ရွှင်ပွဲများနှင့် အားကစားပြိုင်ပွဲများ ကို သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြရာ ဒုတိယ ဝန်ကြီးက ပြန်လည်သုံးသပ် ဆွေးနွေး၍ နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **သတင်းစဉ်**

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များကို သက်စွန့်ကြိုးပမ်းထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်းတပ်မတော်သားများအား ဂုဏ်ပြုကြိုဆို



နေပြည်တော် နိုဝင်ဘာ ၁၇

နိုင်ငံတော် တည်ငြိမ်ရေးနှင့် နယ်မြေ အေးချမ်းသာယာရေး အတွက် နယ်မြေလုံခြုံရေးတာဝန်များကိုထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်းအခမ်းအနားကို ယနေ့ည နေပိုင်းတွင် တနင်္သာရီတိုင်းဒေသကြီး ခမောက်ကြီးမြို့ရှိ နယ်မြေခံတပ်ရင်းဌာပြုလုပ်ရာ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်နိုင်ရေး၊ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် အသက်အိုးအိမ် စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နယ်မြေ အေးချမ်းသာယာရေး အတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို နေ့မအား၊ ညမနား သက်စွန့်ကြိုးပမ်းတာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန် တပ်မတော်သားများအား တက်ရောက်လာကြသူများက အောင်သပြေခက် ကမ်း၍လည်း ကောင်း၊ အတီး၊ အမှုတ်၊ အဂၤအခုန် များဖြင့်လည်းကောင်း သောင်း သောင်းဖြဖြ ဂုဏ်ပြုကြိုဆိုခဲ့ကြကြောင်း သိရသည်။ သတင်းစဉ်

အွန်လိုင်းလိမ်လည်မှု (Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် မလေးရှားနိုင်ငံသားနှစ်ဦး မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ ထပ်မံလွှဲပြောင်းပေးအပ်



နေပြည်တော် နိုဝင်ဘာ ၁၇

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီ-ရွှေကုက္ကိုလ် နယ်မြေတွင် တရားမဝင်အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် မလေးရှားနိုင်ငံသားနှစ်ဦးအား မြန်မာ-ထိုင်း အမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှုု၍ ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံလွှဲပြောင်းပေးသည်။

အဆိုပါ ပြည်နှင်လွှဲပြောင်းပေးမှု လုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် မြဝတီ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲလင်းမောင်နှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာများနှင့်တွေ့ဆုံကာ စာရင်းဇယား၊ အချက်အလက်များကိုက်ညီမှုရှိရေးနှင့် ပြည့်စုံမှန်ကန်မှုရှိရေးတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထိုသို့ပြည်နှင်လွှဲပြောင်းပေးအပ်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးမင်းစိုးနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ မလေးရှားနိုင်ငံသံရုံးမှ သံရုံးယာယီ တာဝန်ခံ Mr. Hew Tse Hou နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင်လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူများထံသို့ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထား စာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

လွှဲပြောင်းပေးအပ်ရန်ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၀၄၃ ဦးတွင် မြန်မာနိုင်ငံလူဝင်မှုကြီးကြပ်ရေး (လတ်တလော) ပြဋ္ဌာန်းချက်များ အက်ဥပဒေပုဒ်မ ၃(၁)/၁၃(၁)နှင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အပြစ်ပေးအရေးယူခဲ့သည့် ပြည်ပနိုင်ငံသား ၃၆၅ ဦးရှိသည့်အတွက် ကျန်ရှိသည့်ပြည်ပနိုင်ငံသား ၆၇၈ ဦးတို့အား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်



ရွှေကုက္ကိုလ်နယ်မြေဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးမှု။

နေပြည်တော် နိုဝင်ဘာ ၁၇

နိုင်ငံတော် အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အများဆုံးလုပ်ကိုင်ခဲ့သည့် ရွှေကုက္ကိုလ် နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံများ၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ထပ်မံလုပ်ကိုင်နိုင်ခြင်း မရှိစေရန် အဆိုပါအဆောက်အအုံများအား အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများကို စနစ်တကျဆောင်ရွက်လျက်ရှိရာ ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိဖြိုချဖျက်ဆီးရန်ကျန် တရားမဝင်အဆောက်အအုံများအနက် ယာဉ်ယန္တရားများအား အသုံးပြု၍ဖြိုချဖျက်ဆီးလျက်ရှိသည့် ၅ ထပ်အဆောက်အအုံ ၁ လုံးအား ယနေ့အထိ ၅၀ ရာခိုင်နှုန်း ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း၊ ထပ်မံ၍ ၆ ထပ်အဆောက်အအုံ တစ်လုံးအား ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမှုမှာ ယနေ့အထိ ၉၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း သိရှိရသည်။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစား လုပ်ငန်းများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ဖြိုချဖျက်ဆီးရန်ကျန် အဆောက်အအုံ ၆၃ လုံးအား ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ၊ ဖောက်ခွဲ၍ဖြိုချဖျက်ဆီးမည့် အဆောက်အအုံနှင့် လူနေအိမ်များနှင့်မလွတ်ကင်း၍ လူအင်အားအသုံးပြုကာ တစ်လွှာချင်း ဖြိုချဖျက်ဆီးမည့် အဆောက်အအုံဟူ၍ အမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ပြီး စနစ်တကျ ဆက်လက် ဖြိုချဖျက်ဆီးလျက်ရှိရာ ဖောက်ခွဲ၍ဖြိုချမည့် အဆောက်အအုံ ၄ လုံးနှင့် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့်အဆောက်အအုံ ၇ လုံး စုစုပေါင်းအဆောက်အအုံ ၁၁ လုံးတို့ကို စနစ်တကျ ဖြိုချဖျက်ဆီးခဲ့ပြီးဖြစ်ပြီး ကျန်ရှိသည့် တရားမဝင်အဆောက်အအုံ ၅၂ လုံးကိုလည်း စနစ်တကျ ဆက်လက်ဖြိုချဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော် အစိုးရအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ လူမှုစီးပွားနယ်ပယ်နှင့် အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်လာသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ပပျောက်စေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းကာ အပြီးတိုင်လုံးဝပပျောက်သွားစေရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

၁၀၀



ရန်ကုန်ပညာရေးတက္ကသိုလ်နှင့် စစ်ကိုင်းပညာရေးတက္ကသိုလ် ပညာရေးဘွဲ့သင်တန်းဆင်း ဆရာ ဆရာမများ အမျိုးသားပြတိုက်(နေပြည်တော်)၊ တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)နှင့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ သွားရောက်လေ့လာ



နေပြည်တော် နိုဝင်ဘာ ၁၇

ရန်ကုန်ပညာရေး တက္ကသိုလ်နှင့် စစ်ကိုင်းပညာရေးတက္ကသိုလ် ပညာရေးဘွဲ့သင်တန်းဆင်း ဆရာ ဆရာမများသည် ယနေ့မွန်းလွဲပိုင်းတွင် အမျိုးသားပြတိုက် (နေပြည်တော်)၊ တပ်မတော် စစ်သမိုင်းပြတိုက်(နေပြည်တော်) နှင့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော် မြတ်ကြီးသို့ သွားရောက်လေ့လာ ဖူးမြော်ကြသည်။

ဦးစွာ ဆရာ ဆရာမများသည် အမျိုးသားပြတိုက် (နေပြည်တော်) ၌ ခင်းကျင်းပြသထားသည့် မြန်မာ့ကျောက်ခေတ် ယဉ်ကျေးမှု၊ မြန်မာနိုင်ငံ ကျောက်ခေတ်သစ် ယဉ်ကျေးမှု၊ အညာသား ယဉ်ကျေးမှုထွန်းကား ရာဒေသများ၊ နံရံဆေးရေးပန်းချီ များ၊ မြန်မာ့တူရိယာများ သမိုင်း အကျဉ်း၊ ခေတ်အဆက်ဆက် ရုပ်သေးများ၊ တိုင်းရင်းသားရိုးရာ တူရိယာများ၊ ခေတ်အဆက်ဆက် သမိုင်းမှတ်တမ်းများ၊ ရှေးဟောင်း ယဉ်ကျေးမှု အမွေအနှစ်များကို လေ့လာကြည့်ရှုရာ တာဝန်ရှိသူ များက လိုက်လံရှင်းလင်းပြသကြ သည်။

ထို့နောက် တပ်မတော် စစ်သမိုင်းပြတိုက် (နေပြည်တော်) ၌ ခင်းကျင်းပြသ ထားသည့် ပြခန်းများနှင့် ပြင်ပတွင် ခင်းကျင်းပြသ ထားသည့် တပ်မတော်(ကြည်း၊ ရေ၊လေ) တပ်ဖွဲ့များ၏ စစ်သင်္ဘော များ၊ လေယာဉ်များ၊ စစ်လက်နက် ပစ္စည်းများကို လှည့်လည်ကြည့်ရှု လေ့လာကြပြီး သိရှိလိုသည်များ ကို မေးမြန်းကြသည်။

ညနေပိုင်းတွင် ဆရာ ဆရာမ များသည် မာရဝိဇယဗုဒ္ဓရုပ်ပွား တော်မြတ်ကြီးအား သွားရောက် ဖူးမြော်ကြည်ညိုကာ ဗုဒ္ဓဥယျာဉ် အတွင်းရှိကျောက်စာရုံစေတီတော် များနှင့်သာသနိကအဆောက်အအုံ များကို ဖူးမြော်လေ့လာကြည်ညိုခဲ့ ကြောင်း သိရသည်။ သတင်းစဉ်

တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ပျဉ်းမနားမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်၊ ဒက္ခိဏသီရိမြို့နယ်နှင့် တပ်ကုန်းမြို့နယ်တို့မှ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ သွားရောက်လေ့လာ

နေပြည်တော် နိုဝင်ဘာ ၁၇

နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ တပ်မတော်၏ စီစဉ်ဆောင်ရွက်မှုဖြင့် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)၌ ကျောင်းသား ကျောင်းသူများ လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ (နေပြည်တော်) ပျဉ်းမနားမြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) (သစ်ဆိမ့်ပင်) (အရှေ့)၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) (ဆင်သေ)၊ အခြေခံပညာ အထက်တန်းကျောင်း (ခွဲ)(မီးဖြူပင်)၊ ပုဗ္ဗသီရိမြို့နယ်ရှိ ခေတ်ရှေ့ဆောင် ကိုယ်ပိုင် အထက်တန်းကျောင်း၊ ရင်သွေးပျိုးခင်း ကိုယ်ပိုင်ကျောင်း၊ ကောင်းလျှို့ကိုယ်ပိုင်အလယ်တန်းကျောင်း၊ တပ်ကုန်းမြို့နယ်ရှိ မဟာဗောဓိ ကိုယ်ပိုင်ကျောင်း၊ အခြေခံပညာ မူလတန်း(လွန်) ကျောင်း(သပြေကုန်း)နှင့် ဒက္ခိဏသီရိမြို့နယ်မှ အခြေခံပညာမူလတန်း(လွန်)ကျောင်း (ကျောက်ခဲအင်း)၊ အခြေခံပညာမူလတန်း(လွန်)ကျောင်း(ရဲဒဲ)၊ အခြေခံပညာမူလတန်းကျောင်း (ကျွဲသဲ)၊ မြတ်ပညာအောင် ကိုယ်ပိုင်ကျောင်း တို့မှ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် တပ်မတော် စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ သွားရောက် လေ့လာကြသည်။



လေ့လာကြည့်ရှု

ဦးစွာ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် တပ်မတော် စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ ရောက်ရှိကြပြီး တပ်မတော် (လေ)ပြင်ပပြကွက်တွင် ခင်းကျင်းပြသထားသော ခေတ်အဆက်ဆက် အသုံးပြုခဲ့သည့် တပ်မတော်လေယာဉ်များကိုလည်းကောင်း၊ တပ်မတော် (ရေ)ပြင်ပပြကွက်တွင် ခင်းကျင်းပြသထားသည့် စစ်ရေယာဉ်ပုံစံတူများ၊ စစ်လက်နက်ပစ္စည်းများကိုလည်းကောင်း စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုကြပြီး အမှတ်တရဓာတ်ပုံများ ရိုက်ကြသည်။

ထို့နောက် တပ်မတော်(ကြည်း) ပြခန်းဆောင်တွင် ခေတ်အဆက်ဆက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်များ၏ ရုပ်တုများနှင့် မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှု လေ့လာကြပြီး မြန်မာ့တပ်မတော် သမိုင်းမှတ်တမ်းရုပ်ရှင်ကို ကြည့်ရှုကြသည်။ ထို့နောက် ပြတိုက် တာဝန်ရှိသူများက လာရောက် လေ့လာကြသော ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမ များအတွက် မှန်များကို ပေးဝေကြ သည်။

ယင်းနောက် ပြတိုက်တာဝန် ရှိသူက ပြတိုက်သမိုင်း၊ ရည်ရွယ် ချက်နှင့် ပြတိုက်အတွင်း ကဏ္ဍ အလိုက် ပြခန်း၊ ပြကွက်များ ပြသထားမှုတို့ကို လိုက်လံရှင်းလင်း ပြသကြသည်။ ထို့နောက် ကျောင်း သား ကျောင်းသူများနှင့် ဆရာ ဆရာမများက ပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ပြခန်း များအား စိတ်ပါဝင်စားစွာ လှည့်လည်လေ့လာကြည့်ရှု လေ့လာ၍ သိရှိလိုသည်များကို မေးမြန်း ကြရာ ပြခန်းတာဝန်ရှိသူများက ဖြန်လည် ရှင်းလင်းဖြေကြား ပေးသည်။

ဆက်လက်၍ ယနေ့လေ့လာ မှတ်သားခဲ့သည့် ဗဟုသုတများကို ဉာဏ်စမ်း ပဟေဠိပြိုင်ပွဲကျင်းပ ပြုလုပ်ကာ မေးခွန်းများကို မှန်ကန် စွာဖြေဆိုနိုင်သော ကျောင်းသား ကျောင်းသူများအား ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆု နှင့် အထူးဆုများ ပေးအပ်ချီးမြှင့် ကြပြီး ပြတိုက်တာဝန်ရှိသူများက ဖြန်လည်ထွက်ခွာမည့် ကျောင်း သား ကျောင်းသူများနှင့် ဆရာ ဆရာမများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ယခုကဲ့သို့ လေ့လာရေးအစီ အစဉ်များကို ကျောင်းသား လူငယ်များအနေဖြင့် မျိုးချစ် စိတ်ဓာတ် ရှင်သန်ထက်မြက်လာ စေရန်၊ ကျောင်းပြင်ပဗဟုသုတ များရရှိစေပြီး သင်ရိုးညွှန်းတမ်း ပါ သင်ခန်းစာများကို စာတွေ့ အပြင် လက်တွေ့ ယှဉ်တွဲလေ့လာ နိုင်စေရန်၊ လွတ်လပ်ရေး ကြိုးပမ်း မှုကာလနှင့်အတူ ယှဉ်တွဲ ပေါ်ပေါက်လာသည့် မြန်မာ့ တပ်မတော်၏ အဆင့်ဆင့် ပြောင်းလဲတိုးတက်လာခဲ့မှု အခြေ အနေများကို သိရှိစေရန်၊ မျက်မှောက်ကာလတွင် ဖွဲ့စည်း ထားရှိသည့် တပ်မတော်လက်ရုံး တပ်ဖွဲ့အသီးသီး၏ သမိုင်းကြောင်း လုပ်ငန်းတာဝန်နှင့် စွမ်းဆောင် နိုင်ခဲ့မှုများကို သိရှိစေရန်နှင့် အနာဂတ် ကာလများတွင် နိုင်ငံတော်ကို ဦးဆောင်ကြမည့် မျိုးဆက်သစ် လူငယ်လူရွယ်များ အနေဖြင့် မိမိနိုင်ငံ၏ သမိုင်း ကြောင်းဆိုင်ရာ အချက်အလက် များကို လေ့လာသိရှိထားခြင်း အားဖြင့် အနာဂတ်ဘဝလျှောက် လှမ်းမှုကို အထောက်အပံ့ဖြစ် စေရန် ရည်ရွယ်၍ ဆောင်ရွက်ပေး ခြင်းဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ပင်လောင်းမြို့နယ်၌ မက္ကဒေးမီးယား စိုက်ပျိုးပြုစုထိန်းသိမ်းခြင်းသင်တန်း ဖွင့်လှစ်

ပင်လောင်း နိုဝင်ဘာ ၁၇

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ်တွင် မက္ကဒေးမီးယား စိုက်ပျိုးပြုစုထိန်းသိမ်းခြင်း သင်တန်းကို ယမန်နေ့နံနက်ပိုင်းက စိုက်ပျိုးရေးဦးစီးဌာန အစည်းအဝေး ခန်းမ၌ ပြုလုပ်သည်။

သင်တန်းဖွင့်ပွဲတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခွန်ဝင်း နောင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌတို့က အမှာ စကားပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန နှစ်ရှည်သီးနှံဌာနခွဲ (နေပြည်တော်) ဦးစီးအရာရှိက သင်တန်းဖွင့်လှစ်ရသည့် ရည်ရွယ်ချက် များ၊ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက မက္ကဒေးမီးယား စိုက်ပျိုးခြင်းမှ ရရှိသည့်အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားကြ သည်။

အဆိုပါသင်တန်းသို့ သင်တန်းသားစိုက်ပျိုးရေးတောင်သူ ၃၆ ဦး တက်ရောက်ပြီး သင်တန်းတွင် နည်းပြဆရာများက မက္ကဒေးမီးယား မျိုးရွေးချယ်ခြင်းနှင့် စိုက်ပျိုးမှုနည်းစနစ်များ၊ မြေအမျိုးအစားနှင့် ရာသီဥတု ရွေးချယ်စိုက်ပျိုးခြင်း၊ အသီးအထွက်တိုးရန် ဆောင်ရွက်ရမည့် နည်းလမ်းများ၊ အသီးကောက်ယူစုဆောင်းခြင်းလုပ်ငန်းများနှင့် ထိန်းသိမ်း ပြုစုနည်းများကို သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



ရန်ကုန်တိုင်းဒေသကြီး ပန်းဘဲတန်းမြို့နယ် အခွန်ဦးစီးဌာနမှူးရုံး၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် တည်ဆဲအခွန်ဥပဒေအရ လိုက်နာဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အခွန်ဆိုင်ရာအသိပညာပေး ရှင်းလင်း ဆွေးနွေးပွဲကို နိုဝင်ဘာ ၁၆ ရက်က ကျင်းပရာ မြို့နယ်အခွန်ဦးစီးဌာနမှူး က အခွန်ဆိုင်ရာသိသင့်သိထိုက်သည်များကို ရှင်းလင်းဆွေးနွေးစဉ်။

မြို့နယ်(ပြန်/ဆက်)



နိုင်ငံဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

၂၀၂၆ ခုနှစ် နိုဝင်ဘာလအတွင်း (၁-၁၁-၂၀၂၆ ရက်နေ့မှ ၁၅-၁၁-၂၀၂၆ ရက်နေ့အထိ) ဝန်းကျင်လေထုအရည်အသွေးလေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

မြန်မာနိုင်ငံတစ်ဝန်းရှိ ဝန်းကျင်လေထုအရည်အသွေးအခြေအနေကို လေ့လာဆန်းစစ်နိုင်ရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်များရှိ သတ်မှတ် Sampling Point နေရာများတွင် ဝန်းကျင်လေထုအရည်အသွေးကို Environmental Perimeter Air Station (EPAS) – Haz-Scannen Air Quality Monitoring Station (AQM-65)၊ Scentroid (SL – 50 Scential)၊ Aeroqual (Series – 500 Portable Air Quality Monitor)၊ AQMesh (Dust Analyzer – 1941150)၊ (Gas Analyzer – 1940150)၊ Portable Beta Attenuation Mass Monitor (BAM 1022)၊ Air Quality Monitoring Station (AQMS) နှင့် Continuous Particulate Monitor များအသုံးပြု၍ Particulate Matter 2.5 ($PM_{2.5}$)၊ Particulate Matter 10 (PM_{10})၊ Sulphur Dioxide (SO_2)၊ Nitrogen Dioxide (NO_2)၊ Ozone (O_3) နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter များကို ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

စဉ်	ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်များတွင် တိုင်းတာသည့်နေရာ	တိုင်းတာသည့် Parameter များ					
		၂.၅ မိုက်ခရွန် အရွယ် ရှိသော အမှုန် အမွှားများ	၁၀ မိုက်ခရွန် အရွယ် ရှိသော အမှုန် အမွှားများ	ဆာလ်ဖာဒိုင် အောက်ဆိုက်	နိုက်ထရိုဂျင်ဒိုင် အောက်ဆိုက်	အိုဇုန်း	ကာဗွန် မိုနောက် ဆိုက်
၁	နေပြည်တော်						
၁	ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်	လက်ခံနိုင်သော	ကောင်းမွန်	_	ကောင်းမွန်	_	ကောင်းမွန်
၂	ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်	ကောင်းမွန်					
၂	ရန်ကုန်တိုင်းဒေသကြီး						
၁	ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့	လက်ခံနိုင်သော	ကောင်းမွန်				
၂	အပြည်ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်းဇုန်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့	လက်ခံနိုင်သော	ကောင်းမွန်				
၃	ဒဂုံမြို့နယ်၊ ရန်ကုန်မြို့	လက်ခံနိုင်သော	ကောင်းမွန်				
၄	သာကေတမြို့နယ်၊ ရန်ကုန်မြို့	ကောင်းမွန်	_	_	_	ကောင်းမွန်	_
၅	ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့	_	_	_	_	ကောင်းမွန်	_
၃	မန္တလေးတိုင်းဒေသကြီး						
၁	အမရပူရမြို့နယ်၊ မန္တလေးမြို့	ကောင်းမွန်					
၂	အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့	လက်ခံနိုင်သော	ကောင်းမွန်	_	ကောင်းမွန်	_	
၃	ပုသိမ်ကြီးမြို့နယ်၊ မန္တလေးမြို့	လက်ခံနိုင်သော	ကောင်းမွန်				
၄	ညောင်ဦးမြို့	လက်ခံနိုင်သော	ကောင်းမွန်				
၅	ကျောက်ဆည်မြို့	ကောင်းမွန်					
၆	ပြင်ဦးလွင်မြို့	လက်ခံနိုင်သော	ကောင်းမွန်				
၇	မိတ္ထီလာမြို့	ကောင်းမွန်					
၄	စစ်ကိုင်းတိုင်းဒေသကြီး						
၁	မုံရွာမြို့	လက်ခံနိုင်သော	ကောင်းမွန်				
၅	တနင်္သာရီတိုင်းဒေသကြီး						
၁	ထားဝယ်မြို့	ကောင်းမွန်					
၂	ကော့သောင်းမြို့	လက်ခံနိုင်သော	ကောင်းမွန်				
၆	ပဲခူးတိုင်းဒေသကြီး						
၁	ပဲခူးမြို့	လက်ခံနိုင်သော	ကောင်းမွန်				
၂	တောင်ငူမြို့	ကောင်းမွန်					
၃	ပြည်မြို့	ကောင်းမွန်					
၄	သာယာဝတီမြို့	ကောင်းမွန်				လက်ခံနိုင်သော	ကောင်းမွန်
၇	မကွေးတိုင်းဒေသကြီး						
၁	မကွေးမြို့	ကောင်းမွန်					
၂	သရက်မြို့	_	ကောင်းမွန်	_	ကောင်းမွန်	_	ကောင်းမွန်
၈	ရောဝတီတိုင်းဒေသကြီး						
၁	ပုသိမ်မြို့	ကောင်းမွန်					
၂	ဖျာပုံမြို့	ကောင်းမွန်					
၉	ကချင်ပြည်နယ်						
၁	မြစ်ကြီးနားမြို့	လက်ခံနိုင်သော	ကောင်းမွန်				
၁၀	ကယားပြည်နယ်						
၁	လွိုင်ကော်မြို့	ကောင်းမွန်	_	ကောင်းမွန်	_	ကောင်းမွန်	
၁၁	ကရင်ပြည်နယ်						
၁	ဘားအံမြို့	ကောင်းမွန်					
၂	မြဝတီမြို့	ကောင်းမွန်					
၁၂	မွန်ပြည်နယ်						
၁	မော်လမြိုင်မြို့	ကောင်းမွန်					
၂	သထုံမြို့	လက်ခံနိုင်သော	ကောင်းမွန်				
၃	ချောင်းဆုံမြို့	လက်ခံနိုင်သော	ကောင်းမွန်				
၁၃	ရှမ်းပြည်နယ်						
၁	တောင်ကြီးမြို့	လက်ခံနိုင်သော	ကောင်းမွန်				
၂	ကျိုင်းတုံမြို့	လက်ခံနိုင်သော	_	_	_	_	_
၃	တာချီလိတ်မြို့	လက်ခံနိုင်သော	_	_	_	_	_

လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index – AQI)

0–50	လေထုအရည်အသွေးကောင်းမွန်သောအဆင့်
51–100	လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့်အဆင့်
101–150	ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့်
151–200	ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့်
201–300	ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့်
301–500	ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့်

လေထုအမှုန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှုအခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ ပူပြင်းခြောက်သွေ့မှုကြောင့် ဖုန်မှုန့်ပျံ့လွှင့်မှု၊ စက်ရုံများမှ ထုတ်လွှတ်အိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေးတိုင်းတာသည့်နေရာအနီးဝန်းကျင် အခြေအနေတို့အပေါ်မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေးရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

*** အာဆီယံကလပ်မှ**

ပွဲစဉ်ရေးဆွဲထားမှုအရ အုပ်စုပွဲများကို တစ်ကျော့တည်းသာ ကျင်းပမည်ဖြစ်ပြီး အုပ်စုခြောက်ပွဲကို အိမ်ကွင်းသုံးပွဲ၊ အဝေးကွင်းသုံးပွဲ ကစားရမည်ဖြစ်သည်။

ရှမ်းယူနိုက်တက်အသင်းသည် ပါဆစ်အသင်းနှင့် အုပ်စုပထမပွဲကစားပြီးပါက ကျန်အုပ်စု ငါးပွဲကို ဒီဇင်ဘာလတွင် နှစ်ပွဲ၊ ၂၀၂၇ ခုနှစ် ဖေဖော်ဝါရီလတွင် တစ်ပွဲ၊ မတ်လတွင် တစ်ပွဲ၊ ဧပြီလတွင် တစ်ပွဲ ထပ်မံကစားရမည်ဖြစ်သည်။

သတင်း - ရွှိုင်းထက်ဇော်
ဓာတ်ပုံ - စိုးညွှန့်သော်

ရေကြည်လင်မှ စိတ်အေးချမ်း၊ ရေချိုထိန်းမှ ကမ္ဘာစိမ်းလန်း

မကွေးမြို့၌ "PUBG Mobile MAGWAY Junior's Cup 2026" Esport ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

မကွေး နိုဝင်ဘာ ၁၇

မြန်မာနိုင်ငံ အီလက်ထရောနစ် အားကစားအဖွဲ့ချုပ်၏ ဦးဆောင်မှု၊ မကွေးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မကွေးခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်မှုကော်မတီတို့၏ ပူးပေါင်းကူညီမှုတို့ဖြင့် မြန်မာနိုင်ငံ အခြေခံပညာကဏ္ဍတွင် ပထမဆုံးအကြိမ်အဖြစ် "PUBG Mobile MAGWAY Junior's Cup 2026" Esports ပြိုင်ပွဲကို ယမန်နေ့ နံနက်ပိုင်းက မကွေးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

ကြည့်ရှုအားပေး

ပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်ကိုကိုက အမှာစကားပြောကြားပြီး ပြိုင်ပွဲဝင်အသင်းများ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးသည်။



မွန်းလွဲပိုင်းတွင် ဆုချီးမြှင့်ပွဲ ဆက်လက်ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ရှိသူများနှင့်အတူ Champion ဆုရရှိသည့် မြို့သစ်မြို့နယ် ကိုယ်စားပြုအသင်း၊ ဒုတိယဆုရရှိသည့် သရက်မြို့နယ် ကိုယ်စားပြုအသင်း၊ တတိယဆုရရှိသည့် အောင်လံမြို့နယ် ကိုယ်စားပြုအသင်းတို့ကို ဆုများပေးအပ်ခဲ့ကြောင်း သိရသည်။

မောင်နိုင်မင်း(ပြန်/ဆက်)

❁ အာရုဖလားမှ

စတုတ္ထနေ့တွင် မြန်မာအသင်းနှင့် ကမ္ဘောဒီးယားအသင်းတို့ တစ်ဂိုးစီသရေကျပြီး အင်ဒိုနီးရှားအသင်းက အာဖဂန်နစ္စတန်အသင်းကို လေးဂိုးပြတ်အနိုင်ရရှိသည်။ မြန်မာအသင်းသည် ကမ္ဘောဒီးယားအသင်းကို အနိုင်ကစားနိုင်ပါက နောက်ဆုံးပွဲအထိ ခြေစစ်ပွဲအောင်မြင်ခွင့် မျှော်လင့်နိုင်မည်ဖြစ်သော်လည်း သရေကျခဲ့သဖြင့် ခြေစစ်ပွဲအောင်မြင်ခွင့်ဆုံးရှုံးခဲ့သလို အင်ဒိုနီးရှားအသင်းမှာလည်း လက်ကျန်တစ်ပွဲအလိုတွင် စောစီးစွာ ခြေစစ်ပွဲအောင်မြင်ခဲ့သည်။

မြန်မာအသင်းသည် ခြေစစ်ပွဲအောင်မြင်ရေးမျှော်လင့်ချက်အတွက် မဖြစ်မနေ အနိုင်ရရန်လိုအပ်သဖြင့် ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားရန် ကြိုးပမ်းသော်လည်း ကမ္ဘောဒီးယားအသင်း၏ ရုန်းကန်မှုကြောင့် ခက်ခက်ခဲခဲ ကစားခဲ့ရသည်။ သုံးပွဲဆက်အရေးနိမ့်ထားသည့် ကမ္ဘောဒီးယားအသင်း၏ မထင်မှတ် သည့်ရုန်းကန်မှုကြောင့် မြန်မာအသင်း ထင်တိုင်းမပေါက်ဖြစ်ခဲ့ပြီး ပွဲအစကိုးမိနစ်မှာပင် ဘိုသီက ပြစဒဏ်ဘောကို တိုက်ရိုက်ကန်သွင်းကာ ဦးဆောင်ဂိုးရယူခဲ့သည်။ မြန်မာအသင်းသည် ချေပဂိုးရရန် တောက်လျှောက် ကြိုးပမ်းသော်လည်း မျှော်လင့်သလို ဖြစ်မလာဘဲ မိနစ် ၉၀ မှ ချေပဂိုးပြန်ရခဲ့သည်။ မြန်မာအသင်းအတွက် ချေပဂိုးကို ပြစဒဏ်ဘောမှ တစ်ဆင့် အသင်းခေါင်းဆောင် အောင်မြတ်သာက ခေါင်းတိုက်သွင်းယူခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်း ချေပဂိုးရရှိမှု နောက်ကျသဖြင့် အနိုင်ဂိုးသွင်းမယူနိုင်ဘဲ တစ်ဂိုးစီသရေရလဒ်ဖြင့် ပြီးဆုံးခဲ့သည်။

အုပ်စု(A) စတုတ္ထနေ့အပြီးတွင် အင်ဒိုနီးရှားအသင်းက သုံးပွဲကစား ကိုးမှတ်၊ အာဖဂန်နစ္စတန်အသင်းက သုံးပွဲကစား ခြောက်မှတ်၊ မြန်မာအသင်းက သုံးပွဲကစား လေးမှတ်၊ ဖိလစ်ပိုင်အသင်းက သုံးပွဲကစား သုံးမှတ်၊ ကမ္ဘောဒီးယားအသင်းက ပွဲကုန်လေးပွဲကစား တစ်မှတ်ရရှိသည်။ အင်ဒိုနီးရှားအသင်းသည် မြန်မာအသင်းနှင့် ကစားရန် ကျန်သေးသော်လည်း အာဖဂန်နစ္စတန်အသင်းနှင့် ထိပ်တိုက်တွေ့ဆုံမှုတွင် အနိုင်ရထားသဖြင့် ကိုးမှတ်စီတူညီလျှင်ပင် အသာရထားပြီး ဖြစ်သောကြောင့် နှစ်သင်းထိပ်တိုက်တွေ့ဆုံမှုစည်းမျဉ်းအရ နောက်ဆုံးပွဲမတိုင်မီ ခြေစစ်ပွဲအောင်မြင်ခဲ့ခြင်းဖြစ်သည်။

အုပ်စု(A) နောက်ဆုံးနေ့ကို နိုဝင်ဘာ ၂၀ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး သုဝဏ္ဏကွင်း၌ မြန်မာအသင်းနှင့် အင်ဒိုနီးရှားအသင်း၊ စတားစီးတီးကွင်း၌ အာဖဂန်နစ္စတန်အသင်းနှင့် ဖိလစ်ပိုင်အသင်းတို့ ကစားမည်ဖြစ်သည်။

သတင်း – ကိုညီလေး၊ ဓာတ်ပုံ – MFF

❖ ၂၀၂၆ မှ

အားကစားရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးကျော်သူ၊ မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးရဲနိုင်၊ တပ်မတော်မှ အဆင့်မြင့်အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အရာထမ်း၊ အမှုထမ်းများနှင့် မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ်မှ တာဝန်ရှိသူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဘော်လီဘောပြိုင်ပွဲ အမျိုးသမီးအကြိုဗိုလ်လုပွဲ ပွဲစဉ်များအဖြစ် ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် ပညာရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းနှင့် အားကစားရေးရာဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက သုံးပွဲပြတ်ဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

ဘော်လီဘောပြိုင်ပွဲ အမျိုးသားအကြိုဗိုလ်လုပွဲ ပွဲစဉ်များအဖြစ် ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက သုံးပွဲ – နှစ်ပွဲဖြင့်လည်းကောင်း၊ အားကစားရေးရာဝန်ကြီးဌာနအသင်းနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အားကစားရေးရာဝန်ကြီးဌာနအသင်းက သုံးပွဲ– တစ်ပွဲဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

နိုဝင်ဘာ ၁၈ ရက် နံနက် ၉ နာရီတွင် "၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုဘော်လီဘောပြိုင်ပွဲ" အမျိုးသမီးတတိယလုပွဲ ပွဲစဉ်အဖြစ် ပညာရေးဝန်ကြီးဌာနအသင်းနှင့် အားကစားရေးရာဝန်ကြီးဌာနအသင်း၊ အမျိုးသားတတိယလုပွဲ ပွဲစဉ်အဖြစ် ပြည်ထဲရေးဝန်ကြီးဌာနအသင်းနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအသင်းတို့ ဆက်လက် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ပြီး အဆိုပါတတိယလုပွဲပွဲစဉ်များကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ရုပ်သံလိုင်းများဖြစ်သည့် MRTV HD၊ MRTV Sports Channel နှင့် MRTV Entertainment တို့တွင် တိုက်ရိုက် (Live) ရိုက်ကူးထုတ်လွှင့် ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



၂၀၂၆ ခုနှစ် ဆောင်းရာသီလူထုလှုပ်ရှားမှု အားကစားပြိုင်ပွဲအဖြစ် ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ

ကသာ နိုဝင်ဘာ ၁၇

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့တွင် ၂၀၂၆ ခုနှစ် ဆောင်းရာသီလူထုလှုပ်ရှားမှုအားကစားပြိုင်ပွဲအဖြစ် ရပ်ကွက်/ကျေးရွာအုပ်စုပေါင်းစုံ ပိုက်ကျော်ခြင်းပြိုင်ပွဲကို ယနေ့နံနက်ပိုင်းက ဇရာရွှေလီခန်းမ၌ ကျင်းပသည်။

အဆိုပါ ရပ်ကွက်/ကျေးရွာအုပ်စုပေါင်းစုံ ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထင်ကျော်က အမှာစကားပြောကြားပြီး ပြိုင်ပွဲကျင်းပရေးကော်မတီ၊ ဒိုင်အဖွဲ့ ဦးကျော်ကျော်ဦးက ပြိုင်ပွဲစည်းကမ်းချက်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ကသာမြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာအုပ်စုများမှ ပိုက်ကျော်ခြင်းအသင်း ၁၆ သင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ အုပ်စုပတ်လည် အားကစားပြိုင်ပွဲတွင် B–W အားကစားအသင်းနှင့် ပန်းပဲကုန်းအားကစားအသင်းတို့ ယှဉ်ပြိုင်ကြရာ ပန်းပဲကုန်းအားကစားအသင်းက B–W အားကစားအသင်းကို အနိုင်ရရှိခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

ပြင်ဦးလွင်မြို့၌ အခြေခံနှင့် မူမ်းမံ လူသုံးကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းဆင်းပွဲ ကျင်းပ

ပြင်ဦးလွင် နိုဝင်ဘာ ၁၇

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့၌ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစု ဝင်ငွေတိုးရေးစီမံကိန်း၊ အမျိုးသမီးများ ဝင်ငွေတိုးတက်ရေးအတွက် ဆောင်ရွက်မည့် လုပ်ငန်းအခြေခံနှင့် မွမ်းမံ လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းဆင်းပွဲနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ပွဲကို ယနေ့ နံနက်ပိုင်းက ရပ်ကွက်ကြီး(၆) ရှိ မြနန်းတော်ဟိုတယ်ခန်းမဆောင်၌ ကျင်းပသည်။

ဦးစွာ ပြင်ဦးလွင်ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး မန္တလေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးက စီမံကိန်းလုပ်ငန်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် ပြင်ဦးလွင်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ပြင်ဦးလွင်ခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် မန္တလေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးတို့က ထူးချွန်သင်တန်းသူများအား သုံးစွဲခွင့်ပေးမည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



သာစည်မြို့နယ် လျှပ်စစ်မန်နေဂျာရုံးလက်အောက်ရှိ ဓာတ်အားပေးမှု အခြေအနေများ၊ ခွဲရုံများ ကြည့်ရှုစစ်ဆေး

သာစည် နိုဝင်ဘာ ၁၇

မန္တလေးတိုင်းဒေသကြီး မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ ဦးဆောင်သော ရုံးချုပ်မှအဖွဲ့သည် နိုဝင်ဘာ ၁၅ ရက်က သာစည်မြို့နယ် လျှပ်စစ်စွမ်အင်နေဂျာရုံးလက်အောက်ရှိ ဓာတ်အားပေးမှုအခြေအနေများ၊ ခွဲရုံများကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများနှင့်တွေ့ဆုံ၍ လိုအပ်သည်များမှာကြားသည်။

ဦးစွာ ဥက္ကဋ္ဌနှင့်အဖွဲ့သည် သာစည်မြို့နယ် လျှပ်စစ်စွမ်အင်နေဂျာရုံးလက်အောက်ရှိ 33 KV ဓာတ်အားလိုင်းမှ ဓာတ်အားဖြန့်ဖြူးပေးနေသော ဝမ်းသာကျေးရွာနှင့် ဟံဇာကျေးရွာတို့မှ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ မီးကော်မတီအဖွဲ့ဝင်များနှင့်တွေ့ဆုံ၍ တရားမဝင်ဓာတ်အားချိတ်ဆက်အသုံးပြုမှုရှိ/မရှိ၊ ကျေးရွာပြည်သူများထံမှ ဌာနဝန်ထမ်းများငွေကြေးအလွဲသုံးမှုရှိ/မရှိနှင့် အဆိုပါကျေးရွာများရှိ ရက်ကန်းရုံများ ဓာတ်အားသုံးစွဲမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားကာ 33/11KV,1.25x2 Nos ဟံဇာခွဲရုံကို စစ်ဆေးသည်။

ထို့နောက် သာစည်မြို့နယ် လျှပ်စစ်မန်နေဂျာရုံးဝန်ထမ်းများနှင့် တွေ့ဆုံ၍ လျှပ်စစ်ဓာတ်အားပေးချိန်နှင့် ဖြတ်တောက်ချိန်များကို တိကျစွာဆောင်ရွက်ကြရန်၊ လျှပ်စစ်ဓာတ်အားပြတ်တောက်မှုမရှိစေရန်နှင့် 33/11KV,10MVA မြို့မဓာတ်အားခွဲရုံအတွင်း စစ်ဆေးပြီး လိုအပ်သည်များမှာကြားခဲ့ကြောင်း သိရသည်။

ထွန်းထွန်း(သာစည်)



ရေချိုစိမ့်စမ်း မခန်းစေဖို့၊
သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့

မူပိုင်ခွင့်ဆိုင်ရာမေတ္တာရပ်ခံအသိပေးခြင်း

၁။ ပြန်ကြားရေးခံကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် အကျိုးအမြတ်ရယူခြင်းမရှိသော နိုင်ငံပိုင် ပြည်သူ့ဝန်ဆောင်မှုမီဒီယာဖြစ်သည်နှင့်အညီ (Free to Air – FTA)ဖြင့် အခမဲ့ ထုတ်လွှင့်လျက်ရှိရာ (MRTV-HD Channel)နှင့် (MRTV Entertainment Channel)တို့မှ အများပြည်သူများ ပျော်ရွှင်မှုဖြစ်စေရန်၊ အပန်းဖြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် အပတ်စဉ် သောကြာနေ့ည များတွင် Friday Night Live Show ဖျော်ဖြေရေးအစီအစဉ်များကို ဆန်းသစ်တင်ဆက်လျက်ရှိပါသည်။

၂။ မကြာခဏ တန်ဆောင်တိုင်ကာလသို့ ရောက်ရှိမည်ဖြစ်၍ (၂၀-၁၁-၂၀၂၆)ရက်၊ သောကြာနေ့ညတွင် တန်ဆောင်တိုင်ပွဲတော်ကာလနှင့် သက်ဆိုင်သည့် မြန်မာသံ/ မြန်မာဟန်တေးသီချင်းများကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဏ် ခေတ်ပေါ်တေးကိတ်အပွဲ၊ မြန်မာဆိုင်းဝိုင်းကြီးအပွဲတို့နှင့် တွဲဖက်၍ ပြင်ပအဆိုရှင်များ စုပေါင်းသီဆို ဖျော်ဖြေမည့် **"အတွန်မယ် ကထိန်ပွဲ"** တေးကိတဖျော်ဖြေပွဲ ခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်မည်ဖြစ်၍ အောက်ပါ တေးသီချင်းများအား အခမဲ့ အသုံးပြုမည်ဖြစ်ကြောင်း မူပိုင်ခွင့်ရှိသူများအား လေးစားစွာဖြင့် မေတ္တာရပ်ခံ အသိပေးအကြောင်းကြားပါသည်-

(၂၀-၁၁-၂၀၂၆)ရက်နေ့တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အစီအစဉ်မှ "အတွန်မယ် ကထိန်ပွဲ" တေးကိတဖျော်ဖြေပွဲ ခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်မည့် တေးသီချင်း(၁၀)ပုဒ်

စဉ်	သီချင်းအမည်	အဆိုရှင်
၁။	ယက္ခန်းသံ	ဖြင်ပအဆိုရှင်
၂။	အတွန်မယ်ကထိန်ပွဲ	ဖြင်ပအဆိုရှင်
၃။	ပွဲတော်ည	ဖြင်ပအဆိုရှင်
၄။	ကထိန်အလှူ	ဖြင်ပအဆိုရှင်
၅။	မဟာဘုံကထိန်	ဖြင်ပအဆိုရှင်
၆။	ကထိန်သက်နံး	ဖြင်ပအဆိုရှင်
၇။	ပန်သောဆု	ဖြင်ပအဆိုရှင်
၈။	ရွာဟန်	ဖြင်ပအဆိုရှင်
၉။	ဘုံကထိန်ပွဲကြီး	ဖြင်ပအဆိုရှင်
၁၀။	မွန်မြတ်သောအလှူ	ဖြင်ပအဆိုရှင်

အမည်မှန်

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ငန်းတေးရပ်ကွက်နေ (၁၁) ဦးငွေသိန်း၏သား အမည်မှန်မှာ ဦးမိုးမြင့်သိန်း (၁၀/မလမ (နိုင်)၀၀၅၈၄၄) ဖြစ်ပါကြောင်း။

ဦးမိုးမြင့်သိန်း

မိဘအမည်မှန်

မန္တလေးတိုင်း ဒေသကြီး၊ သာစည်မြို့နယ်၊ အမဂ(ခွဲ) ထိန်ကန်ကြီး Grade-5 မှ မအေးအေးမိုး၏ မိဘအမည်မှန်မှာ ဖခင် ဦးအုန်းလွင် (၉/ သစ၀ (နိုင်) ၁၀၆၅၇၂၂)နှင့် မိခင် ဒေါ်စန္ဒာဝင်း (၉/ဟဘန (နိုင်) ၃၁၈၈၁၁) ဖြစ်ပါကြောင်း။

ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးထွန်းထွန်းဦး၊ (၁/တဘန(နိုင်) ၁၂၄၂၂၂) ကိုင်ဆောင်သော သင်္ဘောသားလုပ်သက် စာအုပ် အမှတ် (ရန်-၄၃၅၉/၁၁) ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

Ph: 09-420300007

အမည်မှန်

မန္တလေးတိုင်း ဒေသကြီး၊ သာစည်မြို့နယ်၊ အလက-မြင်းခြံ Grade-7မှ အဖ ဦးမြင့်အောင်(၉/သစန(နိုင်) ၀၃၄၀၈၇) ၏သား မောင်ဇင်မျိုးထက်၏ အမည်မှန်မှာ မောင်စွမ်းထက်အောင် ဖြစ်ပါကြောင်း။

စာအုပ်စာပေလူမှီတ်ဆွေ

"ကန့်ကွက်နိုင်ကြောင်း အများသိစေရန်အသိပေးကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ သဃိန်းကျွန်းမြို့နယ်၊ (၁၆/ဉ)ရပ်ကွက်၊ ကုံကော် ရိပ်သာလမ်း၊ အမှတ်(၃၇၅) အကျယ်အဝန်း (၁၈ပေ×၅၄ ပေ)ရှိ (၆)လွှာတိုက်ခန်းနှင့် ၎င်းတို့ကိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ဝယ်ရရှိပိုင်ဆိုင်သူ Myanmar Soe Yadanar Construction Co.,Ltd ကန်ထရိုက်တာ ဦးကိုကို [၁/ဗဟန(နိုင်)၀၀၃၆၅၉]မှ ယွဲ့ခြင်းငှါးရောင်းချရန် စကားကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ် တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်၊ သို့ဖြစ်ရာ ဖော်ပြပါတိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်မှစာရွက်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံ လူကိုယ်တိုင်လာရောက်ကန့်ကွက်ပြင်ဆင်ရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ-
ခေါ်သိတ္ထိုး (LL.B)
အထက်တန်းရှေ့နေ (စဉ်- ၅၇၀၃၆)
အမှတ်(၅၈၅၅)၊ သံသုဓာလမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း- ၀၉-၇၃၈၁၂၆၆၆

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ ကြည်ဖြူ သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၄)၊ မြေကွက်အမှတ် (၁၈၂၃/၁)ဟူသော ဦးဝင်းမြင့်ဦး၏ အမွေဆက်ခံစားခွင့်ရှိသူများ၊ အကျယ်အဝန်း (၁၀'×၆၀') မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူ ပိုင်ဆိုင်ထားပြီး၊ အဂ္ဂိသရာကင်းရှင်းစွာဖြင့် ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးဝင်းထွန်း[၁/ဥကမ(နိုင်)၁၃၃၁၁၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးသန်းနိုင်ဦး၊ ၈/ရစက(နိုင်)၁၃၇၇၉၂]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသည်။ သို့ဖြစ်၍ အဆိုပါမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း နိုင်ငံသော စာချုပ်စာတမ်း အထောက် အထားရှင်းများနှင့်တကွ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်း မရှိပါက အရောင်းအဝယ်ကို ပြီးမြောက်သည်အဆိုတွင် ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ခေါ်ဝေါဝေါ (LL.B)
အထက်တန်းရှေ့နေ (စဉ်-၁၀၇၉၇)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၅၉၇)
အမှတ်(၃၃/၅၉)၊ ပထမထပ်၊ ဝါဝါဝေးလမ်း၊ (၂)ရပ်ကွက်၊ ဓနဖြူကုန်းမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း- ၀၉-၄၂၀၉၁၈၈၊ ၀၉-၇၂၆၆၇၇၉၉

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ ကြည်ဖြူ သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၄)၊ မြေကွက်အမှတ် (၁၈၂၃/၁)ဟူသော ဦးဝင်းမြင့်ဦး၏ အမွေဆက်ခံစားခွင့်ရှိသူများ၊ အကျယ်အဝန်း (၁၀'×၆၀') မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး၊ အဂ္ဂိသရာကင်းရှင်းစွာဖြင့် ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးဝင်းထွန်း[၁/ဥကမ(နိုင်)၁၃၃၁၁၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးသန်းနိုင်ဦး၊၈/ရစက(နိုင်)၁၃၇၇၉၂]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသည်။ သို့ဖြစ်၍ အဆိုပါမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း နိုင်ငံသော စာချုပ်စာတမ်း အထောက် အထားရှင်းများနှင့်တကွ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်း မရှိပါက အရောင်းအဝယ်ကို ပြီးမြောက်သည်အဆို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ခေါ်ဝေါဖြဲဖြဲဆွေး (LL.B, LL.M)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၅၉၇)
အမှတ်(၃၃/၅၉)၊ ပထမ၊ အခန်း(၃)၊ Strand Condo၊ ဗဟာမဠိလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၂၅၄၆၀၁၅

ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ငွေတော်ကျီကုန်းရပ်ကွက်၊ အကွက်အမှတ်(၁၆)၊ ဦးပိုင်အမှတ်(၄၇)၊ ၆၅x ၆၇ကြား၊ ၁၂၀လမ်းနှင့် ပရိတောင်ချောင်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်ရန် ကျားဂျင်ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၁၉၄၉/၂၀၂၆) ဖြင့် ဝယ်ယူခဲ့သူ ဦးချိန်မိန်[၁၃/ကခန(နိုင်)၀၃၉၄၀၃] က အမွေတွဲအမှတ် (၃၅၀၉/၂၀၂၆-၂၀၂၇)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **ဖြူပြစ်ခံကိန်းနှင့်မြေစိမ်ခန့်ခွဲပွဲဌာန**
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (၀)ရပ်ကွက်၊ အကွက်အမှတ် (၉-၂)၊ ဦးပိုင်အမှတ် (၆၆)၊ ၇၁x၇၂ ကြား၊ ၁၁၇x၁၁၈ လမ်းကြားရှိ ဦးခင်မောင် အမည်ပေါက် တောဂရန်မြေကွက်အား အမွေဆက်ခံစာချုပ်အမှတ် (၁၂၄၄/၂၀၂၆)ဖြင့် အမွေဆက်ခံခဲ့သော ဒေါ်တင်ဆန်း [၉/မနမ(နိုင်) ၀၆၈၀၀၉] ဒေါ်အေးအေးမြင့် [၉/မနမ(နိုင်) ၀၆၈၀၁၉] တို့က တော ဂရန်စာချုပ်နှင့်အတူ အမွေတွဲအမှတ် (၃၅၀၇/၂၀၂၆-၂၀၂၇)ဖြင့် တောမှမြို့ပြောင်း သက်တမ်းတိုး အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက် အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

ဖြူပြစ်ခံကိန်းနှင့်
မြေစိမ်ခန့်ခွဲပွဲဌာန
မန္တလေးမြို့တော်
စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၄)၊ မြေကွက်အမှတ်(၇၀၃)၊ မြေကွက်တည်နေရာအမှတ်(၇၀၃)၊ နဂရတ်(၁)လမ်း၊ (၄၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ဦးမြင့်သိန်း (BGE-၀၀၄၁၉၅) အမည်ပေါက် နှစ်(၆၀) ဂရန်နှင့်မြေအား အမည်ပေါက် ဦးမြင့်သိန်း (BGE-၀၀၄၁၉၅)အား တရားပြိုင်ထားကာ ဦးစိုးသက်နိုင်၊ ဦးဓေယျာဆောင်တို့မှ တရားလိုပြုလုပ်၍ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် တရားရုံးတော်၌ တရားမကြီးမှု အမှတ်(၄၀၂၂/၂၀၂၆)ဖြင့် ပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ် စာချုပ် ချုပ်ဆိုရေးစေလိုမှုဖြင့် တရားစွဲဆိုခဲ့ခြင်းအပေါ် အရှင်းဒီကရီချမှတ်သည့် (စ-၅-၂၀၂၆)ရက်စွဲပါ စီရင်ချက်၊ ဒီကရီနှင့် တရားဖောရီမှုအမှတ် (၉၀/၂၀၂၆)တို့အရ တရားရုံးကိုယ်စား တရားရုံး ဘီလစ် ဒေါ်လွဲခိုင် [၁၃/တကန(နိုင်)၀၀၃၄၁၉]မှ တရားရုံးအမိန့်များ၊ တရားရုံး ဘီလစ် ခန့်စာ၊ ဂရန်၊ နိုင်ကတိတို့တင်ပြ၍ အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက် အထားများဖြင့် ဤကြော်ငြာပါသည့် နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက် နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာပါသည်။

ဌာနမှူး(ဇတိယညွှန်ကြားရေးမှူးချုပ်)
ဖြိုပြဖြစ်ခံခန့်ခွဲပွဲဌာန
ရန်ကုန်မြို့တော်
စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ ကြည်ဖြူ သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၄)၊ မြေကွက်အမှတ် (၁၈၂၃/၁)ဟူသော ဦးဝင်းမြင့်ဦး၏ အမွေဆက်ခံစားခွင့်ရှိသူများ၊ အကျယ်အဝန်း (၁၀'×၆၀') မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး၊ အဂ္ဂိသရာကင်းရှင်းစွာဖြင့် ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးဝင်းထွန်း[၁/ဥကမ(နိုင်)၁၃၃၁၁၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးသန်းနိုင်ဦး၊၈/ရစက(နိုင်)၁၃၇၇၉၂]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသည်။ သို့ဖြစ်၍ အဆိုပါမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း နိုင်ငံသော စာချုပ်စာတမ်း အထောက် အထားရှင်းများနှင့်တကွ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်း မရှိပါက အရောင်းအဝယ်ကို ပြီးမြောက်သည်အဆို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ခေါ်ဝေါဖြဲဖြဲဆွေး (LL.B, LL.M)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၅၉၇)
အမှတ်(၃၃/၅၉)၊ ပထမ၊ အခန်း(၃)၊ Strand Condo၊ ဗဟာမဠိလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၂၅၄၆၀၁၅

ကန့်ကွက်နိုင်ကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃိန်းကျွန်းမြို့နယ်၊ (ဆ/က)ရပ်ကွက်၊ ကျွန်းကဆိုဘုရားလမ်း၊ အမှတ်(၁၃)နေ တရားပြိုင် ဦးချစ်ခင်နှင့် ဒေါ်ခင်အေးရီ (ယခုနေရပ်လိပ်ပြာစာသည်)သိစေရမည်။

သင်တို့အပေါ်၌ တရားလို့က **"ပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ် စာချုပ် ချုပ်ဆိုပေးစေလို့မူ"** ဖြင့် လျှောက်ထားခဲ့ဆိုသည်ဖြစ်၍ သင်ကိုယ်တိုင် ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပငြောင်ဆို့နိုင်သူ သင်၏ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ သင့်ကိုယ်စား ရှုံးတော်အခွင့်အမိန့်ရ ရှေ့နေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင် သည့်အချက်များကို ချေပငြောင်ဆိုနိုင်သူ တစ်ဦးတစ်ယောက်ဖြစ်စေ၊ ၎င်းရေ့နေ နှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ ဒီဇင်ဘာလ (၃)ရက် (၁၃၈၈-ခုနှစ်၊ တန်ဆောင်မုန်း လဆုတ် ၉ ရက်) မွန်းမတည့်မီ (၁၀း၀၀)နာရီတွင် အထက်အမည် ရေးသားပါရှိသူ တရားလို၏ အဆိုလွှာကို ထုရေးရွှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် သင်တို့သိစေရမည်မှာ အထက်ပါနေ့တွင် သင်တို့မလာရောက် ဂျူကြွက်ခဲ့လျှင် သင်တို့မျက်ကွယ်ယင်္ဂုင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်တို့က ထုရေ့ာင်ပြ အဖို့ပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့၏ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်သပ်ပိုင်ပိုင်ရမည်။ သင်တို့က ထုရေ့ာင်ထုတ်ပြသွင်းလိုပါလျှင် အမှုမဆိုင်မီ (၄)ရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ (၁၇)ရက်တွင် ဤရုံးတော်တက်ဆိုပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(နေမျိုးဆော်)
တွဲဖက်မြို့နယ်တရားသူကြီး(၁)
သဃိန်းကျွန်းမြို့နယ်တရားရုံး

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး။ လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ်၊ (၂၀)ရပ်ကွက်၊ ချွေမြို့မ (၄)လမ်း အိမ်အမှတ်(၁၇၉၄/၁၀)၊ မြေတိုင်းအမှတ်-သကမ(၁၇)ဟူသော်တွင်သော ဦးတင်ဝင်း အမည်ပေါက် မြေအကျယ် (၃၀x၆၀)ပေ ပါမစ်မြေကွက်၏ ၎င်းမြေပါမစ်မှရလိုးမှာ ပျောက်ဆုံးသွားခဲ့ပြီး ယင်းမြေကွက်အား ဆက်ခံစာချုပ်မူရင်းများဖြင့် ဦးဆန်းလှိုင်မှ ဝယ်ယူ ပိုင်ဆိုင်ခဲ့သည်မှာမှန်ကန်ကြောင်း ဦးဆန်းလှိုင်၏ လွှဲအပ်ညွှန်ကြားချက် အရ အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးခင်မောင်တင် (တရားလွှတ်တော်ရှေ့နေ) (စဉ်- ၁၄၂၆၄)
အမှတ်-၀၆၀/၁၀ ရွှေဝါထွန်း (၁)လမ်း၊ (၁၂)ရပ်ကွက်
လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်။ ဖုန်း- ၀၉-၄၇၁၂၃၀၆၆

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံးဥပဒေအမိန့်- ၅၅၊ နည်းဥပဒေ-၂၀)
သဃိန်းကျွန်းမြို့နယ်တရားရုံး
၂၀၂၆-ခုနှစ်၊ တရားမကြီးမှုအမှတ် (၄၀)

ခေါ်မြင့်မြင့်သိန်း (ငင်း၏အခွင့်ရကိုယ်စားလှယ် ခေါ်ဝိုင်းပိုင်းဖြင့်) နှင့် ၁။ ဦးချစ် ၂။ ခေါ်ဝင်းအေးရီ (အတွေ့နေလင်မယား)

(တရားလို) **(တရားပြိုင်များ)**

ရန်ကုန်တိုင်းဒေသကြီး၊ သဃိန်းကျွန်းမြို့နယ်၊ (ဆ/က)ရပ်ကွက်၊ ကျွန်းကဆိုဘုရားလမ်း၊ အမှတ်(၁၃)နေ တရားပြိုင် ဦးချစ်ခင်နှင့် ဒေါ်ခင်အေးရီ (ယခုနေရပ်လိပ်ပြာစာသည်)သိစေရမည်။

သင်တို့အပေါ်၌ တရားလို့က **"ပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ် စာချုပ် ချုပ်ဆိုပေးစေလို့မူ"** ဖြင့် လျှောက်ထားခဲ့ဆိုသည်ဖြစ်၍ သင်ကိုယ်တိုင် ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ် တို့ကို ချေပငြောင်ဆို့နိုင်သူ သင်၏ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ သင့်ကိုယ်စား ရှုံးတော်အခွင့်အမိန့်ရ ရှေ့နေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင် သည့်အချက်များကို ချေပငြောင်ဆိုနိုင်သူ တစ်ဦးတစ်ယောက်ဖြစ်စေ၊ ၎င်းရေ့နေ နှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ ဒီဇင်ဘာလ (၃)ရက် (၁၃၈၈-ခုနှစ်၊ တန်ဆောင်မုန်း လဆုတ် ၉ ရက်) မွန်းမတည့်မီ (၁၀း၀၀)နာရီတွင် အထက်အမည် ရေးသားပါရှိသူ တရားလို၏ အဆိုလွှာကို ထုရေးရွှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် သင်တို့သိစေရမည်မှာ အထက်ပါနေ့တွင် သင်တို့မလာရောက် ဂျူကြွက်ခဲ့လျှင် သင်တို့မျက်ကွယ်ယင်္ဂုင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်တို့က ထုရေ့ာင်ပြ အဖို့ပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့၏ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်သပ်ပိုင်ပိုင်ရမည်။ သင်တို့က ထုရေ့ာင်ထုတ်ပြသွင်းလိုပါလျှင် အမှုမဆိုင်မီ (၄)ရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ (၁၇)ရက်တွင် ဤရုံးတော်တက်ဆိုပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(နေမျိုးဆော်)
တွဲဖက်မြို့နယ်တရားသူကြီး(၁)
သဃိန်းကျွန်းမြို့နယ်တရားရုံး

⁂ M-League မှ

ယင်းနှစ်သင်းသည် ချန်ပီယံဆုအတွက် အပြိုင်ဖြစ်နေသည့်အပြင် နောက်ဆုံးပွဲတွင်လည်း ထိပ်တိုက်တွေ့ဆုံနေသဖြင့် ပွဲစဉ်(၂၅)တွင် နိုင်ပွဲကိုယ်စီရပါက ထိပ်တိုက်တွေ့ဆုံမည့် ပွဲစဉ်(၂၆)မှာ အဆုံးအဖြတ်ဖြစ်လာမည် ဖြစ်သည်။ ပွဲစဉ်(၂၅)တွင် ရန်ကုန်ယူနိုက်တက်အသင်းက ဟံသာဝတီယူနိုက်တက်အသင်း၊ အား/ကာသိပ္ပံအသင်းက ရန်ကုန်စီးတီးအသင်းနှင့် ကစားရမည်ဖြစ်သည်။ ရမှတ်အနေအထားအရ ပွဲစဉ်(၂၅)မှာပင် ချန်ပီယံအသင်း ထွက်ပေါ်နိုင်ခြေရှိသော်လည်း ထိပ်တိုက်တွေ့ဆုံမည့် နောက်ဆုံးပွဲမှ အဖြေထွက်ပေါ်နိုင်မည့်အနေအထားက ပိုအလေးသာနေသည်။

ဖယ်ပေးခဲ့ရ

ရန်ကုန်ယူနိုက်တက်အသင်းသည် လူငယ်လိဂ်ပြိုင်ပွဲများတွင် အောင်မြင်မှုများနှင့် ဝေးကွာနေမှုကို အဆုံးသတ်ရမည် ဖြစ်သလို အား/ကာသိပ္ပံအသင်းကလည်း ချန်ပီယံဆုအတွက် ပိုမိုအားထုတ်ရမည့်အခြေအနေဖြစ်နေသည်။ အား/ကာသိပ္ပံအသင်းသည် အချိန်ကာလအများစုတွင် ဦးဆောင်နိုင်သော်လည်း ဒုတိယအကျော့ တစ်ဝက်ကာလတွင် အမှတ်များဆုံးရှုံးခဲ့သဖြင့် ဦးဆောင်သူနေရာမှ ဖယ်ပေးခဲ့ရခြင်းဖြစ်သည်။

ယခုရာသီ M-League ယူ-၂၀ လူငယ်လိဂ်ပြိုင်ပွဲမှာ နိုဝင်ဘာ ၂၈ ရက်တွင် ပြီးဆုံးမည်ဖြစ်ပြီး ချန်ပီယံဆုအဆုံး အဖြတ်ဖြစ်လာနိုင်သည့် အား/ကာသိပ္ပံအသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်းပွဲကို နောက်ဆုံးပွဲအဖြစ် ကျင်းပမည်ဖြစ်သည်။

သတင်း - ညီမြတ်သော်တာ
ဓာတ်ပုံ - M-League

စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ဓာတ်ခွဲခန်းသုံးစက်ပစ္စည်းများ ဝယ်ယူတပ်ဆင်ခြင်း ဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ စက်မှုကြီးကြပ်ရေးဌာနမှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေစင်းအသုံးစရိတ်ဖြင့် ဝယ်ယူမည့် စက်ပစ္စည်းများရှိပါသဖြင့် ပြည်ထောင်စုတိုင်းရင်းသား လုပ်ငန်းရှင်များမှ အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

Item	လုပ်ငန်းတည်နေရာ	လုပ်ငန်းအမည်
Lot-1	အမှတ်(၃၅)၊ ကျိုက်ဝိုင်းဘုရားလမ်းနှင့် မင်းဓမ္မလမ်းထောင့်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး	အမျိုးသားအဆင့် သံ၊ သံမဏိဓာတ်ခွဲခန်းသုံး စက်ပစ္စည်း (၁၆)မျိုး ဝယ်ယူတပ်ဆင်ခြင်း လုပ်ငန်း
Lot-2	အမှတ်(၃၅)၊ ကျိုက်ဝိုင်းဘုရားလမ်းနှင့် မင်းဓမ္မလမ်းထောင့်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး	အမျိုးသားအဆင့် ဘိလပ်မြေဓာတ်ခွဲခန်းသုံး စက်ပစ္စည်း (၃၁)မျိုး ဝယ်ယူတပ်ဆင်ခြင်း လုပ်ငန်း
Lot-3	ဦးပိုင်အမှတ် (၁၄၄+၁၄၅) (၁၃၆x၁၃၇) လမ်းကြား၊ (၅၉)လမ်း၊ (၈၂)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးစက်မှုဇုန်၊ မန္တလေးတိုင်းဒေသကြီး	ဒေသဆိုင်ရာ သံ၊ သံမဏိ ဓာတ်ခွဲခန်းသုံး စက်ပစ္စည်း (၉)မျိုး ဝယ်ယူတပ်ဆင်ခြင်း လုပ်ငန်း

(က) တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - (၁၈-၁၁- ၂၀၂၆) ရက် (ရုံးချိန်အတွင်း)
(ခ) တင်ဒါဖိတ်မည့်ရက်နှင့်အချိန် - (၂-၁၂-၂၀၂၆) ရက်နေ့ (၁၆:၀၀)နာရီ
(ဂ) တင်ဒါဖေးသွင်းရမည့်နေရာ - ညွှန်ကြားရေးမှူးချုပ်ရုံးခန်း၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ ရုံးအမှတ်(၃၇)၊ နေပြည်တော်

၂။ တင်ဒါစည်းကမ်းချက်များနှင့် တင်ဒါပုံစံများကို ဖော်ပြပါလိပ်စာ၌ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး တင်ဒါစည်းကမ်းချက်များနှင့်အညီ အိတ်ဖွင့်တင်ဒါအဆိုပြုလွှာ တင်သွင်းရမည်ဖြစ်ပါသည်။
၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း (၀၆၇-၄၀၈၃၉၊ ၀၆၇-၄၀၈၂၉၁) သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါလက်ခံရေးနှင့်စီစစ်ရေးကော်မတီ
စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန

အများသိရေးနှင့်တန်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(၉၀)၊ပန်းသစ်လမ်း၊ မြေကွက်အမှတ်-(၃၈၅)၊ဟုဒေါ်တွင်သော အလျား၊အနှံ့(၄၀x၈၀)ပေရှိ မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာ ရေးကော်မတီ မြို့ပြပြစီမံခန့်ခွဲမှုဌာနရှိ ဦးညီစောရင်းတွင် ဒေါ်လှမြင့်အမည်ပေါက် နှစ်(၆၀)ကျော်မြောက်မြင့်ပြီး၊ ထို အလျား၊အနှံ (၄၀x၈၀)ပေ ဂရန်နှစ်ခုပေါက်ရောက်နှင့် နေအိပ်ခရီးသွားပါအပ် အိမ်ခြံမြေနှင့်ပတ်သက်သော အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အပည်ပေါက်ပိုင်ခွင့်ထံမှ နှစ်ဦးသဘောတူ အဆင့်ဆင့်ဆက်ခံစားချစ်ခင်ခွင့် ဝယ်ယူထားသူ ဒေါ်ခိုင်ခိုင်(၁၂/ဥကမ(နိုင်)၁၈၈၄၄)မှ လက်ရှိထားပိုင်ဆိုင် ရောင်းချခွင့်ရှိကြောင်း၊ ဝန်ခံကတိပြုလွှာက် အပြီးအပိုင်လွှဲပြောင်း ရောင်းချမှုနှင့် ကမ်းလှမ်းခြင်းကို ကျွန်ုပ်ဝါမိတ်ဆွေများမှ ဒေါ်ခိုင်ခိုင်(၁၂/ကမန(နိုင်)၀၃၉၃၀၄)ကို တစ်စိတ်တစ်ဒေသကို ရစ်လှည့်ပြောင်းရွှေ့ပြီး ကန့်ကွက်ရန်ရှိပါက ဤကြေညာပါသည် နေ့မနက် (၇)ရက်အတွင်း ကျွန်ုပ် ထံ သို့ ပိုင်ဆိုင်မှုစာရွက်စာတမ်း၊ မူရင်းအပြည့် အရင်ဖြင့် လာရောက် ကန့်ကွက်နိုင်ပါကြောင်း နှင့် ကန့်ကွက်ရန်မရှိပါကအထက်ဖော်ပြပါ "နှစ်ဦးသဘောတူ အိမ်ခြံမြေအပြီးအပိုင်ရောင်းအပေး"ကို ဥပဒေနှင့်အညီ ပြီးဆုံးအောင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာ အပ်ပါသည်။

ဒေါ်လှကျူးထံသို့အပ်ညွှန်ကြားချက်အရ-
ဒေါ်ဝင်ဝင်ထွန်း (LL.B)၊ တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၀၆၉)
အမှတ်(၁၂/ဒမစ)၊ ဇောင်းကျောက်ဆရာလမ်း၊ ဒွေဖြေးကြဲတိုဘွဲ့သစ်(မြောက်ဥက္ကလာပမြို့နယ်)၊ ဝဋ္ဌ-၂၆၁၁၀၁၃၄၄

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃)၊ (၉)ရပ်ကွက်၊ နဂနဲ့သီတာပန်းခြံလမ်း၊ မြေကွက်အမှတ် (၅၅၈/က) ဟုခေါ်တွင်သော ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြန့်ခြစီမံခန့်ခွဲမှုဌာနရှိ ဦးလှဝေးအမည်ပေါက် နှစ်(၆၀)ကျော်မြောက်မြင့်ပြီး၊ ထို အလျား၊အနှံ (၄၀x၈၀)ပေရှိ နှစ် (၆၀) ဂရန်မြေကွက်နှင့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ဒေါ်ခင်သန်းမူ (၁၂/ဗဟန(နိုင်)၀၈၀၁၈၄)မှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်သည်။ အဆိုပါအရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဦးပိုင်သော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ကျွန်ုပ်၏မိတ်ဆွေအကြီးအကဲ ဦးဆုံးရောင်းချသူ ဒေါ်ခင်ဝင်းထွန်းထံသို့ ပြည့်စုံသော စာရွက်စာတမ်းများ ပေးအပ်ပြီးနောက် ကျွန်ုပ်ဝါမိတ်ဆွေ ဦးဆုံးရောင်းချသူ ဒေါ်ခင်ဝင်းထွန်းထံမှ ငွေသားအပြည့်အဝ ရရှိပြီးနောက် ဤကိစ္စနှင့် ပတ်သက်၍ ကျွန်ုပ်ဝါမိတ်ဆွေများ ဦးဆုံးရောင်းချသူ ဒေါ်ခင်ဝင်းထွန်းမှ ကျွန်ုပ်ဝါမိတ်ဆွေ ဦးဆုံးဝယ်ယူသူ ဒေါ်ခိုင်ခိုင်(၁၂/ကမန(နိုင်)၀၃၉၃၀၄)သို့ ပြန်လည်ရောင်းချလိုက်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ခိုင်ခိုင်(၁၂/ကမန(နိုင်)၀၃၉၃၀၄)
ဒေါ်ခင်ဝင်းထွန်း
ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(၉၀)၊ပန်းသစ်လမ်း၊ အိမ်အမှတ်-(၃၈၅)

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

